# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၄ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက် ၊ သောကြာနေ့ ၊ (18-11-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၂၀၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒွါဒသမအစည်းအဝေး ဒုတိယနေ့ ကျင်းပ



အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒွါဒသမအစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပစဉ်။

**ရန်ကုန် နိုဝင်ဘာ ၁၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒွါဒသမအစည်းအဝေးဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဇမဟာရဋ္ဌဂုရု အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ သာသနာရေးဦးစီးဌာနနှင့်သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

**စာမျက်နှာ ၁၇ ကော်လံ ၁ ⇒**

**ယနေ့ထုတ် ရတနာပုံနေ့စဉ်သတင်းစာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းသည့် အမိန့်ကြော်ငြာစာ၊ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်နှင့် ပြစ်မှုဆိုင်ရာအမှုများကို ပိတ်သိမ်းခြင်းများ ဖော်ပြထားသည့် အချပ်ပို ၁၆ မျက်နှာပါရှိပါသည်။**

**နိုဝင်ဘာ ၁၇ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ၄၅ ဦး တွေ့ရှိ**

စာမျက်နှာ － ၁၉


ASEAN TOURISM AWARDS(2022)၏ ASEAN MICE Venue Standardတွင် Exhibition Venue Awardရရှိခဲ့သော

မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင် ရတနာပုံ ခန်းမ

ရရှိနိုင်သောဝန်ဆောင်မှုများ

ဖိုရမ်များ၊ဆွေးနွေးပွဲများ၊အလုပ်ရုံဆွေးနွေးပွဲများ၊အစည်းအဝေးများ၊
ရှင်ပြုရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊မင်္ဂလာဆောင်ပွဲများ၊မွေးနေ့ပွဲများ၊
အထိမ်းအမှတ်ညစာစားပွဲများ၊ ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊
နိုင်ငံတကာကုန်စည်ပြပွဲများ၊ အငြိမ့်ပွဲ ၊ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊
အလှဓာတ်ပုံရိုက်ကူးခြင်းများ အတွက် ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။
(၇၈)လမ်းနှင့် (၃၈)လမ်းထောင့်၊မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း - ၀၂-၄၀၃၀၄၃၈၊ ၀၂-၄၀၃၀၄၃၉၊၀၉-၆၆၇၈၉၉၉၉၁၊ ၀၉-၆၆၇၈၉၉၉၉၂



ရတနာပုံ
၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၈ ရက်
အယ်ဒီတာ့အာဘော်

# တက္ကသိုလ်ပညာရပ်များသင်ယူ၍ ဘဝအဆင့် တက်လှမ်းပါ

တက္ကသိုလ်နေ့သင်တန်းပထမနှစ် (ပထမနှစ်ဝက်) ဝင်ခွင့်ရ ကျောင်းသား၊ ကျောင်းသူများစာရင်းကို သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် ကြေညာပေးထားပြီးဖြစ်သည်။ ထို့ပြင် ပထမနှစ် (ပထမနှစ်ဝက်) သင်တန်းများကို နိုဝင်ဘာ ၂၁ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် နိုဝင်ဘာ ၁၀ ရက်မှစ၍ ဒီဇင်ဘာ ၉ ရက်ထိ လက်ခံဆောင်ရွက်ပေးနေပြီဖြစ်သည်။ ထို့ကြောင့် ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအနေဖြင့် မိမိတို့၏ဘဝတက်လမ်းအတွက် ပညာသင်ယူနိုင်စေရန် ကျောင်းဝင်မှတ်ပုံတင်ခြင်းကို အချိန်မီဆောင်ရွက်ကြရန်လိုပေသည်။

ယနေ့လူငယ်၊ နောင်ဝယ်လူကြီးဆိုရမည့် ကျောင်းသား၊ ကျောင်းသူများကို အနာဂတ်တွင် ပညာစွမ်း၊ သတ္တိစွမ်း၊ စိတ်ဓာတ်စွမ်းတို့ဖြင့် ဘဝခရီးကို ရင်ဆိုင်ကျော်လွှားနိုင်ရေးအတွက် ပညာဆက်လက်သင်ယူကြရမည်ဖြစ်သည်။ အတတ်ပညာ၊ အသိပညာများဖြင့်သာ မိသားစုဘဝ၊ လူမှုဘဝများကို မြှင့်တင်နိုင်သည်ဖြစ်ရာ နိုင်ငံတစ်နိုင်ငံ၊ တိုင်းပြည်တစ်ပြည်၊ လူ့အဖွဲ့အစည်းတစ်ခုသည်လည်း ပညာဖြင့်သာ မြင့်မားတိုးတက်လာစေမည်ဖြစ်သည်။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သောကြောင့် ပညာတတ်မှ၊ စာတတ်မှသာ လူများအလယ်တွင် တင့်တယ်လူရာဝင်မည်ဖြစ်သကဲ့သို့ နိုင်ငံတကာတွင်လည်း ဝင်ဆံ့စေမည်ဖြစ်သည်။ ထို့ကြောင့် ပညာရပ်များကို အချိန်တိုတိုအတွင်း မြန်မြန်ရယူနိုင်ရန် နည်းအမျိုးမျိုးဖြင့် ကြိုးစားသင်ယူတတ်မြောက်ရမည်ဖြစ်သည်။ မိမိ၏ဘဝအတွက်၊ နိုင်ငံတော်၏အနာဂတ်အတွက် အခြေခံအကျဆုံးလိုအပ်ချက်မှာ ပညာရေးဖြစ်သည်။

ထို့ပြင် ပညာရေးဟူသည် ဘဝကို ရှေ့ဆောင်နိုင်သောလမ်းပြကြယ်ဖြစ်သည်။ ပညာတတ်မှ ဘဝအတွက် အာမခံချက်ရှိမည်ဖြစ်သည်။ ထို့ကြောင့် ကလေးဘဝမူကြိုကျောင်းမှစ၍ အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းသင်ယူတတ်မြောက်ရေး ထိုမှတစ်ဆင့် အဆင့်မြင့်ပညာသင်ယူနိုင်အောင် တက်လှမ်းနိုင်ရေးတို့သည် လူငယ်လူရွယ်များ၏အနာဂတ်ဘဝအတွက် အဓိကကျသော ကြိုးစားအားထုတ်မှုပင်ဖြစ်သည်။

ယခုအခါ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ ကျောင်းသား၊ ကျောင်းသူများကို သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များက ပထမနှစ်(ပထမနှစ်ဝက်) သင်တန်းများ တက်ရောက်နိုင်ရန် ကျောင်းဝင်မှတ်ပုံတင်ခေါ်ယူနေခြင်းသည် မိမိတို့အတွက် အခွင့်ကောင်းတစ်ရပ်ဖြစ်သကဲ့သို့ ဘဝတက်လမ်းလှေကားထစ်တစ်ခုလည်းဖြစ်ပေသည်။

အဆိုပါတက္ကသိုလ်ပညာရပ်သည် အတန်းပညာတစ်ခုတည်းကိုသာမက လူမှုဆက်ဆံရေးအတွက်ပါ အတွေ့အကြုံရရှိစေရန် မိမိတို့ဘဝ ရပ်တည်မှုအတွက် သင်ကြားလေ့ကျင့်ပေးနေခြင်းပင်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်က ပညာရေးကို အထူးဦးစားပေး ဆောင်ရွက်ပေးနေချိန်ဖြစ်သဖြင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူ လူငယ်လူရွယ်များက မိမိတို့ဘဝ တိုးတက်မြင့်မားရေးအတွက် ခွင့်သာခိုက်မှာ နေပူတုန်းစပါးလှန်းဆိုသကဲ့သို့ တက္ကသိုလ်ပညာရပ်များ ဆက်လက်ဆည်းပူးလေ့လာသင့်လှပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်က ယနေ့လူငယ်များ၏ အနာဂတ်ဘဝလှပရေးနှင့် နိုင်ငံ့အကျိုးကြီးပမ်းဆောင်ရွက်စေမည့် လူသားအရင်းအမြစ်များ ပေါ်ထွန်းလာစေရေးအတွက် အဆင့်မြင့်ပညာသင်ယူတက်လှမ်းနိုင်ရေး သက်ဆိုင်ရာတက္ကသိုလ်များ ဖွင့်လှစ်ပေးတော့မည်ဖြစ်သောကြောင့် ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူများအနေဖြင့် ကျောင်းဝင်မှတ်ပုံတင်ခြင်းကို အချိန်မီဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးဈေးကွက်တွင် ပဲနီပြား အရောင်းအဝယ်ကောင်းမွန်လာပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၁၀၀၀၀ ပေါက်ဈေးရှိ

**မန္တလေး နိုဝင်ဘာ ၁၇**

မန္တလေးဈေးကွက်တွင် ပဲနီပြား သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၁၀၀၀၀ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုအခါ ပဲနီပြားများကို ပြည်ပနိုင်ငံများက ဝယ်ယူမှုများရှိသည့်အပြင် ပြည်တွင်း၌ပါ အရောင်းအဝယ်ကောင်းလာခြင်းကြောင့် ပဲနီပြားများ ဈေးကောင်းရရှိလာကြောင်း သိရသည်။

"ပဲနီပြားက မန္တလေးဈေးကွက်ထဲမှာ အခုလတ်တလော အရောင်းအဝယ်ကောင်းတဲ့ အမျိုးအစားထဲမှာပါတယ်။ အခုလက်ရှိမှာတော့ ပဲနီပြားတွေ ဈေးကောင်းပေးပြီး ဝယ်ယူနေတာကြောင့် ဈေးကောင်းပြန်ရနေပါတယ်။ အခု မန္တလေးဈေးကွက်ထဲမှာ ပဲနီပြားက ပဲအမျိုးအစားထဲမှာ အရောင်းအဝယ်အကောင်းဆုံးတော့ မဟုတ်ပေမဲ့ အဝယ်ပြန်လိုက်လာတာကြောင့် ဈေးကောင်းပြန်ရလာပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် နိုဝင်ဘာလ ပထမပတ်က ပဲနီပြား ဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၉၅၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း ယခုလက်ရှိတွင် ပဲနီပြား ဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၁၀၀၀၀ ထိပေါက်ဈေးရှိပြီး ဈေးကောင်းရရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။

(၁၈၄)

# မဟာမုနိရုပ်ရှင်တော်ရှိ ပိဋကတ်တိုက်တော်ကြီး ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ၆၀ ရာခိုင်နှုန်းခန့်ပြီးစီး



**မန္တလေး နိုဝင်ဘာ ၁၇**

မန္တလေးမြို့၏ ကျက်သရေဆောင် မဟာမုနိရုပ်ရှင်တော်ရှိ ပိဋကတ်တိုက်တော်ကြီးကို ယခုနှစ် ဇန်နဝါရီလကစ၍ ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းအားလုံး၏ ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့မှ သိရသည်။

ထိုသို့ ပြုပြင်ဆောင်ရွက်ရာတွင် မူလပိဋကတ်တိုက်တော်ကြီး၏ အပြင်ပိုင်းကို ပြန်လည်ပြုပြင်မွမ်းမံကာ အတွင်းပိုင်းကို အသစ်တည်ဆောက်ခြင်းဖြစ်ကြောင်း၊ ပြခန်း၊ ပြကွက်များ နေရာချထားမှုနှင့် ပတ်သက်၍ ပြတိုက်ကျွမ်းကျင်ပညာရှင်များနှင့် ကျွမ်းကျင်အင်ဂျင်နီယာများ၏အကူအညီဖြင့် ဒီဇိုင်းပုံစံရေးဆွဲထားကြောင်း၊ ထို့ပြင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက အကြံပြုသောနည်းပညာများအတိုင်း ပေစာ၊ ပုရပိုက်စာနှင့် ကမ္ဗဝါစာများကို မပျက်စီးစေဘဲ ရေရှည်တည်တံ့အောင် ပြန်လည်ပြုပြင် ထိန်းသိမ်းထားကြောင်း သိရသည်။

"ပိဋကတ်တိုက်တော်ကြီးအတွင်းမှာ ရှေးကတည်းက လှူဒါန်းထားတဲ့ ပေစာတွေ၊ ပုရပိုက်စာတွေ၊ ကမ္ဗဝါစာတွေ စသဖြင့် တန်ဖိုးရှိတဲ့ ရှေးဟောင်းစာပေတွေရှိတယ်။ ဒါတွေကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ဖို့ လိုအပ်တဲ့အတွက် အလှူရှင်ရဲ့ ငွေကြေးအကုန်အကျခံမှုနဲ့ ကျွမ်းကျင်ပညာရှင်တွေရဲ့ နည်းပညာအကူအညီနဲ့ ပိဋကတ်တိုက်တော်ကြီးကိုပြန်လည်ပြင်ဆင်ဆောင်ရွက်တာပါ။ အခုလုပ်ငန်းအားလုံးရဲ့ ၆၀ ရာခိုင်နှုန်းလောက်ပြီးစီးနေပါပြီ"ဟု မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလင်းက ပြောပြသည်။

မဟာမုနိပိဋကတ်တိုက်တော်ကြီးကို ၁၉၆၈ ခုနှစ်က ဆောက်လုပ်ခဲ့ပြီး အလျား ၉၇ ပေ၊ အနံ ၃၁ ပေ၊ အမြင့် ၁၅ ပေရှိကြောင်း၊ ၎င်းပိဋကတ်တိုက်အတွင်း ပေစာ၊ ပုရပိုက်စာ၊ ကမ္ဗဝါစာများအပြင် ပိဋကတ်သုံးပုံနှင့် အခြားအဖိုးတန်စာပေများကို မှန်ဗီရိုများဖြင့် နှစ်ပေါင်းများစွာ သိမ်းဆည်းထားခဲ့ရာ အပူဒဏ်၊ ဖိအားဒဏ်နှင့်နှစ်ကာလကြာမြင့်လာခြင်းတို့ကြောင့် ပျက်စီးယိုယွင်းမှုများရှိလာသဖြင့် ယခုကဲ့သို့ အကြီးစားပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

**မိုးယံ(ဥက္ကလာ)**

# မန္တလေး ဆိုင်ကယ်ဈေးကွက်၊ ကားဈေးကွက်

**မန္တလေး နိုဝင်ဘာ ၁၇**

မန္တလေး ဆိုင်ကယ်ဈေးကွက်တွင် ထိုင်းနိုင်ငံထုတ် အော်တိုဂီယာဘီးများ ဈေးနှုန်းကျဆင်း၍ အရောင်းအဝယ် ကောင်းလျက်ရှိပြီး အခြားဘီးများမှာ ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်လာကြောင်း မန္တလေးမြို့ ၅၉ လမ်း ဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

ယခုတစ်ပတ်အတွင်း ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာငွေကျပ် ၃၃ သိန်းမှ ၄၅ သိန်း၊ နောက်ဆုံးမော်ဒယ် မဟုတ်သည့် အနိမ့်ဘီး Click များမှာ ငွေကျပ် ၁၈ သိန်းမှ၂၅ သိန်းခန့်ဈေးရှိကြောင်း၊ Scoopy i အမျိုးအစား ဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၃၁ သိန်းမှ သိန်း ၄၀ခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် ၁၇ သိန်းမှ ၂၃ သိန်းခန့်ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် ဆိုင်ကယ်ဈေးနှုန်းများမှာ အင်ဂျင်ပါဝါ 110 အမျိုးအစားများ ငွေကျပ် ၆ သိန်း ၅သောင်းမှ ၉သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရှပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၇ သိန်း ၅ သောင်းမှ ၁၂ သိန်းခန့်၊ CZI နောက်ဆုံးထုတ် အသစ်တစ်စီးလျှင် ငွေကျပ် ၁၂ သိန်းခန့်၊ ဆိုင်ကလုန်းအမျိုးအစားမှာ ငွေကျပ် ၁၇ သိန်းမှ ၁၈ သိန်း ၈ သောင်း ရှိနေကြောင်း ဆိုင်ကယ်အရောင်းအဝယ် လုပ်ကိုင်သူ ဦးမင်းနိုင်က ပြောပြ၍ သိရသည်။

ကားဈေးကွက်တွင် လက်ရှိနံပါတ်ထွက်ပြီး တစ်ပတ်ရစ် ညာမောင်းကားများမှ အင်ဂျင်ပါဝါမြင့်ကားများ အရောင်းအဝယ်အေးနေပြီး ငွေကျပ်သိန်း ၂၅၀ မှသိန်း ၃၅၀ ကြား ပို့ဆိုင့်သရီးကားလေးများနှင့် ၆၆၀ စီစီပစ်ကပ်ကားလေးများသာ အရောင်းအဝယ်အနည်းငယ်ရှိကြောင်း မန္တလေး ကားဈေးကွက်အတွင်းမှ သိရသည်။

ပို့ဆိုင့်သရီးကားအမျိုးအစားများမှ ဟွန်ဒါဖစ်၊ တိုယိုတာဗစ်ဇ်၊ တိုယိုတာရက်တစ်ဇ်၊ တိုယိုတာဘယ်လ်တာ ကားအမျိုးအစားများ အရောင်းအဝယ်ရှိပြီး ၆၆၀ စီစီ ပစ်ကပ်ကားလေးများတွင်လည်း ဟိုက်ဂျက် Auto ငွေကျပ်သိန်း ၁၅၀ ခန့်၊ Manual ငွေကျပ် သိန်း ၁၃၀ ခန့် ဈေးပေါက်နေကြောင်း၊ အခြားသော ခွေးဘီလူးကားများတွင်လည်း Manual ငွေကျပ် သိန်း ၁၀၀၊ Auto ငွေကျပ်သိန်း ၁၂၀ ခန့်ဖြင့် အရောင်းအဝယ် ရှိနေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ်၂၀ အမည်ပေါက် စလစ် ငွေကျပ် ၁၃၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၂၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် ၁၂၅ သိန်း၊ တက္ကစီစလစ် ငွေကျပ် သိန်း ၁၂၀ ခန့် ဈေးပေါက်နေကြောင်း သိရသည်။

(၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပေါင်မြို့နယ် နတ်စင်ကုန်းကျေးရွာ၌ CFW စီမံကိန်းလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**ပေါင် နိုဝင်ဘာ ၁၇**

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် Cash For Work(CFW) စီမံကိန်း ပံ့ပိုးရန်ပုံငွေဖြင့် နတ်စင်ကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းကျောက်ရောမြေနီခင်းခြင်းနှင့်ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာဝင်းစံ၊ ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်နှင့် ဝန်ထမ်းများက Cash For Work (CFW) စီမံကိန်း ကော်မတီဝင်များနှင့်အတူ နတ်စင်ကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းကျောက်ရောမြေနီခင်းခြင်းနှင့် ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

နတ်စင်ကုန်းကျေးရွာ ကုန်ထုတ်လမ်း အရှည်ပေ ၆၀၀၊ အကျယ် ၁၆ ပေ၊ အမြင့် နှစ်ပေ ခြောက်လက်မခင်းခြင်းနှင့် ရေမြောင်း တူးဖော်ခြင်းလုပ်ငန်းကို Cash For Work (CFW) စီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် ကျေးလက်နေ ပြည်သူလူထုကိုယ်တိုင် ဩဂုတ်လ စတုတ္ထပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုန်ထုတ်လမ်း ကျောက်ရောမြေနီခင်းခြင်း လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်မှုကြောင့် လယ်ယာထွက်ကုန်များကို ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာဖြင့် အချိန်နှင့်တစ်ပြေးညီ ပေးပို့ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်က ပြောပြ၍ သိရသည်။

**သုတ**

# တောင်သာမြို့နယ် ကျေးရွာနှစ်ရွာ၌ VDP စီမံကိန်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**တောင်သာ နိုဝင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာနှစ်ရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို နိုဝင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မိုး၊ VDP စီမံကိန်း တာဝန်ခံတို့နှင့်အတူ ကျောက်ဖူးကျေးရွာ၊ ပန်းပေါင်းကျေးရွာတို့တွင် ကျေးရွာတွင်းလျှပ်စစ်မီးလင်းရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေး ထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

ကျောက်ဖူးကျေးရွာ၊ ပန်းပေါင်းကျေးရွာတို့တွင် တစ်ရွာလျှင် စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၃၀ တို့ဖြင့် လျှပ်စစ်မီးလင်းရေးလုပ်ငန်းများကို ဩဂုတ်လ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ချစ်ဦးကို**

# ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံများ စိုက်ပျိုးလျက်ရှိရာ နိုဝင်ဘာ ၁၇ ရက်ထိ သီးနှံမျိုးစုံ ၁၅၆၁၇ ဧက စိုက်ပျိုးပြီးစီး



**ခင်ဦး နိုဝင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံများ စိုက်ပျိုးလျက်ရှိရာ ယနေ့ထိ သီးနှံမျိုးစုံ ၁၅၆၁၇ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ခင်ဦးမြို့နယ်တွင် သီးနှံမျိုးစုံ ၁၈၇၂၀ ဧက လျာထားပြီး ယခုနှစ် စက်တင်ဘာလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၅၆၁၇ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဒီနှစ် ဆောင်းမှာ သီးနှံမျိုးစုံ ဧက ၁၈၀၀၀ ကျော် စိုက်ဖို့ လျာထားတာ။ အခုလက်ရှိမှာတော့ ဧက ၁၅၀၀၀ ကျော် စိုက်ပြီးသွားပြီ။ အခြားသီးနှံ လျာထားချက်ထက်ကျော်လွန် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ အရင်နှစ်ကဆိုရင် သီးနှံမျိုးစုံ ၁၈၃၂၉ ဧကပဲ စိုက်ပျိုးနိုင်ခဲ့တာပါ။ ဒီနှစ်မှာတော့ အရင်နှစ်ကထက် တိုးစိုက်ဖို့ လျာထားပါတယ်။ စိုက်နည်းစနစ်တွေ၊ မျိုးကောင်းမျိုးသန့်တွေ၊ အထွက်နှုန်းကောင်းတဲ့ မျိုးတွေ စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေတယ်" ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် အခြားသီးနှံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ပြောင်း ၄၇၂၄ ဧက၊ ဟင်းသီးဟင်းရွက် ၈၁၂၂ ဧက၊ ဟင်းခတ်အမွှေး ၂၇ ဧက၊ ကျွဲနွားစာ ၂၅၃၂ ဧက၊ အထွေထွေစားသုံး ၃၃ ဧက၊ အခြားသီးနှံ ၁၇၉ ဧက စုစုပေါင်း ၁၅၆၁၇ ဧက စိုက်ပျိုး ပြီးစီးနေပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပြီးခဲ့သည့်နှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ခင်ဦးမြို့နယ်တွင် ဂျုံ ၂၉၀၈ ဧက၊ ပြောင်း ၄၁၁၂ ဧက၊ ဟင်းသီးဟင်းရွက် ၈၃၂၈ ဧက၊ ဟင်းခတ်အမွှေး ၂၁ ဧက၊ ကျွဲနွားစာ ၂၈၆၆ ဧက၊ အထွေထွေစားသုံး ၅၂ ဧက၊ အခြားသီးနှံ ၄၂ ဧက စုစုပေါင်း ၁၈၃၂၉ ဧကတို့ စိုက်ပျိုးနိုင်ခဲ့ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ဆိပ်ဖြူမြို့နယ် ငါးချဉ်ချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဆိပ်ဖြူ နိုဝင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငါးချဉ်ချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ အဌမအကြိမ် ထုတ်ချေးခြင်းကို နိုဝင်ဘာ ၁၆ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးသိမ့်သိမ့်ကျော်နှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၄၈၆ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးဦးရဲမင်းအောင်နှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ငါးချဉ်ချောင်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၂ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၈ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ လေးဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ နှစ်ဦးတို့ကို ရန်ပုံငွေကျပ် ၄၈၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နှံ့ယဉ်**

# မိုင်းတုံမြို့နယ် ဟွေပါဆပ်ကျေးရွာ၌ ဟွေပါဆပ်-ဆီငင်း ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မိုင်းတုံ နိုဝင်ဘာ ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံခရိုင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မဲကင်းကျေးရွာအုပ်စု ဟွေပါဆပ်ကျေးရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဟွေပါဆပ်-ဆီငင်း ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးစိုင်းအောင်မျိုးထက်၊ မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းနှင့်တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများသည် ကျေးရွာကုန်ထုတ်လမ်းကော်မတီဝင်များနှင့်အတူ ဟွေပါဆပ်ကျေးရွာတွင် အရှည် တစ်မိုင် သုံးဖာလုံရှိ ဟွေပါဆပ်-ဆီငင်း ကျေးလက်ကုန်ထုတ်လမ်းနှင့် ၎င်းကုန်ထုတ်လမ်းပေါ်ရှိ Box Culvert တံတားတစ်စင်း တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှတာဝန်ရှိသူများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီအချိန်မီ ပြီးစီးရေးဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ဟွေပါဆပ်-ဆီငင်း ကျေးလက်ကုန်ထုတ်လမ်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၆၂ ဒသမ ၇၃ သန်းဖြင့် တင်ဒါအောင်မြင်သည့် သီရိမိုင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ကုန်ထုတ်လမ်းဘေးဝဲ၊ ယာရှိ မဲကင်းကျေးရွာ၊ မောက်ဇလီကျေးရွာ၊ ဆီငင်းကျေးရွာနှင့် ဟွေပါဆပ်ကျေးရွာတို့၏ လယ်ယာဧက ၂၀၀ ကျော်မှ ထွက်ရှိသည့် လယ်ယာထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးစိုင်းအောင်မျိုးထက်က ပြောပြ၍ သိရသည်။

**မောင်နိုင်**



# စာဆိုတော်နေ့၊ စာဆိုတော်လ၊ နတ်တော်လ

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

**"လနတ်တော် ပျော်တုန်းမို့၊ အုန်းဖြိုးဖြိုးပြုလာ**
**တေခေခတ်အလာ၊ ရာသီမှာခေ**
**ပြုဗ္ဗာသာဠ်မိဂသီ၊ နေ့နာရီ ညဥ့်ကိုလည်းမှ...။**
**ရွှေဟသာတာရာပြုနှင့်၊ ပွင့်ဥက မှုံမှုံ**
**ရွှေသစင်ဖူးငုံ၊ ဖော်မခုံညွတ်ပျောင်း**
**မြတ်စာဆိုမဟာ၊ ပူဇော်ရာပွဲကန်တော့ကြောင်း...။"**
**(အမည်မသိဖွဲ့၊ ရှေးတေးရိုး)**

သည်အချိန်ရောက်လာလျှင် စာပေကျေးဇူးအထူး ထူးတို့ ဖော်ကျူးကွန့်မြူးတောက်ပနေကြလေ့ရှိသည်။ အထူးသဖြင့် နတ်တော်လဆန်း ၁ ရက်နေ့တွင် **"စာဆိုတော်နေ့"**ကိုအကြောင်းပြု၍ ဂုဏ်ပြုအခမ်းအနားများ၊ စာပေဆုချီးမြှင့်ပွဲများ၊ စာပေဟောပြောပွဲများ နှစ်စဉ် ကျင်းပခဲ့ကြသည်။

နတ်တော်လဆန်း ၁ ရက်နေ့ကို **"စာဆိုတော်နေ့"** အဖြစ် ၁၃၀၆ ခုနှစ်မှစတင်သတ်မှတ်၍ စာပွဲသဘင်များ ဆင်ယင်ကျင်းပလာခဲ့သည်မှာ ယခု ၁၃၈၃ ခုနှစ်တွင် (၇၇) နှစ်မြောက်ခရီးသို့ ရောက်ခဲ့လေပြီ။

**နတ်တော်လနှင့် စာဆိုတော်နေ့၊ စာပေဂုဏ်ရောင်ထွန်းပြောင်စေသောနေ့နှင့် စာဆိုတော်လ၊ နတ်ပျော်လမှ စာဆိုတော်လ** စသည်ဖြင့် မြန်မာလ ၁၂ လအနက် ကိုးလမြောက်နတ်တော်လ၏ ထူးခြားမှုများကို စူးစမ်းစေ့ငုမှတ်တမ်းပြုထားကြသည်။

ပုဂံခေတ်ကျောက်စာများတွင် နတ်တော်လကို **"နတ္တာဝ်၊ နတ်တော်ဝ်၊ နတ္တဝ်၊ နတ်တင်"**စသည်ဖြင့် ရေးထိုးမှတ်တမ်းတင်ထားခဲ့ကြသည်။ **"နတ်၊ နထ်၊ နာထ"** (ပါဠိသက်ဝေါဟာရ) ကိုးကွယ်ဆည်းကပ်ရာ။ **"တော်"** ဟူသော ပေါရာဏစကားမှာ **"အိုးကြီးဒေါ်မား၊ တော်ကားအရှင်"** ဟူသော ပေါရာဏ လင်္ကာအရ **"တော်"**ကြီးကဲသူ၊ မြင့်မြတ်သူ။ ထို့ကြောင့် ကြီးကဲမြင့်မြတ်သူပညာရှင်ကြီးများကို ကိုးကွယ်ပူဇော်ချီးမြှောက်သောလ အခါသမယဟု သတ်မှတ်ထားခဲ့ကြသည်။ နတ်တို့ကိုအကြောင်းပြုပေါ်ပေါက်လာသောလ၊ နတ်တို့ပျော်မြူးကြလေ့ရှိသဖြင့် **"နတ်ပျော်လ"** ဟုလည်း ခေါ်ခဲ့ကြသည်။

ပုဂံခေတ်ဦးက မင်းမဟာဂီရိနတ်မောင်နှမကို ကိုးကွယ်မှုအစပျိုးခဲ့ကြရာမှ နတ်ကိုးကွယ်မှုအစဉ်အလာသည် ယနေ့ထိရှိနေကြဆဲပင်။ ရှင်အရဟံ မထေရ်နှင့် အနော်ရထာမင်းတို့ကြောင့် ပုဂံခေတ်၏ ပုပ္ပားနတ်တောင်ရှိ နတ်ကိုးကွယ်မှုသည် တဖြည်းဖြည်းလျော့နည်းလာခဲ့သည်။ အင်းဝခေတ်တွင် ပုပ္ပားနတ်တောင်အစား မဟာပိန္နဲနတ်ကိုးကွယ်မှုထွန်းကားလာခဲ့သည်။

တောင်ငူခေတ်(ကောဇာသက္ကရာဇ် ၉၁၈ ခုနှစ်ခန့်)တွင် ဘုရင့်နောင်မင်းတရားကြီးလက်ထက်၌ မဟာပိန္နဲနတ်တို့ကို ကိုးကွယ်ကြမည့်အစား၊ နိုင်ငံအတွက် နှလုံးရည်၊ လက်ရုံးရည်ထူးချွန်ပြည့်စုံသူများကိုသာ ချီးမြှင့်ပူဇော်စေခဲ့သည်။

ကုန်းဘောင်ခေတ်(ကောဇာသက္ကရာဇ် ၁၁၄၃ ခုနှစ်ခန့်)တွင် ဘိုးတော်မင်းတရားက (နာထ) နတ်မည်ထိုက်စွာသော၊ ကာယဉာဏစွမ်းရည်ထက်မြက်သော စာပေပညာရှင်များကို ဂုဏ်ရည်ဘွဲ့အသီးသီးဖြင့် ပူဇော်စေခဲ့သည်။

ထို့ကြောင့် ကုန်းဘောင်ခေတ်တွင် နတ်ကိုးကွယ်မှုများ ပျောက်ကွယ်လုနီးပါးဖြစ်ခဲ့သည်။ စာဆိုတော်ကြီးများကိုပူဇော်ခဲ့ကြသည့် အစဉ်အလာအစဟု မှတ်တမ်းပြုထားကြသည်။

**"ဂမုန်းအင်နှင့် သစင်ပွင့်ပေါ်၊ လနတ်တော်"**၏ ရာသီအမည်က **"ဓနု"**၊ စန်းယှဉ်နက္ခတ်က **"မိဂသီ"**၊ ယှဉ်တာရာက **"ဟသာတာရာ"**၊ ရာသီရုပ်က **"လေးခွဲ ယောကျ်ား"**၊ ရာသီပန်းက **"သစင်ပန်း"**၊ ရာသီပွဲက **"မဟာပိန္နဲနတ်ပွဲ" (စာဆိုတော်ပွဲ)**၊ လပြည့်သန်းခေါင်နတ်ပေါင်းခပင်က **"ဗောဓိညောင်ပင်"**၊ ရက်ရာဇာက **"ဇုဒ္ဓဟူး၊ သောကြာ"**၊ ပြဿဒါးက **"ကြာသပတေး၊ စနေ"** စသည်ဖြင့် နက္ခတ်ဗေဒပညာရှင်များကလည်း ရာသီ၊ နက္ခတ်၊ တာရာ၊ ရာသီရုပ်၊ ရာသီပန်း၊ ရာသီပွဲ၊ ရက်ရာဇာ၊ ပြဿဒါးကအစ အသေးစိတ်ဖော်ထုတ်မှတ်တမ်းတင်ထားခဲ့ကြသည်။

ရှေးခေတ်က နတ်တော်လ၏ ရာသီပွဲနှင့် ရိုးရာဓလေ့မှာ ဆင်ဖမ်းပွဲနှင့် နတ်ပူဇော်ပွဲများ ကျင်းပခဲ့ကြသော်လည်း ကုန်းဘောင်ခေတ်တွင် ထိုဓလေ့များ မှေးမှိန်သွားခဲ့ပြီး ပညာရှိစာဆို အကျော်အမော်တို့အား ချီးမြှင့်ဂုဏ်ပြုပွဲများ ကျင်းပလာခဲ့ကြသည်။ သူ့ကျွန်ဘဝတွင်မူ စာပေပညာရှင်ကြီးများသည် နှလုံးရည်တပ်သားကောင်းများအဖြစ် ကလောင်လက်နက်ဖြင့် နယ်ချဲ့တို့ကို သမိုင်းပေးတာဝန်ကျေပွန်စွာ တွန်းလှန်တိုက်ခိုက်ခဲ့ကြသော်လည်း ချီးမြှင့်မြှောက်စားခွင့်အခြေအနေမပေးခဲ့သောကြောင့် လွတ်လပ်ရေးရရှိပြီးမှသာ ၎င်းတို့ကို အမှုကွန်းတင်ဂုဏ်ပြုခဲ့ကြရသည်။ ဇာတိသွေး၊ ဇာတိမာန်ထက်သန်စေသော ဂန္ထဝင်စာပေ ပညာရှင်ကြီးများအဖြစ် ဂုဏ်ပြုအမွှမ်းတင်ခွင့်ရခဲ့ကြသည်။

ထိုသို့ ဂုဏ်ပြုအမွှမ်းတင်ခွင့်ရရှိရာမှ စာဆိုတော်နေ့ ပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်။ ဂျပန်ခေတ်ကာလက ပညာတံခွန်အသင်းသည် ကွမ်းခြံကုန်းမြို့၌ (ဆရာကြီး မင်းသုဝဏ်နှင့် ဆရာမကြီး(ဒေါ်)နုယဉ်တို့ မောင်နှမ၏ဇာတိမြို့)အဘိဓာန်နှင့် ပညာစွယ်စုံကျမ်းများ ပြုစုရေးလုပ်ငန်းဆောင်ရွက်နေစဉ် **"ဦးပုညနေ့"**ကျင်းပကြရန် ရန်ကုန်မြို့ရှိ ပညာတံခွန်အသင်းကြီးသို့ တင်ပြခဲ့သည်။ အသင်းကြီးက စာဆိုတော်တစ်ဦးအတွက် နေ့တစ်နေ့ သတ်မှတ်ကျင်းပခြင်းထက် စာဆိုတော်များနှင့်သက်ဆိုင်သော နေ့တစ်နေ့အဖြစ် လေးနက်ကျယ်ပြန့်စွာ၊ သတ်မှတ်ကျင်းပခြင်းက ပိုမို၍ သက်ဝင်ထိရောက်နိုင်ကြောင်း ဆင်ခြင်သုံးသပ်ခဲ့သည်။

ထို့ကြောင့် စာပေပညာရှင်များ၊ မြန်မာနိုင်ငံစာရေးဆရာအသင်းမှ တာဝန်ရှိသူများနှင့် ပညာတံခွန်အသင်းမှပုဂ္ဂိုလ်များက ၁၉၄၄ ခုနှစ် မေ ၈ ရက်တွင် ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး **"ဦးပုညနေ့"**အစား **"ဗမာ့စာဆိုတော်နေ့"**အဖြစ် ကျင်းပရန်နှင့် စာဆိုတော်နေ့ကို နှစ်စဉ်မြန်မာနှစ် နတ်တော်လဆန်း ၁ရက်နေ့တိုင်း ကျင်းပသွားရန် သတ်မှတ်ဆုံးဖြတ်ခဲ့ကြသည်။

ထိုသို့ဆုံးဖြတ်ချက်အရ ပထမအကြိမ်စာဆိုတော်နေ့ အခမ်းအနားကို ၁၉၄၄ ခုနှစ် နိုဝင်ဘာ ၁၅ ရက် (၁၃၀၆ ခုနှစ်)တွင် စတင်ကျင်းပခဲ့သည်။ မြန်မာနိုင်ငံစာရေးဆရာအသင်းက ဝိဇယပြဇာတ်ကခဲ့သည်။

အနယ်နယ်အရပ်ရပ်တွင်လည်း စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲများ၊ စကားရည်လုပွဲများ၊ စာပေသရုပ်ဖော်ပွဲများ၊ စာပေပြိုင်ပွဲများနှင့် စာပေဆွေးနွေးပွဲများ ကျင်းပခဲ့ကြသည်။

❖ သူ့ကျွန်ဘဝတွင်မူ စာပေပညာရှင်ကြီးများသည် နှလုံးရည်တပ်သားကောင်းများအဖြစ် ကလောင်လက်နက်ဖြင့် နယ်ချဲ့တို့ကို သမိုင်းပေးတာဝန်ကျေပွန်စွာ တွန်းလှန်တိုက်ခိုက်ခဲ့ကြသော်လည်း ချီးမြှင့်မြှောက်စားခွင့်အခြေအနေမပေးခဲ့သောကြောင့် လွတ်လပ်ရေးရရှိပြီးမှသာ ၎င်းတို့ကို အမှုကွန်းတင်ဂုဏ်ပြုခဲ့ကြရသည်။ ဇာတိသွေး၊ ဇာတိမာန်ထက်သန်စေသော ဂန္ထဝင်စာပေ ပညာရှင်ကြီးများအဖြစ် ဂုဏ်ပြုအမွှမ်းတင်ခွင့်ရခဲ့ကြသည်။ ထိုသို့ ဂုဏ်ပြုအမွှမ်းတင်ခွင့်ရရှိရာမှ စာဆိုတော်နေ့ပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်။ ❖

ထိုအချိန်မှစ၍ နှစ်စဉ်နတ်တော်လဆန်း ၁ ရက်နေ့တိုင်း စာဆိုတော်နေ့အခမ်းအနားများကို ရန်ကုန်မြို့အပါအဝင် နိုင်ငံတော်အနှံ့အပြားတွင် ကျင်းပခဲ့ကြသည်။ ရန်ကုန်မြို့တွင် မြန်မာနိုင်ငံစာရေးဆရာအသင်းက ဦးဆောင်ကျင်းပခဲ့ရာ သက်ကြီးဝါကြီး စာရေးဆရာကြီးများကို ကန်တော့ခဲ့ကြခြင်း၊ စာပေဟောပြောပွဲများ ကျင်းပခဲ့ကြခြင်း၊ ညပိုင်းတွင် ရှေးစာဆိုတစ်ဦးဦး၏ အတ္ထုပ္ပတ္တိကို ဇာတ်အိမ်ဖွဲ့ကာ နာမည်ကျော်စာရေးဆရာ၊ ဆရာမများကိုယ်တိုင် သရုပ်ဆောင်များအဖြစ် ပါဝင်ပြီး ပြဇာတ်များ တင်ဆက်ကပြခြင်းဖြင့် စာပေသဘောအရ စာဆိုတော်ကြီးများကို ဂုဏ်ပြုခဲ့ကြခြင်း၊ နေ့ဘက်တွင် စာရေးဆရာများသာ ပါဝင်သောအခမ်းအနားများကိုကျင်းပခဲ့ကြပြီး ညဘက်တွင် ပြည်သူများကြည့်ရှုခံစားနိုင်ကြစေရန် ပြဇာတ်များဖြင့် ဖျော်ဖြေခဲ့ခြင်း၊ ထို့ပြင်စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် **စာပေ၊ စာရေးဆရာ** စသည့် စာစောင်မဂ္ဂဇင်းများ ထုတ်ဝေခဲ့ခြင်း၊ ၁၃၁၂ ခုနှစ်စာဆိုတော်နေ့ (၁၉၅၀ ပြည့်နှစ် ဒီဇင်ဘာ ၁၀ ရက်)တွင် စာဆိုတော်နေ့အခမ်းအနားကို လူထုအစည်းအဝေးအခမ်းအနားကြီးအဖြစ် လှုံ့ဆော်စည်းရုံးခဲ့ကြပြီး **စာဆိုတော်နေ့ကို တစ်မျိုးသားလုံးနှင့် သက်ဆိုင်သော နေ့ထူးနေ့မြတ်အဖြစ် သတ်မှတ်ကျင်းပနိုင်ရန်** စတင်ဆောင်ရွက်နိုင်ခြင်း စသည့်အစဉ်အလာကောင်းများရှိခဲ့ကြသည်။

စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် စာဆိုတော်တစ်ဦးချင်းကို ဂုဏ်ပြုအမွှမ်းတင်သည့်အနေဖြင့် ၁၃၀၆ ခုနှစ်မှစတင်၍ နှစ်စဉ်တင်ဆက်ကပြခဲ့ကြသော ပြဇာတ်များကို ၁၃၁၇ ခုနှစ်ထိ ဆက်လက်ကပြခဲ့ကြသော်လည်း ၁၃၁၉ ခုနှစ်မှစ၍ ထိုအစီအစဉ်ကို ရပ်နားခဲ့ကြသည်။ သို့သော် အနယ်နယ်အရပ်ရပ်တွင် စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲများသာမက စာပေပြိုင်ပွဲများ၊ စကားရည်လုပွဲများနှင့် ပဒေသာကပွဲများကို ကျင်းပခဲ့ကြသည်။

**"စာဆိုတော်နေ့"**ကို ၁၉၄၄ ခုနှစ်(၁၃၀၆ ခုနှစ်) မှစတင်၍ ကျင်းပခဲ့သော်လည်း **"မြန်မာနိုင်ငံစာရေးဆရာအသင်း"**ကိုမူ ၁၉၄၀ ပြည့်နှစ် (၁၃၀၂ ခုနှစ်) ကတည်းက ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ဖဆပလအစိုးရလက်ထက်တွင် **"မြန်မာပြည်စာရေးဆရာအသင်း"**၊ တော်လှန်ရေးကောင်စီနှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင် **"မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့"**၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေတ်တွင် **"မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့"**၊ ဒီမိုကရေစီခေတ်ပြောင်းလာသောအခါ**"မြန်မာနိုင်ငံ စာရေးဆရာအသင်း"**ဟူ၍ အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းခဲ့သည်။

ခေတ်အဆက်ဆက်တွင် စာပေအသင်းအဖွဲ့များ၌ ဥက္ကဋ္ဌများအဖြစ် တာဝန်ယူခဲ့ကြသော စာပေပညာရှင်ကြီးများမှာ ဒီးဒုတ်ဦးဘချို(၁၉၄၀)၊ ဂျာနယ်ကျော်ဦးချစ်မောင်(၁၉၄၅-၁၉၄၆)၊ ဒဂုန်နတ်ရှင်(၁၉၄၆-၁၉၄၇)၊ မြို့မမောင်(၁၉၄၇-၁၉၄၈)၊ မဟာဆွေ (၁၉၄၈-၁၉၄၉)၊ ဦးတင့်ဆွေ(၁၉၄၉-၁၉၅၀)၊ ဂျာနယ်ကျော်မမလေး (၁၉၄၉-၁၉၅၀)၊ ဒဂုန်တာရာ (၁၉၅၀-၁၉၅၁)၊ ရွှေပိန်သောင်း (၁၉၅၁-၁၉၅၂)၊ ဇဝန(၁၉၅၂-၁၉၅၄)၊ ဦးထင်ဖတ်(၁၉၅၄-၁၉၅၅)၊ ဦးသိန်းဖေမြင့် (၁၉၅၆-၁၉၅၈)၊ ၁၉၆၂ ခုနှစ် အတွင်းရေးမှူး စိန်ခင်မောင်ရီလက်ထက်တွင် ဦးသိန်းဖေမြင့်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။ **၁၉၅၇-၁၉၅၈ ခုနှစ် စာရေးဆရာအသင်း၏ နာယကများမှာ ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့် ဝန်ကြီးချုပ်ဦးနု** တို့ဖြစ်ကြသည်။

တော်လှန်ရေးကောင်စီတက်လာပြီးနောက်ပိုင်း **မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့**တွင် ဦးဝန်(မင်းသုဝဏ်) (၁၉၆၆-၁၉၇၆) ၁၀ နှစ်၊ ဦးထိန်လင်း(ဗိုလ်တထောင် (၁၉၇၆-၁၉၇၉) သုံးနှစ်၊ ဦးအုန်းဖေ (တက်တိုး) (၁၉၇၉)၊ ဦးထွန်းတင်(မန်းတင်) (၁၉၇၉-၁၉၈၄) ငါးနှစ်၊ ဦးဝင်းဖေ(မြဇင်) (၁၉၈၄-၁၉၈၈) လေးနှစ်ထမ်းဆောင်ခဲ့ကြပြီး **မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့**တွင် ဦးခင်မောင်အေး(ခင်မောင်အေး-မန္တလေး) (၁၉၈၈-၁၉၈၉) တစ်နှစ်၊ ဦးစိုးညွန့်(ထီလာစစ်သူ) (၁၉၈၉-၁၉၉၃) လေးနှစ်၊ ဦးမျိုးသန့်(မောင်ဆုရှင်) (၁၉၉၃-၁၉၉၈) ငါးနှစ်၊ ဦးကျော်အောင် (ကျော်အောင်) (၁၉၉၈-၂၀၀၀) နှစ်နှစ်၊ ဦးလှမြိုင် (ကိုဆောင်း) (၂၀၀၀-၂၀၁၀) ၁၀ နှစ်၊ ဦးတင်ခ (တက္ကသိုလ်တင်ခ) (၂၀၁၀)၊ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်) (၂၀၁၀-၂၀၁၂) နှစ်နှစ်၊ **မြန်မာနိုင်ငံစာရေးဆရာအသင်း**တွင် ဦးတင်လှိုင်(လယ်တွင်းသားစောချစ်) (၂၀၁၂-၂၀၁၆)လေးနှစ်၊ ဦးကျော်ဝင်း (မနုဿကျော်ဝင်း) (၂၀၁၆-၂၀၂၁) ငါးနှစ်ထမ်းဆောင်ခဲ့ကြသည်။

လက်ရှိ မြန်မာနိုင်ငံစာရေးဆရာအသင်းသည် ဆရာကြီး မင်းသုဝဏ်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သော စာပေလုပ်သားအဖွဲ့ကို အခြေခံပြီး ဖွဲ့စည်းခဲ့သောကြောင့် ၅၆ နှစ် သက်တမ်းရှိခဲ့လေပြီ။ မြို့နယ်ပေါင်း ၂၀၁ မြို့နယ်တွင် မြို့နယ်အသင်း ၂၀၁ သင်း ဖွဲ့စည်းထားပြီး အသင်းဝင် ၅၀၀၀ ကျော်ရှိသည်။

နယ်ချဲ့လက်အောက်တွင် ၁၉၄၀ ပြည့်နှစ်ကတည်းက ဒီးဒုတ်ဦးဘချိုက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သော **မြန်မာနိုင်ငံ စာရေးဆရာအသင်းကြီး** ပထမပိုင်း (၁၉၄၀ ပြည့်နှစ် မှ ၁၉၆၂ ခုနှစ်ထိ) ၂၂ နှစ်၊ ဒုတိယပိုင်း (၁၉၆၆ ခုနှစ်မှ ၂၀၂၂ ခုနှစ်ထိ) ၅၆ နှစ် စုစုပေါင်း ၇၈ နှစ် သက်တမ်း၊ ၇၈ နှစ်ခရီး၊ စိန်ရတုခရီးကိုပင် ကျော်လွန်ခဲ့လေပြီ။

မြန်မာနိုင်ငံစာရေးဆရာအသင်းကြီးသည် ခေတ်စနစ်အမျိုးမျိုးကြောင့်သာ အမည်အမျိုးမျိုးပြောင်းလဲခဲ့ရသော်လည်း **"အမျိုး၏ဂုဏ်၊ ဇာတိဂုဏ်၊ စာပေဂုဏ်ကိုမြှင့်"** ဆောင်ပုဒ်နှင့်အညီ မူလကတည်းက တူညီဆန္ဒအရ ချမှတ်ခဲ့သော **"စာပေလောက သားများအကျိုးအတွက် သယ်ပိုးထမ်းရွက်ရန်"** ရည်ရွယ်ချက်ကို စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

မြန်မာနိုင်ငံ စာရေးဆရာအသင်းကြီးသည် စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် **"အသက် ၈၀ နှစ်နှင့် ၈၀ နှစ်အထက် သက်ကြီးစာပေပညာရှင်ကြီးများ (နှလုံးရည်တပ်သားသူရဲကောင်းကြီးများ) ပူဇော်ကန်တော့ပွဲ"**ကို နှစ်စဉ်မပျက် ဆက်လက်ကျင်းပလာခဲ့ရာ (၃၄) ကြိမ်ရှိခဲ့သည်။ စာပေလုပ်သားအဖွဲ့က ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၈ ခုနှစ်ထိ ရှစ်ကြိမ်၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့က ၁၉၉၄ ခုနှစ်မှ ၂၀၁၁ ခုနှစ်ထိ ၁၈ ကြိမ်၊ စာရေးဆရာအသင်းက ၂၀၁၂ ခုနှစ်မှ ၂၀၁၉ ခုနှစ်ထိ ရှစ်ကြိမ် စုစုပေါင်း ၃၄ နှစ်၊ ၃၄ ကြိမ်ရှိခဲ့လေပြီ။

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိုအိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကို ပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# ရခိုင်ပြည်နယ်ရှိ ခရီးသွားဒေသများသို့ အောက်တိုဘာလက ပြည်တွင်း၊ ပြည်ပ ခရီးသွား ၁၀၄၉၄ ဦး လာရောက်လည်ပတ်ခဲ့

**စစ်တွေ နိုဝင်ဘာ ၁၇**

ရခိုင်ပြည်နယ်ရှိ ခရီးသွားဒေသများသို့ ပြီးခဲ့သည့် အောက်တိုဘာလက ပြည်တွင်း၊ ပြည်ပခရီးသွား ၁၀၄၉၄ ဦး လာရောက်လည်ပတ်ခဲ့ကြောင်း ရခိုင်ပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင်ထွန်းအောင်က ပြောပြ၍သိရသည်။

ရခိုင်ပြည်နယ်ရှိ ခရီးသွားဒေသများသို့ အောက်တိုဘာလအတွင်းက ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက် လည်ပတ်ခဲ့ရာတွင် ပြည်တွင်းခရီးသွား ၁၀၀၉၃ ဦးနှင့် ပြည်ပခရီးသွား ၄၀၁ ဦး လည်ပတ်ခဲ့ကြောင်း၊ ခရီးသွားဧည့်သည်အများစုမှာ ငပလီကမ်းခြေဒေသသို့ အများဆုံးလာရောက်ကြကြောင်း သိရသည်။

"ဒီနှစ်ကတော့ သင်္ကြန်ကာလကတည်းက ကမ်းခြေတစ်လျှောက် ခရီးသွားဝင်ရောက်မှု မပြတ်ပါဘူး။ အထူးသဖြင့် အစိုးရရုံးပိတ်ရက်ဆက်တိုက်ဖြစ်တဲ့ လတွေဆိုရင် သိသိသာသာ ခရီးသွားတိုးပါတယ်။ စက်တင်ဘာလမှာဆိုရင် ဟိုတယ်တွေကို ငှားရမ်းအသုံးပြုမှုက ၅၂ ရာခိုင်နှုန်းထိရှိခဲ့ပါတယ်။ အောက်တိုဘာလကတော့ တန်ဆောင်တိုင်ပွဲတော် ကာလလဲဖြစ်တဲ့အတွက် ဟိုတယ်တွေကို ငှားရမ်းအသုံးပြုမှုက ၄၃ ရာခိုင်နှုန်းရှိခဲ့ပါတယ်။ ကမ်းခြေမှာ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်း ၅၈ လုံး ဖွင့်လှစ်ပြီး ဝန်ဆောင်မှုပေးနေပါတယ်"ဟု ဦးတင်ထွန်းအောင်က ပြောပြသည်။

ရခိုင်ပြည်နယ်တစ်ခုလုံးအနေဖြင့် အောက်တိုဘာလအတွင်း ခရီးသွားဝင်ရောက်မှုမှာ ပြည်တွင်းခရီးသွား ၁၀၀၉၃ ဦးနှင့် ပြည်ပခရီးသွား ၄၀၁ ဦးရှိခဲ့ပြီး ငပလီကမ်းခြေသို့ ပြည်တွင်းခရီးသွား ၆၂၃၅ ဦးနှင့် ပြည်ပခရီးသွား ၂၉၉ ဦး လာရောက်ခဲ့ကြောင်း ရခိုင်ပြည်နယ် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ ASH



➤ စာမျက်နှာ ၄ မှအဆက်

ကိုဗစ်ကာလတွင်မူ သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကို လုံးဝကျင်းပနိုင်ခြင်းမရှိတော့ဘဲ ရပ်နားထားကြရသော်လည်း ယခု ၂၀၂၂ ခုနှစ်တွင် (၃၅)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာလ ပထမပတ်အတွင်း ကျင်းပရန် စီစဉ်နေကြလေပြီ။

ပထမအကြိမ် ၁၉၈၀ ပြည့်နှစ်က သက်ကြီးစာပေပညာရှင် (ရန်ကုန်တိုင်းအတွင်းက) ၁၀ ဦးနှင့်စတင်ခဲ့သော ပူဇော်ကန်တော့ပွဲသည် တစ်နိုင်ငံလုံးရှိ သက်ကြီးစာပေပညာရှင်ကြီးများပါဝင်လာသော ၂၀၁၉ ခုနှစ် (၃၄)ကြိမ်မြောက် ပူဇော်ကန်တော့ပွဲ၌ ၂၇၆ ဦးထိ တိုးပွားလာခဲ့သည်။ အသင်းကြီးတွင် ဘဏ္ဍာငွေ တောင့်တင်း၍မဟုတ်။ အစဉ်အလာကို အလေးထားပြီး သဒ္ဓါကြည်လင်စေတနာရှင်၊ အလှူရှင်များကို လှုံ့ဆော်စည်းရုံးကာ ၎င်းတို့၏ လှူဒါန်းပါဝင်ကူညီမှုများကြောင့်သာလျှင် ပူဇော်ကန်တော့နိုင်ခြင်းဖြစ်သည်။

ကိုဗစ်ကာလ နှစ်နှစ်ရပ်နားခဲ့ရသည့်အချိန်တွင် ကန်တော့ခံသက်ကြီးစာပေပညာရှင် ၉၅ ဦး ကွယ်လွန်ခဲ့သည်။ ယခုနှစ် (၃၅) ကြိမ်မြောက် သက်ကြီးစာပေပညာရှင်ကြီးများကန်တော့ပွဲ၌ သတ်မှတ်စာပေစံမီ သက်ကြီးကန်တော့ခံစာပေပညာရှင် ၆၆ ဦးတိုးပွားလာခဲ့ရာ စုစုပေါင်း သက်ကြီးစာပေပညာရှင် ၂၄၇ ဦးကို ကန်တော့ကြရပေတော့မည်။

**စာဆိုတော်နေ့၏ ဖွားဖက်တော်ဖြစ်သည့် စာပေဟောပြောပွဲများ**ကတော့ တစ်နှစ်ထက်တစ်နှစ် တိုးတက်ကျယ်ပြန့်လာခဲ့ရာ စာဆိုတော်နေ့အထိမ်းအမှတ်သာမကတော့ဘဲ ဆယ့်နှစ်ရာသီ၊ နေ့ကြီးရက်ကြီး အထိမ်းအမှတ်ဂုဏ်ပြုပွဲများမှာပါ စာပေဟောပြောပွဲများကျင်းပလာခဲ့ကြသည်။ စာပေဟောပြောပွဲများကို မြို့နယ်များတွင်သာမက ကျေးလက်တောရွာများ၊ စာသင်ကျောင်းများ၊ သင်တန်းများမှာပါ ကျင်းပလာခဲ့ကြသည်။ ထို့ပြင် ပြည်ပရောက် မြန်မာများကပါ ပြည်ပနိုင်ငံများသို့ စာရေးဆရာ၊ ဆရာမများကို တကူးတက အကုန်အကျခံဖိတ်ကြားကြပြီး စာပေဟောပြောပွဲများကို နှစ်စဉ်ကျင်းပခဲ့ကြသည်။ ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံတစ်နိုင်ငံတည်းတွင်သာရှိသော စာပေဟောပြောပွဲများ၏ဂုဏ်ရောင်မှာ ထွန်းပြောင်နေသည်။

စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် **အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ** ချီးမြှင့်ပွဲကို နှစ်စဉ်မပျက်ကျင်းပနိုင်ခဲ့သည်နည်းတူ အခြားနိုးနွယ်စာပေဆုများ ချီးမြှင့်ပွဲကိုလည်း အခါအားလျော်စွာ ကျင်းပနိုင်ခဲ့ကြသည်။

**ကိုးကား**

- **ဝိသုဇ္ဇက(ပဲခူး)၏ မြန်မာ့တစ်ဆယ့်နှစ်လရာသီဘွဲ့။**
- **ပြည်ထွန်းရွှေ၏ မြန်မာလများနှင့်ဓပ်လျှင်း၍။**
- **မြန်မာနိုင်ငံ စာဆိုတော်နေ့အထိမ်းအမှတ်၊ ကန်တော့ခံစာပေပညာရှင်ကြီးများ၏ အတ္ထုပ္ပတ္တိအကျဉ်း(၂၀၁၉)။**

# သူ့ကျွန်မခံ အမျိုးသားမာန်

- သူ့ကျွန်အဖြစ် နွံနစ်နေစဉ်
  တို့ရင်ခံစား စိတ်ထားမကြည်လင်
  ပညာဉာဏ်စဉ် ထူးပင်မဖြိုး
  ကိုလိုနီပညာ မလိုအပ်ပါ
  ညီစွာရိုက်ချိုးသည့်နှင့်လေး။

- တိုင်းပြည်လူမျိုး ကောင်းကျိုးကြောင့်
  ကျောင်းတော်သားများ ညီထားစိတ်အကြံ
  စုပေါင်းတွန်းလှန် အောင်သံဝင့်ကြွား
  အမျိုးသားကျောင်းတွေပေါ်လာပေ
  ညီစေလက်တွဲထားသည့်နှင့်လေး။

- တို့အမျိုးသား စိတ်ထားမြင့်လာ
  ပညာအစစ် ဆန်းသစ်လို့သေချာ
  ကိုယ့်အားကိုယ်သာ ကိုးပါစေကြောင်း
  စုပေါင်းညီညာ ဆောင်ရွက်တာ
  ပေါ်လာအမျိုးသား ကျောင်းရယ်နှင့်လေး။

- အောင်စည်အောင်မောင်း အောင်ကြောင်းသံဝေ
  နှစ်စဉ်နှစ်တိုင်း သမိုင်းသိကြစေ
  မျိုးဆက်သစ်တွေ အမွေမပျက်
  တို့အမျိုး တို့စာ မြတ်နိုးပါ
  ပညာအရာ ဂုဏ်တက်သည့်နှင့်လေး။

- လပြည့်ကျော်ဆယ်ရက် မပျက်စဉ်လာ
  အမျိုးသားနေ့ ထူးပေ့ဂုဏ်အင်္ဂါ
  တန်ဆောင်မုန်းမှာ မှတ်ပါအောင်ပွဲ
  တစ်ပြည်လုံးပျော် ကောင်းကျိုးမျှော်
  ကြွေးကြော်တိုက်ပွဲ နွှဲသည့်နှင့်လေး။

- အမြဲရင်မှာစွဲလျက်သာ ညီညာသစ်ခဲ့သည်။
- မခွဲစဉ်လာပြည်မြန်မာ သူငါချစ်လျက်အတည်။

**ဘိုမျိုး(ရွှေဘို)**

# သရက်မြို့နယ် ရှမ်းရွာကြောကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**သရက် နိုဝင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ရှမ်းရွာကြောကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(နည်းပညာ) ဦးမျိုးဝင်း၊ သရက်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးကျော်ဆန်းဌေး၊ သရက်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်နှင့် ဝန်ထမ်းများက ကျေးရွာစီမံကိန်း ကော်မတီဝင်များနှင့်အတူ ရှမ်းရွာကြောကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး လက်ထောက်ညွှန်ကြားရေးမှူးက စီမံကိန်းလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး ထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ရှမ်းရွာကြောကျေးရွာ၌ လမ်းအရှည်ပေ ၅၉၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် စက်တင်ဘာလ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ကိုလှိုင်**

# နိုင်ငံတကာ သတင်းများ

## အာရှ-ပစိဖိတ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ထိပ်သီးညီလာခံ၌ တရုတ်သမ္မတရှီကျင့်ဖျင်နှင့် နယူးဇီလန်ဝန်ကြီးချုပ် ဂျာစင်ဒါအာဒန်းတို့ တွေ့ဆုံဆွေးနွေးမည်



**ဝယ်လင်တန် နိုဝင်ဘာ ၁၇**

နယူးဇီလန်ဝန်ကြီးချုပ် ဂျာစင်ဒါအာဒန်းသည် နိုဝင်ဘာ ၁၈ရက်တွင် ကျင်းပမည့် အာရှ-ပစိဖိတ်ပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့ (အေပက်)ထိပ်သီးညီလာခံ၌တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးဖွယ်ရှိကြောင်း ရိုက်တာ သတင်းဌာနက ဖော်ပြခဲ့သည်။

သမ္မတ ရှီကျင့်ဖျင်နှင့် ဝန်ကြီးချုပ် ဂျာစင်ဒါအာဒန်းတို့ တွေ့ဆုံဆွေးနွေးမည့်အစီအစဉ်ကို လက်ရှိတွင် အတည်ပြုထားကြောင်း နယူးဇီလန်အစိုးရပြောရေးဆိုခွင့်ရှိသူက ယနေ့တွင် ထုတ်ဖော်ပြောကြားထားသည်။

စီစဉ်ထားသည့်အတိုင်း ဖြစ်မြောက်ခဲ့ပါက အဆိုပါဆွေးနွေးပွဲသည် တရုတ်သမ္မတနှင့် နယူးဇီလန်ဝန်ကြီးချုပ်တို့အတွက် ၂၀၁၉ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်လူချင်းတွေ့ဆုံဆွေးနွေးမှုဖြစ်လာလိမ့်မည်ဖြစ်သည်။

အေပက်ထိပ်သီး ညီလာခံကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ နိုဝင်ဘာ ၁၈ ရက်မှ ၁၉ ရက်ထိ ကျင်းပမည်ဖြစ်သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် နယူးဇီလန်ဝန်ကြီးချုပ် အာဒန်းတို့သည် နယူးဇီလန်နိုင်ငံ၌ အေပက်ထိပ်သီးဆွေးနွေးပွဲ ကျင်းပခဲ့ချိန် ၂၀၂၁ ခုနှစ်တွင် ဖုန်းခေါ်ဆိုဆွေးနွေးမှုများပြုလုပ်ခဲ့ဖူးသည်။

နယူးဇီလန်ဝန်ကြီးချုပ် ကိုယ်တိုင်သည်လည်း ၂၀၁၉ ခုနှစ်အတွင်း တရုတ်နိုင်ငံသို့ သွားရောက်ခဲ့ပြီး သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

KKO

## အရှေ့ဘက်ကမ်းရိုးတန်းရေပြင်အတွင်းသို့ တာတိုပစ်ဒုံးကျည် မြောက်ကိုရီးယားပစ်လွှတ်

**ပြုံယမ်း နိုဝင်ဘာ ၁၇**

မြောက်ကိုရီးယား နိုင်ငံသည် ယနေ့တွင် အရှေ့ဘက်ကမ်းရိုးတန်းကမ်းလွန်ရေပြင်အတွင်းသို့ တာတိုပစ် ဘလစ်စတစ်ဒုံးကျည်တစ်စင်း ပစ်လွှတ်ခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

ကိုရီးယား ကျွန်းဆွယ်ဒေသ၌ အမေရိကန်နှင့် မဟာမိတ်များက စစ်ရေးအရ နေရာယူမှုမြှင့်တင်ရန် ကြိုးစားလာမှုများကို ပြင်းပြင်းထန်ထန် ပြန်လည်တုံ့ပြန်မည်ဖြစ်ကြောင်း သတိပေးခဲ့ပြီးနောက် အရှေ့ဘက်ကမ်းရိုးတန်းကမ်းလွန်ရေပြင်အတွင်းသို့ မြောက်ကိုရီးယားနိုင်ငံက တာတိုပစ်ဒုံးကျည်ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယား နိုင်ငံက အရှေ့ဘက်ကမ်းရိုးတန်း ဝန်ဆန်မြို့မှတစ်ဆင့် ပစ်လွှတ်ခဲ့သည့် အဆိုပါဒုံးကျည်သည် အမြင့် ၄၇ ကီလိုမီတာထိတက်ရောက်၍ မိုင် ၁၅၀ အကွာအဝေးထိ ပျံသန်းခဲ့ကြောင်း တောင်ကိုရီးယားစစ်ဘက်က သတင်းထုတ်ပြန်ထားသည်။

အဆိုပါဒုံးကျည်ကို မပစ်လွှတ်မီ မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ချိုဆန်ဟွီးက အမေရိကန်၊ တောင်ကိုရီးယားနှင့်ဂျပန်နိုင်ငံတို့ ပြုလုပ်သည့် သုံးနိုင်ငံထိပ်သီးဆွေးနွေးပွဲကို ဝေဖန်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် အမေရိကန်၊တောင်ကိုရီးယားနှင့် ဂျပန်ခေါင်းဆောင်များသည် မြောက်ကိုရီးယား၏ လက်နက်စမ်းသပ်မှုများကိုရှုတ်ချခဲ့ပြီး လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ကတိပြုခဲ့ကြသည်။

မြောက်ကိုရီးယား နိုင်ငံသည် ယခုနှစ်အတွင်း ဒုံးကျည်စမ်းသပ်မှုများကို စံချိန်တင်ပြုလုပ်ခဲ့ကြောင်း သိရသည်။ KKO

## ၂၀၂၃ ခုနှစ် ဂျီ-၂၀ အလှည့်ကျဥက္ကဋ္ဌတာဝန်ကို အင်ဒိုနီးရှားနိုင်ငံက အိန္ဒိယနိုင်ငံသို့ တရားဝင်လွှဲပြောင်းပေး

**ဂျကာတာ နိုဝင်ဘာ ၁၇**

အင်ဒိုနီးရှားနိုင်ငံသည် ၂၀၂၃ ခုနှစ် ဂျီ-၂၀အုပ်စုအလှည့်ကျဥက္ကဋ္ဌတာဝန်ကို နိုဝင်ဘာ ၁၆ ရက်တွင် အိန္ဒိယနိုင်ငံသို့ တရားဝင်လွှဲပြောင်းပေးခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။




အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ကျင်းပခဲ့သော ၂၀၂၂ခုနှစ် ဂျီ-၂၀ ထိပ်သီးညီလာခံပြီးဆုံးသည့်နေ့မှာပင် အလှည့်ကျဥက္ကဋ္ဌတာဝန်ကို အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက အိန္ဒိယဝန်ကြီးချုပ် မိုဒီထံလွှဲပြောင်းပေးခဲ့ခြင်းဖြစ်သည်။

ဂျီ-၂၀ အလှည့်ကျဥက္ကဋ္ဌတာဝန်ရယူနိုင်မှုသည် အိန္ဒိယပြည်သူအားလုံးဂုဏ်ယူကြရသည့် ကိစ္စဖြစ်ကြောင်း ဝန်ကြီးချုပ်မိုဒီက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် ဂျီ-၂၀အလှည့်ကျဥက္ကဋ္ဌအဖြစ် ၂၀၂၃ ခုနှစ် ဂျီ-၂၀ ထိပ်သီးညီလာခံကို ယင်းနှစ်စက်တင်ဘာ ၉ ရက်မှ၁၀ရက်ထိ နယူးဒေလီမြို့၌ လက်ခံကျင်းပမည်ဖြစ်သည်။

ဂျီ-၂၀ အုပ်စုကို စီးပွားရေးအင်အားကြီးနိုင်ငံပေါင်း ၁၉ နိုင်ငံနှင့် ဥရောပသမဂ္ဂတို့ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

ဂျီ-၂၀ အုပ်စုဝင်နိုင်ငံများ၏ စုစုပေါင်းနှစ်စဉ်စီးပွားရေး ထုတ်လုပ်မှုတန်ဖိုးသည် တစ်ကမ္ဘာလုံးနှစ်စဉ်စီးပွားရေးထုတ်လုပ်မှုတန်ဖိုး၏ ၈၀ ရာခိုင်နှုန်းနှင့်ညီမျှကြောင်း သိရသည်။ KKO

## ကုလသမဂ္ဂစားနပ်ရိက္ခာ ယာဉ်တန်း တီဂရေးဒေသသို့ စတင်ဝင်ရောက်လာ

**အဒစ်အဘာဘာ နိုဝင်ဘာ ၁၇**

စားနပ်ရိက္ခာ အကူအညီများ သယ်ဆောင်ထားသည့် ကုန်တင်ယာဉ်၁၅ စင်းသည် အီသီယိုးပီးယားနိုင်ငံ တီဂရေးဒေသသို့ နိုဝင်ဘာ ၁၆ ရက်တွင် စတင်ဝင်ရောက်လာပြီဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါစားနပ်ရိက္ခာအကူအညီတင်ယာဉ်များသည်အီသီယိုးပီးယားအစိုးရနှင့် တီဂရေးဒေသအခြေစိုက်လက်နက်ကိုင်အုပ်စုများကြား ပြီးခဲ့သည့် ရက်သတ္တနှစ်ပတ်က အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်လက်မှတ် ရေးထိုးပြီးနောက်ပိုင်း တီဂရေးဒေသသို့ ပထမဆုံးရောက်ရှိလာသည့် စားနပ်ရိက္ခာယာဉ်တန်းဖြစ်သည်။

အဆိုပါယာဉ်တန်းသည် တီဂရေးဒေသ၏ အိမ်နီးချင်းအမ်ဟာရာဒေသမှတစ်ဆင့် ၂၀၂၁ ခုနှစ် နှစ်လယ်ပိုင်းမှစ၍ အသုံးမပြုနိုင်ခဲ့သော လမ်းကြောင်းအတိုင်း ဝင်ရောက်ခဲ့ခြင်း ဖြစ်ကြောင်း ကုလသမဂ္ဂတာဝန်ရှိသူများကပြောကြားခဲ့သည်။

ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့(WFP) ယာဉ်တန်းသည် ၂၀၂၁ ခုနှစ် ဇွန်လနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ဂွန်ဒါစကြီလမ်းကိုသုံး၍ တီဂရေးဒေသတွင်းသို့ဝင်ရောက်ခဲ့ကြောင်း WFP က တွစ်တာစာမျက်နှာ၌ အတည်ပြုထားသည်။

အီသီယိုးပီးယား အစိုးရနှင့် တီဂရေး ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (တီပီအယ်လ်အက်ဖ်)တို့သည် နှစ်နှစ်ကြာစစ်ရေးပဋိပက္ခကို ရပ်ဆိုင်းရေးအတွက် နိုဝင်ဘာ ၂ ရက်တွင် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် လက်မှတ်ရေးထိုးခဲ့ကြသည်။

ယခုနှစ် ဩဂုတ်လအတွင်း အစောပိုင်းကာလက ရယူခဲ့သော အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကျိုးပေါက်ခဲ့ရပြီးနောက်ပိုင်း တီဂရေးဒေသတွင်းသို့ နိုင်ငံတကာအကူအညီများ ဝင်ရောက်မှုမရှိခဲ့ကြောင်း သိရသည်။

KKO



## အိုမန်ကမ်းရိုးတန်းကမ်းလွန်ရေပြင်၌ ပစိဖိတ်ဇာကွန်အမည်ရှိရေနံတင်သင်္ဘော အီရန်မောင်းသူမဲ့လေယာဉ်တစ်စီး၏ တိုက်ခိုက်မှုနှင့် ရင်ဆိုင်ခဲ့ရ

**ဒူဘိုင်း နိုဝင်ဘာ ၁၇**

အစ္စရေး ဘီလျံနာတစ်ဦးနှင့် ဆက်စပ်နေသည့် ပစိဖိတ်ဇာကွန်ရေနံတင်သင်္ဘောတစ်စီးသည် အိုမန်နိုင်ငံ ကမ်းရိုးတန်းကမ်းလွန် ရေပြင်အတွင်း၌ အီရန်မောင်းသူမဲ့လေယာဉ်တစ်စီး၏တိုက်ခိုက်မှုနှင့် ရင်ဆိုင်ခဲ့ရကြောင်း အေပီသတင်းဌာနက နိုဝင်ဘာ ၁၆ ရက်တွင် ဖော်ပြခဲ့သည်။

ပစိဖိတ်ဇာကွန်အမည်ရှိ အဆိုပါရေနံတင်သင်္ဘောကို အီရန်မောင်းသူမဲ့လေယာဉ်တိုက်ခိုက်ခဲ့မှုဖြစ်စဉ်သည် နိုဝင်ဘာ ၁၅ ရက်ညပိုင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်က သတင်းထုတ်ပြန်ထားသည်။

အရှေ့အလယ်ပိုင်းဒေသ၌တင်းမာမှုများ မြင့်တက်နေချိန်တွင် အီရန်မောင်းသူမဲ့လေယာဉ်က လိုက်ဘေးရီးယားနိုင်ငံမှ မှတ်ပုံတင်ထားသည့် ပစိဖိတ်ဇာကွန်ရေနံတင်သင်္ဘောကို တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

တိုက်ခိုက်မှုပြုလုပ်ခဲ့သည့် မောင်းသူမဲ့လေယာဉ်သည် အီရန်နိုင်ငံထုတ် ရှာဟက်အမျိုးအစား ဗုံးတင်မောင်းသူမဲ့လေယာဉ် ဖြစ်ကြောင်း အမေရိကန်စစ်ဘက်က သတင်းထုတ်ပြန်ထားသည်။

ပစိဖိတ်ဇာကွန်ရေနံတင်သင်္ဘောသည် အစ္စရေးဘီလျံနာအိုင်ဒန်အိုဖာပိုင်ဆိုင်သည့် ကုမ္ပဏီတစ်ခုဖြစ်သော အိစ်တမ်းပစိဖိတ်သင်္ဘောကုမ္ပဏီမှ ရေနံတင်သင်္ဘောဖြစ်ကြောင်း သိရသည်။

သို့သော် ပစိဖိတ်ဇာကွန်ရေနံတင်သင်္ဘော တိုက်ခိုက်ခံရမှုနှင့် ပတ်သက်၍ အီရန်အစိုးရကတစ်စုံတစ်ရာ ထုတ်ပြောခြင်းမရှိသေးကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## တရုတ်နိုင်ငံက ယောင်ကန်း-၃၄ အုပ်စုဝင် အဝေးအာရုံခံစနစ် ဂြိုဟ်တုသစ်တစ်စင်း လွှတ်တင်



**ပေကျင်း နိုဝင်ဘာ ၁၇**

တရုတ်နိုင်ငံသည် ယောင်ကန်း-၃၄ အုပ်စုဝင် အဝေးအာရုံခံစနစ် ဂြိုဟ်တုသစ်တစ်စင်းကို နိုဝင်ဘာ ၁၅ ရက်က လွှတ်တင်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက နိုဝင်ဘာ ၁၆ ရက်က ရေးသား တင်ပြထားသည်။

ယောင်ကန်း- ၃၄ ၀၃ အမည်ရှိ ဂြိုဟ်တုကို သယ်ဆောင်ထားသော လောင်းမတ်ချ်-၄ စီးရီးပျံ ကို တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ချိကွမ်းဂြိုဟ်တုလွှတ်တင်ရေးစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၄ စီးရီးပျံသည် ယောင်ကန်း- ၃၄ ၀၃ ဂြိုဟ်တုကို သတ်မှတ်ပတ်လမ်းပေါ်သို့ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း တရုတ်အမျိုးသား အာကာသအေဂျင်စီက သတင်း ထုတ်ပြန်ထားသည်။

ယောင်ကန်း- ၃၄ ၀၃ မစ်ရှင်သည် လောင်းမတ်ချ်ဒုံးပျံများ၏ အကြိမ် ၄၅၀ မြောက် မစ်ရှင်ဖြစ်ပြီး လောင်းမတ်ချ်-၇ ဒုံးပျံများသည် အလေးချိန် သုံးတန်ထိရှိသော ဂြိုဟ်တုနှင့် အာကာသယာဉ်များကို ကမ္ဘာမြေပြင်အထက် ကီလိုမီတာ ၇၀၀ တွင်ရှိသည့် ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ၂၀၀၆ ခုနှစ်မှစ၍ မြေကမ္ဘာလေ့လာရေးဂြိုဟ်တုများဖြစ်သည့် ယောင်ကန်းအုပ်စု ဂြိုဟ်တုများကို စတင်လွှတ်တင်ခဲ့ကြောင်း သိရသည်။ KKO

## နာဆာအာကာသယာဉ်မှူးနှစ်ဦး နိုင်ငံတကာအာကာသစခန်းပြင်ပသို့ ထွက်ခွာ၍ စွမ်းအင်ဖြည့်ဆည်းမှုစနစ် အဆင့်မြှင့်တင်

**ဝါရှင်တန် နိုဝင်ဘာ ၁၇**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) အာကာသယာဉ်မှူးနှစ်ဦးသည် နိုဝင်ဘာ ၁၅ ရက်က နိုင်ငံတကာ အာကာသစခန်းပြင်ပသို့ ထွက်ခွာ၍ စွမ်းအင်ဖြည့်ဆည်းမှုစနစ်ကို အဆင့်မြှင့်တင်ပေးခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၁၆ ရက်က ရေးသား တင်ပြထားသည်။

နိုင်ငံတကာအာကာသစခန်းယာဉ်ပြင်ပသို့ ရောက်ရှိနေစဉ်အတွင်း နာဆာအာကာသယာဉ်မှူး ဂျို့ရှ်ကတ်ဆာဒါနှင့် ဖရင့်ခ်ရှူဘီယိုတို့သည် ထပ်မံတပ်ဆင်မည့် နေစွမ်းအင်ပြားသစ် နှစ်ချပ်အတွက် ဒေါက်တိုင်များ တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

နာဆာအာကာသယာဉ်မှူးနှစ်ဦး နိုင်ငံတကာအာကာသစခန်းပြင်ပသို့ ထွက်ခွာချိန်မှာ ၇ နာရီထိရှိခဲ့ကြောင်း သိရသည်။



နာဆာအာကာသယာဉ်မှူးများ၏ နိုဝင်ဘာ ၁၅ ရက် နိုင်ငံတကာအာကာသစခန်းပြင်ပ ထွက်ခွာမှုသည် စွမ်းအင်ဖြည့်ဆည်းမှုစနစ် အဆင့်မြှင့်တင်ရေးအတွက် နာဆာကစီစဉ်ထားသော အာကာသစခန်းယာဉ်ပြင်ပထွက်ခွာမှု သုံးကြိမ်အနက် ပထမဆုံးထွက်ခွာမှုဖြစ်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် နိုင်ငံတကာအာကာသစခန်းယာဉ်၏ စွမ်းအင်ဖြည့်ဆည်းမှုစနစ်ကို အဆင့်မြှင့်တင်ရေးအတွက် နေစွမ်းအင်ပြားသစ် ခြောက်ချပ်တပ်ဆင်ရန် စီစဉ်ထားရာ နှစ်ချပ်တပ်ဆင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ကတ်ဆာဒါနှင့် ရှူဘီယိုတို့၏ နိုင်ငံတကာ အာကာသစခန်းပြင်ပ ထွက်ခွာမှုသည် ယခုနှစ်အတွင်း အာကာသစခန်းရောက် အာကာသယာဉ်မှူးများ ပြုလုပ်ခဲ့သည့် ကိုးကြိမ်မြောက် အာကာသစခန်းယာဉ်ပြင်ပ ထွက်ခွာမှုဖြစ်ကြောင်း သိရသည်။ KKO

## တရုတ်နိုင်ငံကတည်ဆောက်နေသော ကမ္ဘာ့အကြီးဆုံး နေလေ့လာရေး ရေဒီယိုတယ်လီစကုပ်ကွန်ရက်တည်ဆောက်ရေးလုပ်ငန်း အပြီးသတ်

**ပေကျင်း နိုဝင်ဘာ ၁၇**

တိဗက်ကုန်းမြင့်ဒေသ၌ တရုတ်နိုင်ငံက တည်ဆောက်နေသော ကမ္ဘာ့အကြီးဆုံး နေလေ့လာရေး ရေဒီယိုတယ်လီစကုပ်ကွန်ရက် တည်ဆောက်ရေးလုပ်ငန်း အပြီးသတ်ခဲ့ပြီဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၁၆ ရက်က ရေးသား တင်ပြထားသည်။

တောက်ချန်း နေလေ့လာရေး ရေဒီယိုတယ်လီစကုပ်ကွန်ရက် (DSRT) ဟူ၍ အမည်ပေးထားသော အဆိုပါရေဒီယိုတယ်လီစကုပ်ကွန်ရက်၌ အင်တင်နာဇန်း ၃၀၀ ကျော်ပါဝင်ပြီး အဝန်း သုံးကီလိုမီတာကျော်ရှိသည့် စက်ဝိုင်းပုံစံ တည်ဆောက်ဖွဲ့စည်းထားသည်။

တောက်ချန်း နေလေ့လာရေး ရေဒီယိုတယ်လီစကုပ်ကွန်ရက် တည်ဆောက်မှုလုပ်ငန်းမှာ နိုဝင်ဘာ ၁၃ ရက်က အပြီးသတ်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

DSRT ရေဒီယိုတယ်လီစကုပ်ကွန်ရက်ဖြင့် စမ်းသပ်စူးစမ်းမှုများကို လာမည့်နှစ် ဇွန်လတွင်စတင်ရန် တရုတ်သိပ္ပံပညာရှင်များက စီစဉ်ထားသည်။

DSRT ရေဒီယိုတယ်လီစကုပ်ကွန်ရက်သည် နေမျက်နှာပြင်စွမ်းအင်ပေါက်ကွဲမှုများနှင့် ၎င်းပေါက်ကွဲမှုများ၏ ကမ္ဘာ့ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုတို့ကို လေ့လာရာတွင် သိပ္ပံပညာရှင်များကို အထောက်အကူပြုမည်ဖြစ်သည်။

အထူးသဖြင့် DSRT ကဲသို့ ရေဒီယိုတယ်လီစကုပ်ကွန်ရက်မျိုးသည် နေ၏အထက်လေထုလွှာ (Corona) ကို လေ့လာရာတွင်အသုံးဝင်ကြောင်း သိရသည်။ KKO

# HEALTH

## ကိုဗစ်ရောဂါအကြိမ်ကြိမ်ကူးစက်ခံခဲ့ရသူများတွင် ရေရှည်ကျန်းမာရေးပြဿနာများခံစားရနိုင်ခြေ မြင့်မား

**နယူးယောက် နိုဝင်ဘာ ၁၇**

ကိုဗစ်ရောဂါ အကြိမ်ကြိမ် ကူးစက်ခံခဲ့ရသူများ၌ အသက်ဆုံးပါးနိုင်ခြေ သို့မဟုတ် နောက်ဆက်တွဲ ရေရှည်ကျန်းမာရေး ပြဿနာများပေါ်လာနိုင်ခြေ သိသိသာသာ မြင့်မားလာတတ်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၁၆ ရက်က ရေးသား တင်ပြထားသည်။

ကိုဗစ်ရောဂါအကြိမ်ကြိမ်ကူးစက်ခံရသူများသည် တစ်ကြိမ်သာ ကူးစက်ခံရသူများနှင့် နှိုင်းယှဉ်ပါက နောက်ဆက်တွဲကျန်းမာရေး ပြဿနာများကြောင့် အသက်ဆုံးပါးနိုင်ခြေနှင့် ဆေးရုံတက်ရနိုင်ခြေ နှစ်ဆပိုမြင့်မားကြောင်း အမေရိကန်နိုင်ငံ ဝါရှင်တန်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ထို့ပြင် ကိုဗစ်ရောဂါ အကြိမ်ကြိမ်ကူးစက်ခံရသူများ၌ အဆုတ်နှင့် နှလုံးကျန်းမာရေးပြဿနာများ ပေါ်လာနိုင်ခြေမှာလည်း တစ်ကြိမ်သာ ကူးစက်ခံခဲ့ရသူများထက် သုံးဆပိုမြင့်မားကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ကိုဗစ်ရောဂါ တစ်ကြိမ်ထပ်မံကူးစက်ခံရတိုင်း အထက်ပါကျန်းမာရေးပြဿနာများ ပေါ်လာနိုင်ခြေသည်လည်း ပို၍မြင့်မားလာတတ်ကြောင်း၊ သို့ဖြစ်ရာ ကိုဗစ်ရောဂါ နှစ်ကြိမ်ထိ ကူးစက်ခံရဖူးလျှင်ပင် တတိယအကြိမ်ကူးစက်ခံရမည့်အရေးကို ရှောင်ရှားသင့်ကြောင်း သုတေသနပညာရှင်များက အကြံပြုထားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ကိုဗစ်ရောဂါအကြိမ်ကြိမ်ကူးစက်ခံခဲ့ရဖူးသူများနှင့် တစ်ကြိမ်သာကူးစက်ခံရဖူးသူများကြား ကျန်းမာရေးမှတ်တမ်းများကို နှိုင်းယှဉ်လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

KKO

## အမျိုးသမီးများ နံနက်ပိုင်းလေ့ကျင့်ခန်းပြုလုပ်ပါက နှလုံးပြဿနာနှင့် လေဖြတ်နိုင်ခြေ လျော့ချနိုင်ဖွယ်ရှိ

**လန်ဒန် နိုဝင်ဘာ ၁၇**

အမျိုးသမီးများအနေဖြင့် နံနက်ပိုင်းတွင် ကိုယ်လက်လှုပ်ရှားလေ့ကျင့်မှုများ ပြုလုပ်ပါက နှလုံးပြဿနာများပေါ်လာနိုင်ခြေ သို့မဟုတ် လေဖြတ်နိုင်ခြေတို့ကို လျှော့ချနိုင်ဖွယ်ရှိကြောင်း သုတေသန ပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက နိုဝင်ဘာ ၁၆ ရက်က ရေးသားတင်ပြထားသည်။

နံနက်ခင်း၌ လေ့ကျင့်ခန်းပြုလုပ်သူများတွင် နှလုံးရှုတ်တရက်ဖောက်မှုအပါအဝင် နှလုံးရောဂါများဖြစ်နိုင်ခြေ ကျဆင်းနေတတ်ကြောင်း ဗြိတိန်သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

ထို့နည်းတူ နံနက်ပိုင်း ၁၀ နာရီဝန်းကျင်၌ လေ့ကျင့်ခန်းပြုလုပ်သူများတွင်မူ လေဖြတ်နိုင်ခြေ ပိုမှန်ထက် ပိုနည်းပါးနေတတ်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

အထူးသဖြင့် နံနက်ပိုင်း လေ့ကျင့်ခန်းပြုလုပ်မှု၌ အထက်ပါအကျိုးကျေးဇူးများမှာ အမျိုးသမီးများ၌ ပို၍မြင့်မားကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ညနေပိုင်းလေ့ကျင့်ခန်းပြုလုပ်သူများမှာမူ အထက်ပါကျန်းမာရေးအကျိုးကျေးဇူးများကို နံနက်ပိုင်းပြုလုပ်သူများတွင်လောက် မတွေ့ရကြောင်း၊ ဗြိတိန်သုတေသနပညာရှင်များသည် လူပေါင်း ၈၅၀၀၀ တို့၏ လေ့ကျင့်ခန်းပြုလုပ်သည့်အချိန်များနှင့် ကျန်းမာရေးအခြေအနေများကို နှိုင်းယှဉ်လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်သည်။ KKO



# ပန်းချီဆရာ ခုနစ်ဦး၏ ပန်းချီလက်ရာများကိုစုစည်းပြသမည့် အွန်လိုင်းပန်းချီပြပွဲပြုလုပ်မည်



**ရန်ကုန် နိုဝင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ Queen Shin Saw Pu Art Studio & Gallery တွင် ပန်းချီဆရာ ခုနစ်ဦး၏ ပန်းချီလက်ရာများကို စုစည်းပြသမည့် အွန်လိုင်းပန်းချီပြပွဲ ပြုလုပ်သွားမည်ဖြစ်ကြောင်း Queen Shin Saw Pu Art Studio & Gallery ပြခန်း တာဝန်ခံ မသဇင်ကျော့ရှင်းက ပြောပြ၍ သိရသည်။

အဆိုပါ အွန်လိုင်းပန်းချီပြပွဲကို နိုဝင်ဘာ ၂၁ ရက်မှ နိုဝင်ဘာ ၂၈ ရက်ထိ နံနက် ၁၀ နာရီမှ ညနေ ၅ နာရီထိ ပြသထားမည်ဖြစ်ပြီး ပြခန်းသို့ လူကိုယ်တိုင်လည်း လာရောက်ကြည့်ရှုလေ့လာဝယ်ယူနိုင်ကြောင်း၊ ပြပွဲတွင် ကွယ်လွန်သွားပြီဖြစ်သည့် ရိုးရာပန်းချီဆရာကြီး ပန်းချီ ကြည်သိန်းအပြင် ထင်ရှားသည့် လူငယ်ပန်းချီဆရာများဖြစ်သည့် ပန်းချီ စောစတီးဖ၊ ပန်းချီ ညီအောင်မော်၊ ပန်းချီ ထူးလွင်အေး၊ ပန်းချီ မင်းဇော်အောင်၊ ပန်းချီ မောင်မြင့်အောင်၊ ပန်းချီ ဇော်မင်း(မင်းကွန်း)တို့၏ ရေဆေး၊ ဆီဆေးအပါအဝင် လက်ရာစုံဖြင့် ဖန်တီးထားသည့် ပန်းချီကား ၃၅ ကား ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"ပြပွဲမှာတော့ ဈေးကွက်ရှိပြီး အောင်မြင်ထင်ရှားတဲ့ ပန်းချီဆရာ ခုနစ်ယောက်ရဲ့ ပန်းချီကား ၃၅ ကားကို ပြသပေးသွားမှာပါ။ ကွယ်လွန်သွားပြီဖြစ်တဲ့ ပန်းချီဆရာကြီး ပန်းချီကြည်သိန်းရဲ့ ပန်းချီကားတွေလဲ ပါဝင်ပါမယ်။ အခြားထင်ရှားတဲ့ ပန်းချီညီအောင်မော်တို့လို၊ ပန်းချီစောစတီးဖတို့လို ပန်းချီဆရာတွေရဲ့ ပန်းချီကားတွေလဲ မြင်ရမှာပါ"ဟု Queen Shin Saw Pu Art Studio & Gallery ပြခန်းတာဝန်ခံ မသဇင်ကျော့ရှင်းက ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသထားမည့် ပန်းချီကားများ၏အရွယ်အစားများမှာ (၁၁×၁၅)လက်မ၊ (၁၅×၂၂)လက်မ၊ (၁၈×၃၆)လက်မ၊ (၂၀×၃၀) လက်မ၊ (၂၄×၂၄) လက်မ၊ (၂၄×၃၀) လက်မ စသည့်အရွယ်အစားအစုံ ပန်းချီကားများပါဝင်ပြီး ဈေးနှုန်းမှာ ငွေကျပ် ခုနစ်သိန်းမှ ငွေကျပ်သိန်း ၃၀ ထိရှိကြောင်း သိရသည်။

ASH

# ဒါးပိန်ပန်းပုကျေးရွာမှ ကုက္ကိုသားအနှစ် သိမ်းငှက်မြွေချီအရုပ်များ အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်အတွင်းရှိ ပန်းပုအရောင်းဆိုင်များသို့ တင်ပို့နေ

**ရန်ကုန် နိုဝင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ဒါးပိန်ပန်းပုကျေးရွာရှိ ပန်းပုအလုပ်ရုံများမှ ကုက္ကိုသားအနှစ်ဖြင့် ထုလုပ်ထားသည့် သိမ်းငှက်မြွေချီ ပန်းပုရုပ်တုများကို ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့်မွန်ပြည်နယ်တို့ရှိ ပန်းပုအရောင်းဆိုင်များသို့တင်ပို့နေကြောင်း ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဒါးပိန်ပန်းပုကျေးရွာရှိ မြင့်မိုရ်ဦးပန်းပုလုပ်ငန်းပိုင်ရှင် ဦးအေးချမ်းက ပြောပြ၍ သိရသည်။

ယခုလတွင် ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့ရှိ ပန်းပုအရောင်းဆိုင်များသို့ အပ်ထည်မဟုတ်သည့် စိတ်ကြိုက်ထုလုပ်ထားသော ပန်းပုလက်ရာများကိုတင်ပို့နေခြင်းဖြစ်ပြီး လက်ရှိတွင် အရွယ်အစား အမြင့် ၂၀ လက်မ၊ တောင်ပံအကျယ် ၈ ဒသမ ၅ လက်မ၊ ရှေ့နောက်အလျား ၁၀ လက်မရှိသည့်ကုက္ကိုသားအနှစ်ဖြင့် ထုလုပ်ထားသော သိမ်းငှက်မြွေချီပန်းပုရုပ်တုများကို တင်ပို့ပေးနေကြောင်း သိရသည်။



"မနှစ်က သင်္ကြန်ပြီးကတည်းက ပန်းပုအော်ဒါတွေ ပြန်ရလာပေမဲ့ အပ်ထည်တွေချည်းပဲ များတယ်။ ကျွန်တော်တို့ ပန်းပုအလုပ်ရုံက ပန်းပုဆရာတွေ စိတ်ကြိုက်ထုလုပ်ထားတဲ့ ပန်းပုရုပ်တွေကို မှာယူတာတော့ မရှိသလောက်နည်းခဲ့တယ်။ အခုနောက်ပိုင်းကျတော့ ဈေးကွက်က နည်းနည်းပြောင်းလာတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာလတတိယပတ်ကစပြီး သူတို့ဆီကို အပ်ထည်တွေအပြင် ပန်းပုအထည်သစ်တွေရှိရင် ပို့ပေးပါဆိုပြီးတော့ ကမ်းလှမ်းလာတဲ့အတွက် ကျွန်တော်တို့ဆီက ပန်းပုဆရာတွေ ထုလုပ်တဲ့ ပုံစံသစ်ကလေးတွေ စမ်းသပ်ပြီးတော့ ပို့နေပါတယ်။ သူတို့က ကတ်တလောက်ပြလိုက်တော့ သဘောကျတဲ့အတွက် စုစုပေါင်း အရုပ် ၂၀၀ လောက် ပို့ရမှာပါ။ သိမ်းငှက်မြွေချီပန်းပုရုပ်တု တစ်ခုကို ငွေကျပ် ၈၀၀၀၀ လောက်ရှိပါတယ်"ဟု ဦးအေးချမ်းက ပြောပြ၍ သိရသည်။ ASH

# သရုပ်ဆောင် အေးသီတာနှင့် အလှူရှင်များက အိမ်ထောင်စု ၄၀၀ ကို စေတနာဒါနလှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၁၇**

သရုပ်ဆောင် အေးသီတာနှင့် အလှူရှင်များက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်တွင် ဝင်ငွေနည်း အခက်အခဲရှိ အိမ်ထောင်စု ၄၀၀ ကို နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းက စေတနာဒါနလှူဒါန်းခဲ့ကြောင်း သိရသည်။

သရုပ်ဆောင် အေးသီတာနှင့် အလှူရှင်များသည် ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ် (၆၁) ရပ်ကွက်တွင် ဝင်ငွေနည်း အခက်အခဲရှိ အိမ်ထောင်စု ၄၀၀ အတွက် ထမင်းနှင့် ကြက်သားဟင်းတို့ကို ဝေငှလှူဒါန်းခဲ့ခြင်းဖြစ်ပြီး အဆိုပါအလှူအတွက် ငွေကျပ်ခြောက်သိန်းခန့် ကုန်ကျခဲ့သည်။

"ကိုဗစ်ကာလကတည်းက စေတနာရှင် အလှူရှင်တွေနဲ့ ပူးပေါင်းပြီးတော့ လှူဒါန်းခဲ့တာဖြစ်ပါတယ်။ တစ်လကို အနည်းဆုံး သုံးကြိမ်လောက်တော့ လှူဒါန်းဖြစ်ပါတယ်။ မတည်အလှူရှင်တွေရဲ့ ငွေကြေးပေါ်မူတည်ပြီး အိမ်ထောင်စု ၂၀၀ လောက်ကနေစပြီးတော့ အိမ်ထောင်စု ၆၀၀ လောက်ထိ လှူဒါန်းနေပါတယ်။ အခု မတည်လှူဒါန်းတဲ့ မိသားစုကတော့ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားမှာ နေထိုင်တဲ့ မိသားစုရဲ့ မွေးနေ့အလှူ ဖြစ်ပါတယ်။ လှူဒါန်းတဲ့ နေရာတွေကတော့ ကိုယ်တိုင်စုံစမ်းတာရှိသလို လာရောက် လှူဒါန်းပေးဖို့ ဖိတ်ခေါ်တဲ့ နေရာတွေကိုလဲ လှူဒါန်းပေးနေပါတယ်"ဟု သရုပ်ဆောင် အေးသီတာက ပြောပြသည်။

သရုပ်ဆောင်အေးသီတာသည် ကိုဗစ်ကာလအတွင်းမှ စတင်ကာ ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်တချို့တွင် ဝင်ငွေနည်း အခက်အခဲရှိ အိမ်ထောင်စုများကို တစ်နိုင်တစ်ပိုင် လှူဒါန်းခဲ့သူဖြစ်ကြောင်း သိရသည်။

ASH

# Outcome ဇာတ်ကားတွင် မင်းသား ကီနူးရိ ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် နိုဝင်ဘာ ၁၇**

ဒါရိုက်တာ ဂျိုနာဟေးရိုက်ကူးမည့် Outcome အမည်ရှိရုပ်ရှင်ဇာတ်ကားတွင် ကမ္ဘာကျော်မင်းသား ကီနူးရိပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၁၆ ရက်တွင် ရေးသားတင်ပြထားသည်။

Outcome ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာဂျိုနာဟေးက ဇာတ်ညွှန်းရေးဆရာ အက်ဇရာဝုဒ်နှင့် ပူးတွဲရေးသားမည်ဖြစ်ကြောင်း သိရသည်။

Outcome ဇာတ်ကားသည် ဒါရိုက်တာ ဂျိုနာဟေး၏ ဒုတိယမြောက် ရုပ်ရှင်ဇာတ်ကားဖြစ်သည်။

ဒါရိုက်တာ ဂျိုနာဟေးသည် ၎င်း၏ကလေးဘဝ အတွေ့အကြုံများကိုအခြေခံ၍ Mid90S အမည်ရှိ ရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ရုံတင်ပြသခဲ့ရာ အောင်မြင်မှုရရှိခဲ့သည်။

လက်ရှိအချိန်တွင် Outcome ဇာတ်ကားနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို မသိရသေးကြောင်း၊ သို့သော် အဆိုပါဇာတ်ကားကို ထုတ်လုပ်ဖြန့်ချိခွင့်ရရှိရေးအတွက် ထိပ်တန်းရုပ်ရှင်စတူဒီယိုကြီးများက ကြိုးစားနေကြောင်း သိရသည်။ KKO



# Alien ရုပ်ရှင်ဇာတ်ကား၌ မင်းသမီး ကိုင်လီစပေနီ ပါဝင်ဖွယ်ရှိ

**နယူးယောက် နိုဝင်ဘာ ၁၇**

Alien ရုပ်ရှင်ဇာတ်ကား၌ မင်းသမီး ကိုင်လီစပေနီ ပါဝင်သရုပ်ဆောင်ဖွယ်ရှိကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၁၆ ရက်တွင် ရေးသားတင်ပြထားသည်။

Alien ဇာတ်ကားကို Don't Breathe ဒါရိုက်တာ ဖီဒီအယ်ဗားရက်က ကိုယ်တိုင်ဝတ္ထုဇာတ်ညွှန်းရေး၍ ကိုယ်တိုင်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် အဆိုပါဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ရေးအတွက် မင်းသမီး ကိုင်လီစပေနီသည် ထုတ်လုပ်သူများနှင့် ဆွေးနွေးနေသည်။

မင်းသမီး ကိုင်လီစပေနီသည် The Craft:Legacy ၊ Pacific Rim Uprising စသည့်ဇာတ်ကားများ၌ ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်ကြောင်း သိရသည်။

Alien ဇာတ်ကားများကို ဒါရိုက်တာ ရစ်ဒလေစကော့နှင့် ဂျိမ်းကင်မရွန်တို့လည်း ရိုက်ကူးပေးခဲ့ဖူးသည်။

လက်ရှိအချိန်တွင် ဒါရိုက်တာ ဖီဒီအယ်ဗားရက် ရိုက်ကူးမည့် Alien ဇာတ်ကားနှင့်ပတ်သက်၍ အခြားအသေးစိတ်အချက်အလက်များကို မသိရသေးကြောင်း သိရသည်။

KKO



# Myanmar sent more than 65,000 tons of rice to Bangladesh from October to early November 2022


Bags of rice being loaded onto a ship at Yangon port.

**Yangon November 17**

Myanmar has exported more than 65,000 tons of rice to Bangladesh from October 2022 to early November, said central executive committee member U Nyein Chan Aung of Myanmar Rice Federation (Yangon Region).

According to the memorandum of understanding, Myanmar must send 200,000 tons of rice to Bangladesh. As of the first week of October to 10 November 2022, over 65,000 tons of rice has been exported to Bangladesh.

"According to the trade agreement, we have to send 200,000 tons of rice to Bangladesh within three months by December. Currently, we would export 200,000 tons in time, and it may take time of exportation till the first week of January 2023," said U Nyein Chan Aung.

According to the MoU, Myanmar has to send more than 55,000 tons of parboiled rice to Bangladesh, and so far, preparations are being made to export it.

Bangladesh set a rate of purchasing US$465 per ton of Myanmar rice. It is direct payment system. More than 30 Myanmar companies grasped the chance to export rice to Bangladesh. ASH

# Plan underway to build 60-ton rice mill in Mawlamyine before monsoon paddy milling period

**Mawlamyine November 17**

A rice mill with capacity of milling 60 tons of rice per day will be built in Mawlamyine of Mon State before 2023 monsoon paddy milling period, said Mon State Minister for Economic Affairs U Aung Kyi Thein.

As Mon State is potential for exporting rice to foreign market, arrangements are being made to build the modern rice mills. At present, a site owned by Mawlamyine Township Cooperative Syndicate was chosen for construction of the rice mill. Authorities will invite shares for the rice mill.

"Now, work is in progress. I think completion of the rice mill may be before milling the coming monsoon paddy in 2023," said U Aung Kyi Thein.

Moreover, Mon State government cooperate with relevant ministries and the Myanmar Rice Federation in ensuring the local food sufficiency, seeking local and foreign market shares and minimizing loss and waste.

Mon State cultivated 569,658 acres of monsoon paddy this year, exceeding 41,282 acres than 618,376 acres in 2022-23 cultivation season. The state used paddy strains such as Hsinthwelat, Hsinthulha, Manawthukha, Theehtetyin, Emahta (high grade), Hmawby-2, Kyawzeya, Ayeyamin, Shwewahtun and Shwetasok.

Currently, Pawsan paddy fetches K1.1 million per 100 baskets and Emahta K800,000.

ASH

# Foreign investment reaches over US$ 1.4 billion from April to October this FY

**Nay Pyi Taw November 17**

The amount of foreign investment in Myanmar has reached more than US$ 1.4 billion during the period from April to October of the 2022-2023 FY, according to the Directorate of Investment and Company Administration (DICA).

During the seven-month period from April to October 2022, 52 foreign investment businesses were approved, and the amount of investment from these businesses reached more than US$ 1.4 billion, according to U Lay Naing, Director of the DICA.

"The amount of foreign investment in Myanmar has reached more than US$ 1.4 billion from April to October of the 2022-2023 FY. If we look at investment by sector, the energy sector has received the most investment, amounting to more than US$ 810 million. More than US$ 410 million have been invested in the service sector and almost US$ 180 million in the manufacturing sector," said U Lay Naing.

In this fiscal year, Singapore's investment is the largest, with 14 companies investing US$ 1.154 billion, followed by China with more than US$ 90 million.

ASH

# G20: Xi accuses Trudeau of leaks to media about China-Canada relations

**Bali November 17**

China's Xi Jinping has been filmed accusing Justin Trudeau of leaking meeting details, days after they held talks at the G20 summit in Bali.

President Xi told the Canadian PM, via a translator, this was inappropriate and accused him of lacking "sincerity".

He was likely referring to reports that Mr Trudeau discussed alleged Chinese espionage and interference in Canadian elections at the sit down.

The talks, which happened behind closed doors, were the pair's first in years.

In the footage, filmed by journalists at the now finished gathering of world leaders, President Xi and Mr Trudeau can be seen standing close to each other and conversing via a translator.

"Everything we discussed has been leaked to the papers and that is not appropriate," the Chinese leader told Mr Trudeau in Mandarin.

It captures a rare candid moment of President Xi, whose image is normally carefully curated by Chinese state media.

After smiling and nodding his head, the Canadian PM responded by saying "in Canada we believe in free and open and frank dialogue and that is what we will continue to have". BBC

# US midterms: Republicans narrowly win back the House


Kevin McCarthy, the Republicans' leader in the House of Representatives, has been nominated by his party to be the new House Speaker.

**Washington November 17**

Republicans have secured the 218 seats needed for a majority in the lower chamber of Congress a week after the midterm elections, the BBC's US partner CBS News projects.

While the party's margin in the House of Representatives is razor-thin, it is enough to stall President Joe Biden's agenda for the next two years.

Kevin McCarthy, the Republicans' leader in the House, celebrated the result.

But Democrats will retain control of the upper chamber, the Senate.

The new Congress will convene in January.

The Republicans - who had hoped to win back control of both chambers - underperformed expectations in last week's midterms.

But they won the seat they needed for their House majority on Wednesday when California's 27th district went to incumbent Mike Garcia.

The Republican party is now projected to win between 218-223 seats in the 435-seat House, according to CBS.

But with votes in several cliff-hanger races still being counted, their majority may not be clear for days or even weeks.

BBC

# More than 600 companies export agricultural produce to China


Muskmelons for exports.

**Nay Pyi Taw November 17**

More than 600 companies export agricultural produce to China, according to the crop protection branch of the Agriculture Department.

These companies from Myanmar have been approved by the General Administration of Customs of thePeople's Republic of China-GACC.

These companies sell out rice and broken rice, tissue banana and maize to China. In this regard, 62 companies emphasize export of rice and broken rice, 112 companies maize and 32 companies tissue banana. Currently, pineapple, avocado, soya bean and pomelo are exported to China.

The agricultural produce group is the second reliable group for exporation for Myanmar. From 1 April to 4 November 2022, Myanmar exported US$2,027.358 million to China. 336

# Over US$280 million earned from exporting green gram until 4 November this fiscal year

**Nay Pyi Taw November 17**

Myanmar earned more than US$280 million from exporting the green gram from 1 April to 4 November in the current 2022-2023 financial year, according to sources from the Ministry of Commerce.

Green gram or mung bean is mainly exported to India, which also buys from Mozambique. This is why Myanmar has to compete against that country to acquire a market. Green gram produced from Myanmar has to rely solely on India for exports. Currently, India is also growing and producing green gram.

However, Myanmar earned up to US$280.902 million from green gram exports until 4 November this fiscal year. From 1 April 2022 to 4 November this fiscal, the total export value of green gram was US280.902million—US$273.464 million via maritime routes and US$7.438 million via border routes.

During the period, over 20kinds of beans and pulses were exported to customer countries and green gram was the second largest volume in exports.

India eyes Myanmar's green gram market because the latter's quality can compete against that of Mozambique while India's crop is inferior in quality. Thus, Indian demand for Myanmar's green gram is increasing.

In the local market, one ton of green gram was worth around K60,000in the second week of November. So far, over 20 containers of mung beans have been exported. 336


Green gram for export.

# Govt. plans to run tyre and rubber factory in Thaton under a public-private partnership system

**Thaton November 17**

Tyre and rubber factory in Thaton, Mon State will be run under a public-private partnership (PPP) system, according to reports from Ministry of Industry released on November 14, 2022.

Under the supervision of No. (2) Heavy Industry Enterprise, No. (21) Heavy Industry (tyre and rubber factory-Thaton), will be conducted by private investors from local and foreign in the form of public-private partnership (PPP) for tyre and rubber manufacturing activities, as well as other industrial products manufacturing activities.

The factory is located in Thaton Township, Mon State, about 156 miles away from Yangon, on the Thaton-Hpa-an road, near Kyapan Village.

The tyre factory was built with Czech technology and started operating in 1985.

In addition to tyres, the factory also produced other industrial products.

Currently, the factory is inviting private investors from local and foreign, who want to work in the form of public-private partnership (PPP) to carry out the production of tyres and rubber products as well as other industrial products.

336

# Motorbike showrooms need to use brand new ones for sale

**Yangon November 17**

The Ministry of Commerce on 15 November stated that the motorcycle showrooms need to import brand new products for display at the showrooms for sales.

The ministry issued a notification on 11 November for import rules for motorbike showrooms to export the brand new products for sales.

The notification includes 18-point rules for import of brand new motorcycles to be showcased at the showrooms.

These disciplines are the showroom company must be run by Myanmar citizen or joint venture of Myanmar citizen and foreigner with registration taken at the Directorate of Investment and Company Administration.

The showroom companies must show the bank guarantee to pay K50 million deposit to the banks mandated by the Central Bank of Myanmar.

The office, parlour and showroom must be at least 5,000 square feet of area, and the products must be brand new. The model must be manufactured within two years.

Moreover, owners of showrooms must apply for the work permit at region and state government and relevant development affairs committee. During the period, they have to seek the recommendation of township development committees for temporary permission.

Action will be taken against those offenders under the existing laws.

336

# Condensed milk, milk powder worth US$2.9 million imported in October

**Yangon November 17**

The Ministry of Commerce stated that more than 1,300 tons of condensed milk and milk powder worth more than US$2.9 million were imported through shipping in October 2022.

Although local manufacturers produce condensed milk and dairy products at home, more products were imported monthly due to local demand, according to the ministry.

In October, these products could not be imported through land borders because of local situation in Muse but shipping.

According to the Ministry of Commerce, condensed milk and dairy products weighing 1,340 tons worth US$2.939 million in shipping.

In this regard, 1,000 tons of condensed milk worth US$1.296 million and 340 tons of milk powder worth US$1.643 million were imported from Malaysia only.

In September, maritime trade was used in import of 1,400 tons of condensed milk, declining 400 tons in October.

In October, 150 tons of milk power were imported from Ireland, 150 tons from Lithuania and 40 tons from New Zealand, totalling 340, exceeding 150 tons than 190 tons of September. The country imports some US$100 million worth of dairy products on a yearly basis.

336

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ရုရှားက ဒုံးကျည်အမြောက်အမြားဖြင့် ယူကရိန်းစွမ်းအင်ဆိုင်ရာအဆောက်အအုံများကို ပစ်မှတ်ထားတိုက်ခိုက်



ရုရှားသည် ဒုံးကျည်အမြောက်အမြားဖြင့် တိုက်ခိုက်မှုတွင် ယူကရိန်းစွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း ယူကရိန်းသမ္မတ ဇီလန်စကီးက နိုဝင်ဘာ ၁၅ ရက်က ကြေညာခဲ့သည်။

ယူကရိန်းသမ္မတ ဇီလန်စကီးက ရုရှားနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် အခြေအနေများသတ်မှတ်ပေးပြီးနောက် ရုရှားက လက်တွေ့မဆန်ဘဲ ပြည့်စုံမှုမရှိဟု မှတ်ချက်များအပြီး တိုက်ခိုက်မှုများ ထွက်ပေါ်လာခြင်းလည်းဖြစ်သည်။

ရုရှားတပ်ဖွဲ့များသည် ယူကရိန်းနိုင်ငံ၏ စွမ်းအင်စနစ်ကိုပစ်မှတ်ထား၍ ဒုံးကျည် ၈၅ စင်း ပစ်လွှတ်တိုက်ခိုက်ခဲ့ကြောင်း ယူကရိန်းသမ္မတ ဇီလန်စကီးက နိုဝင်ဘာ ၁၅ ရက် ညနေပိုင်း အရေးပေါ်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။ ထိုသို့ ဒုံးကျည်အမြောက်အမြားဖြင့် တိုက်ခိုက်ခံရမှုအပြီးတွင် အခြေအနေကို သမ္မတရုံးက အရေးပေါ်အဆင့်ဟုသတ်မှတ်ခဲ့ပြီး တိုက်ခိုက်မှုအများစုသည် ယူကရိန်းနိုင်ငံအလယ်ပိုင်းနှင့် မြောက်ဘက်ရှိ အဆောက်အအုံများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်ဟု ဇီလန်စကီးက ပြောကြားခဲ့သည်။

မြို့တော် ကီယက်ဗ်၏ လက်ရှိအခြေအနေသည်ခက်ခဲလွန်းလှသည်ဟု ယူကရိန်းသမ္မတရုံး၏ ဒုတိယအကြီးအကဲ Kirill Timoshenko က ပြောကြားခဲ့သည်။ ယူကရိန်း စွမ်းအင်ပံ့ပိုးရေးကုမ္ပဏီများအနေဖြင့် စွမ်းအင်စနစ်ချို့ယွင်းမှုမဖြစ်ပေါ်စေရန် အရေးပေါ်ဓာတ်အားဖြတ်တောက်မှုများ ပြုလုပ်ခဲ့ရကြောင်း ၎င်းက ပြောကြားခဲ့သည်။

ဒေသဆိုင်ရာအာဏာပိုင်များ၏ အဆိုအရ ယူကရိန်းနိုင်ငံအနောက်ပိုင်း Lviv မြို့တွင် နေထိုင်သူထက်ဝက်ခန့်နှင့် ကီယက်ဗ်မြို့ခံထက်ဝက်ခန့်သည် ဒုံးကျည်တိုက်ခိုက်မှုများခံရပြီးနောက် လျှပ်စစ်မီးမရရှိသေးကြောင်း သိရသည်။ အဆိုပါဒုံးကျည်တိုက်ခိုက်မှုတွင် ယူကရိန်းနိုင်ငံဒေသကိုးခုထိ ပစ်မှတ်ထားတိုက်ခိုက်ခံခဲ့ရကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားခဲ့သည်။

ယူကရိန်း၏ အိမ်နီးချင်း မော်လ်ဒိုဗာနိုင်ငံသည်လည်း တိုက်ခိုက်မှုဒဏ်ကိုခံခဲ့ရသည်။ ယူကရိန်းဓာတ်အားပေးစက်ရုံများ တိုက်ခိုက်ခံရမှုများကြောင့် မော်လ်ဒိုဗာတွင် နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အားပြတ်တောက်ခဲ့ရကြောင်း မော်လ်ဒိုဗာနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ် Andrei Spinu က Telegram တွင် ပြောကြားခဲ့သည်။

ယူကရိန်းလေကြောင်းရန်ကာကွယ်ရေးစနစ်ကပစ်ချခဲ့သည့် ဒုံးကျည်တစ်စင်းသည် မြို့တော်ကီယက်ဗ်ရှိ လူနေအဆောက်အအုံတစ်ခုပေါ်သို့ ကျရောက်ခဲ့ရာ တစ်ဦးသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာအရေးပေါ်ဌာနက အတည်ပြုပြောကြားခဲ့သည်။ ယူကရိန်းလေတပ်မှ ပြောရေးဆိုခွင့်ရှိသူကလည်း ယူကရိန်းတွင် X-101 နှင့် X-555 ခရုဇ်ဒုံးကျည်အစင်းရေ ၁၀၀ ခန့် ပစ်လွှတ်တိုက်ခိုက်ခံခဲ့ရကြောင်း ပြောကြားထားသည်။

ယူကရိန်းသမ္မတ ဇီလန်စကီးက နောက်ဆက်တွဲအနေဖြင့် နောက်ထပ်တိုက်ခိုက်မှုများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ပြည်သူများကို အမိုးအကာ၊ ဗုံးခိုကျင်းများတွင် နေထိုင်ကြရန် သတိပေးခဲ့သည်။

ယူကရိန်းစွမ်းအင်ဝန်ကြီး German Galushenko က အဆိုပါဒုံးကျည်တိုက်ခိုက်မှုသည် ပဋိပက္ခစတင်ကတည်းက ယူကရိန်း၏ စွမ်းအင်စနစ်ကို အကြီးကျယ်ဆုံး ပစ်မှတ်ထားတိုက်ခိုက်မှုဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယူကရိန်းနှင့် အိမ်နီးချင်းနိုင်ငံတချို့ ထိခိုက်မှုများရှိခဲ့ကြောင်း ၎င်းကအတည်ပြုပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် လက်ရှိဖြစ်ပေါ်နေမှုများနှင့်ပတ်သက်၍ ယခုအချိန်ထိ မှတ်ချက်တစ်စုံတစ်ရာမပေးသေးကြောင်း သိရသည်။

**Massive missile strikes reported across Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

## ဂျပန်နိုင်ငံက ဦးဆောင်၍ ဖိလစ်ပိုင်ပင်လယ်ပြင်တွင် ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှု ပြုလုပ်သွားရန်ရှိ

ဂျပန်နိုင်ငံ ရေကြောင်းတပ်ဖွဲ့သည် ယခုနှစ်အတွင်း ဖိလစ်ပိုင်ပင်လယ်ပြင်တွင် အမေရိကန်၊ အိန္ဒိယနှင့် ဩစတြေးလျရေတပ်များနှင့် ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှုကိုဦးဆောင်ပြီး နိုင်ငံလေးနိုင်ငံအဆင့်မြင့်စစ်ဆင်ရေး နည်းဗျူဟာအစီအမံများအပေါ် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

နှစ်စဉ် ပြုလုပ်နေကျ Malabar 2022 ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှုတွင် အဆင့်မြင့်နည်းဗျူဟာလေ့ကျင့်မှုများ၊ ရေငုပ်သင်္ဘော ပူးပေါင်းပါဝင်လေ့ကျင့်ရေး၊ ရေငုပ်သင်္ဘောတိုက်ဖျက်မှုစစ်ဆင်ရေးနှင့် ပင်လယ်ရေကြောင်းကာကွယ်တားဆီးရေးလေ့ကျင့်မှုများအပါအဝင် ပင်လယ်ရေပြင်စစ်ဆင်ရေးလေ့ကျင့်မှုများ ပြုလုပ်ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

ပါဝင်ဆောင်ရွက်ကြမည့် နိုင်ငံ လေးနိုင်ငံမှ စစ်သင်္ဘောများနှင့် လေယာဉ်များသည် လေကြောင်းရန်ကာကွယ်ရေးလေ့ကျင့်မှုများ၊ ပင်လယ်ပြင်တွင် ပြန်လည်ဖြည့်တင်းရေးလုပ်ဆောင်မှုများ၊ တိုက်ရိုက်ပစ်ခတ်စဉ်လေ့ကျင့်မှုများနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများပါ လုပ်ဆောင်သွားကြမည်ဖြစ်သည်။

“ဒီအဆင့်မြင့်နည်းဗျူဟာမြောက်လေ့ကျင့်မှုတွေကနေတစ်ဆင့် ကျွန်တော်တို့ဟာ နိုင်ငံအသီးသီးက ရေတပ်တွေရဲ့ စစ်နည်းဗျူဟာစွမ်းရည်တွေကို မြှင့်တင်နိုင်ခဲ့ပြီး အမေရိကန်၊ အိန္ဒိယ၊ ဩစတြေးလျရေတပ်တွေနဲ့ ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာအားကောင်းစေကာ ဂျပန်နိုင်ငံအတွက် လိုအပ်တဲ့စိတ်ချယုံကြည်နိုင်မဲ့ လုံခြုံရေးပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်ခဲ့ပါတယ်”ဟု ဂျပန်ရေတပ်မှ ဒုတိယဗိုလ်ချုပ်ကြီး IkeuchiIzuru က ပြောကြားခဲ့သည်။

“ဒီလေ့ကျင့်မှုဟာ လွတ်လပ်ပြီးပွင့်လင်းတဲ့ အင်ဒို-ပစိဖိတ်ဒေသကို အကောင်အထည်ဖော်ဖို့ နိုင်ငံလေးနိုင်ငံရဲ့ ခိုင်မာတဲ့ စည်းလုံးညီညွတ်တဲ့ဆန္ဒကို ကိုယ်စားပြုတယ်လို့လဲ ကျွန်တော်ယုံကြည်ပါတယ်”ဟု ဒုတိယဗိုလ်ချုပ်ကြီး Ikeuchi-Izuru က ထည့်သွင်းပြောကြားခဲ့သည်။

အင်ဒို-ပစိဖိတ်ဒေသတွင် ပုံမှန်အတူတကွလုပ်ဆောင်နေကျ နိုင်ငံများအတွက် မာလာဘာ ရေတပ်ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် အရေးပါသောလေ့ကျင့်ခန်းတစ်ခုလည်းဖြစ်သည်။



“ဒီလေ့ကျင့်မှုဟာ ကျွန်တော်တို့သဘောထားတူတဲ့ ရေကြောင်းတပ်ဖွဲ့တွေအတူတကွပူးပေါင်းလုပ်ဆောင်ဖို့ အခွင့်အလမ်းကောင်းတစ်ခုဖြစ်ပြီး ဒေသတွင်းမှာ တူညီတဲ့ကတိကဝတ်တွေအတိုင်း လုံခြုံရေးနဲ့ တည်ငြိမ်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်မှုကိုပြသနေပါတယ်”ဟု အမေရိကန်ရေတပ်ဗိုလ်ချုပ်ကြီး Michael Donnelly က ပြောကြားခဲ့သည်။

နိုင်ငံလေးနိုင်ငံမှ နှစ်စဉ် ရေကြောင်းလေ့ကျင့်ခြင်း ဦးဆောင်မှုအခန်းကဏ္ဍကို အလှည့်ကျတာဝန်ယူလုပ်ဆောင်နေခြင်းလည်းဖြစ်သည်။ ပြီးခဲ့သည့်နှစ်က အမေရိကန်ရေတပ်ကဦးဆောင်၍ ဘင်္ဂလားပင်လယ်အော်တွင် Malabar 2021 ကို ပြုလုပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**Japan Leads US, India, Australia Joint Naval Drill in Philippine Sea ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ကျုံပျော်မြို့နယ်၌ စားဖိုဆောင်သီးနှံ ၂၅၄၉ ဧက စိုက်ပျိုးမည်



ယခင်နှစ်က အောင်မြင်ဖြစ်ထွန်းသော စားဖိုဆောင်စိုက်ခင်းကို တွေ့ရစဉ်။

**ကျုံပျော် နိုဝင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံ ၂၅၄၉ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၂၅၄၉ ဧကကို ဒီဇင်ဘာလပထမပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ယခုနှစ် စားဖိုဆောင်သီးနှံ ၂၅၄၉ ဧကကို ဒေသခံတောင်သူ ၂၀၃ ဦးက အများဆုံး စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်ဆောင်းသီးနှံစိုက်ပျိုးတဲ့ရာသီမှာ စားဖိုဆောင်သီးနှံ ၂၅၄၉ ဧကစိုက်ပျိုးမှာဖြစ်ပါတယ်။ စိုက်ပျိုးမဲ့အသီးအနှံတွေမှာ ပိုးမွှားအန္တရာယ်ကင်းရှင်းဖို့နဲ့ အထွက်နှုန်းကောင်းစေဖို့ အသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်။ တောင်သူတွေအနေနဲ့ စိုက်ပျိုးတဲ့သီးနှံတွေ မှန်းသလောက်ထွက်ရှိစေဖို့ မျိုးစေ့တွေ အသုံးပြုတာမှန်ကန်စေဖို့ကို အားပေးကူညီ ဆောင်ရွက်ပေးနေပါတယ်။ စားဖိုဆောင်သီးနှံတွေကို ဒေသစားသုံးမှုအပြင် ပိုလျှံရင် ဒေသထွက်ကုန်တစ်ခုအဖြစ် ရောင်းချနိုင်ဖို့ပါ စီစဉ်စိုက်ပျိုးနေပါတယ်။ ဒီနှစ် တောင်သူ ၂၀၃ ယောက်က စားဖိုဆောင်သီးနှံတွေကို အဓိကစိုက်ပျိုးမှာဖြစ်ပါတယ်" ဟု ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်၌ ယခုနှစ် စားဖိုဆောင်သီးနှံ စိုက်ပျိုးရာတွင် ငရုတ်၊ မုန်ညင်း၊ ချဉ်ပေါင်၊ ဂေါ်ဖီ၊ နံနံပင်၊ မုန်လာ၊ ခရမ်းသီး၊ သင်္ဘောသီး၊ ကန်စွန်းပင်၊ ကြက်ဟင်းခါး၊ ပဲပုစွန် စသည့်သီးနှံများကို စိုက်ပျိုးမည်ဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးမည့်သီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ သဘာဝဘေးနှင့် အခြားအကြောင်းများကြောင့် ပျက်စီးလေလွင့်မှုမရှိစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ခင်းများထိ ကွင်းဆင်းသွားရောက်၍ တောင်သူများနှင့် တွေ့ဆုံအသိပညာပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

# မိုင်းဆတ်မြို့နယ် ဝမ်တုံကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**မိုင်းဆတ် နိုဝင်ဘာ ၁၇**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မိုင်းဆတ်မြို့နယ် ဝမ်တုံကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို နိုဝင်ဘာ ၁၆ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဆတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်တိုး၊ မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းဦးနှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဝမ်တုံကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို စစ်ဆေးကြပြီး ခရိုင်ဦးစီးမှူးက ရေရှည်အသုံးပြုနိုင်စေရေးအတွက် စနစ်တကျထိန်းသိမ်းကြရန် ကျေးရွာမှတာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။



မိုင်းဆတ်မြို့နယ် ဝမ်တုံကျေးရွာတွင် လမ်းအရှည် ပေ ၅၀၀၊ အကျယ် ၁၂ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေကျပ် ၁၀ သန်းဖြင့် မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဂုဏ်လိုင်တတိယပတ်က စတင်ဆောင်ရွက်ခဲ့ပြီး လက်ရှိတွင် ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ကျေးရွာရှိ လူဦးရေ ၃၃၂ ဦးအနေဖြင့် ရာသီမရွေးသွားလာ အသုံးပြုနိုင်ပြီဖြစ်ရာ ဒေသခံပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် အကျိုးပြုစေမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# ကော့ကရိတ်မြို့နယ် ဘုရားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကော့ကရိတ် နိုဝင်ဘာ ၁၇**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘုရားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေဖြင့် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဆားဒေါက်ဖော့နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဘုရားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများ၊ လစဉ်ပြည့်သွင်းရမည့် ငွေစာရင်းဇယားများ စနစ်တကျ ဖြည့်သွင်းထားရှိမှုအခြေအနေများနှင့် စီမံကိန်းဆိုင်ရာညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်းရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ဘုရားကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦး စုစုပေါင်းစီမံကိန်းအသင်းသား၊ အသင်းသူ ၃၁ ဦးကို ငွေကျပ် ၃၈ ဒသမ ၇၉၆ သန်း ထုတ်ချေးထားပြီး မိသားစုဝင်ငွေတိုးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အေးမြတ်**






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၇-၁၁-၂၀၂၂**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၁၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၄၀၈၀၀၀ |
| (ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။) | | |
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧွဲ့ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၆၀၀/၆၈၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၆၆၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၇၄၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၉၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၃၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၄၅ |
| (သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။) | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့ခိုင်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# အမရပူရမြို့နယ်ရှိ သမိုင်းဝင်ကြီးလေးကြီး မြတ်စွာဘုရားပရိဝုဏ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆရာတော်ကြီးများထံမှ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို ဩဝါဒခံယူ



**မန္တလေး နိုဝင်ဘာ ၁၇**

အမရပူရမြို့နယ်အတွင်းရှိ တောင်မင်းကြီး၊ ရွှေကူကြီး၊ ကျောက်တော်ကြီး၊ ပုထိုးတော်ကြီး မြတ်စွာဘုရားပရိဝုဏ်တို့နှင့် ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး လုပ်ငန်းဆောင်ရွက်မည့် အစီအမံများနှင့် ပတ်သက်၍ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူခြင်းအခမ်းအနားကို နိုဝင်ဘာ ၁၆ ရက် မွန်းလွဲပိုင်းက အမရပူရမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့်တာဝန်ရှိသူများ တက်ရောက်ကာ ဩဝါဒခံယူကြသည်။

ဦးစွာအခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆိုဖွင့်လှစ်ပြီးနောက် ဆင်ဖြူမယ်ကျောင်း ဆရာတော် ဘဒ္ဒန္တ အဂ္ဂဉာဏထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက မဟာဂန္ဓာရုံကျောင်းတိုက် နာယကစာချဆရာတော် ဘဒ္ဒန္တပါမောက္ခ အမှူးပြုသော ဆရာတော်များကို နဝကမ္မဝတ္ထုငွေများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး တိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီး ဦးမျိုးအောင်က ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို အသေးစိတ် ရှင်းလင်းတင်ပြမှုအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖြည့်စွက်လျှောက်ထားကာ ဆရာတော်ကြီးများက ချီးမြှင့်သော ဩဝါဒများခံယူပြီး အခမ်းအနားကိုရုပ်သိမ်းခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်သမန်အင်းအနီး ရွှေကူကြီးမြတ်စွာဘုရားသို့ သွားရာလမ်းခင်းမည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရွှေကူကြီးမြတ်စွာဘုရားကို ဖူးမြော်ကြည်ညို၍ အလှူငွေများလှူဒါန်းကာ ဘုရားပရိဝုဏ်အတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်း ထုတ်ကုန်များပြပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၁၇**

စစ်ကိုင်းတိုင်း ဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း ထုတ်ကုန်များပြပွဲနှင့် ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ပြည်သူ့အားကစားကွင်းအတွင်း၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးတရားသူကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးစီးပွားရေးရာ ဝန်ကြီး ဒေါ်ရီရီသန်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအေးလှိုင်၊ တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းထွဋ်ကိုနှင့် မုံရွာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုးတို့က ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တာဝန်ရှိသူများနှင့်အတူ အဆိုပါမုခ်ဦးရှေ့တွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန် လေးဇုန်မှထုတ်လုပ်သည့် လူသုံးကုန်ပြခန်း၊ အိမ်သုံးကုန်ပြခန်း၊ စားသောက်ကုန်ပြခန်း၊ ချည်ထည်နှင့် အထည်အလိပ်ပြခန်း၊ ပရိဘောဂပြခန်း၊ ရော်ဘာနှင့် ပလတ်စတစ်ပြခန်း၊ တိုင်းရင်းဆေးဆိုင်ရာပြခန်း၊ ကျောက်အချောထည်ပြခန်း၊ လယ်ယာသုံးစက်ကိရိယာပြခန်းများကို လိုက်လံကြည့်ရှုအားပေးပြီး ပြခန်းနှင့် ဈေးရောင်းပွဲတော်သို့ လာရောက်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ပြည်သူ့အားကစားအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမတွင် ကျင်းပသည့် တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီနှင့် တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတို့ပူးပေါင်းကျင်းပသည့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီး ဒေါ်ရီရီသန်းက တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းထုတ်ကုန်များပြပွဲနှင့် ဈေးရောင်းပွဲတော် ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

အဆိုပါ တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းထုတ်ကုန်များ ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို မုံရွာမြို့ ပြည်သူ့အားကစားကွင်းအတွင်း နိုဝင်ဘာ ၁၇ ရက်မှ ၁၉ ရက်ထိ နေ့စဉ်နံနက် ၈ နာရီမှ ညနေ ၅ နာရီထိ ကျင်းပသွားမည်ဖြစ်ပြီး ဈေးဆိုင်ခန်းပေါင်း ၄၀ ကျော်ဖြင့် တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန် လေးဇုန်မှ ထုတ်လုပ်သည့် စီးပွားရေးလုပ်ငန်းထုတ်ကုန်ပစ္စည်းများ ပြသရောင်းချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် နိုဝင်ဘာ ၁၇**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရေဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၆၆၂၈ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၈၉၂ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခရိုင်တို့မှ ကျောင်းသား၊ ကျောင်းသူ ၈၅ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Mask များကို ပြည်သူများလက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ် -၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ Mask များ တပ်ဆင်ပြီးသွားလာကြရန် လှုံ့ဆော်ခြင်းနှင့် Mask များကို ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။



တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဒေသခံပြည်သူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးစဉ်။

# (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကိုဂုဏ်ပြုသောအားဖြင့် နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်များမှ ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-က အပါအဝင် အကျဉ်းကျခံနေရသူ ၅၇၇၄ ဦးကို လွတ်ငြိမ်းသက်သာခွင့်ပြု






**ရန်ကုန် နိုဝင်ဘာ ၁၇**

နိုင်ငံတော်က အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုသောအားဖြင့် လူမှုရေးအရ ငဲ့ညှာမှုနှင့်အတူ နိုင်ငံတော်၏စေတနာကို နားလည်သိရှိစေရန် ရှေးရှုသောအားဖြင့် နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်များမှ ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-က အပါအဝင် အကျဉ်းကျခံနေရသူ ၅၇၇၄ ဦးကို လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ရာ ရန်ကုန်အင်းစိန်ထောင်ရှိ နိုင်ငံခြားသားလေးဦး အပါအဝင် အကျဉ်းသား၊ အကျဉ်းသူ ၉၈၅ ဦးကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ပြစ်ဒဏ်များမှ လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

အင်းစိန်အကျဉ်းထောင်မှ လွတ်ငြိမ်းခွင့်ရရှိသော အကျဉ်းသား၊ အကျဉ်းသူ ၉၈၅ ဦးတို့ကို Stadium ခန်းမ၌ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်မျိုးမင်းထိုက်တို့က ဆုံးမစကား ပြောကြားကြသည်။

နိုင်ငံတော်အစိုးရက နိုင်ငံတစ်ဝန်းရှိ အကျဉ်းသား၊ အကျဉ်းသူ ၅၇၇၄ ဦးကို လွတ်ငြိမ်းခွင့်ပြုခဲ့ရာ ၅၀၅(က)ဖြင့် တရားစွဲဆိုထားသည့် အနုပညာရှင် ၁၁ ဦး၊ လူမှုရေးအရ သက်ညှာခွင့်ပြုခဲ့သော ၃၃ ဦးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ဆက်ဆံရေးကိုရှေးရှု၍ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် နိုင်ငံခြားသားများဖြစ်ကြသည့် မစ္စတာရှောင်တာနယ်၊ မစ္စတာတိုရူကိုဘူတာ၊ မစ္စဝစ်ကီဘိုးမန်းနှင့် အမေရိကန်နိုင်ငံသားခံယူထားသော ဦးကျော်ဌေးဦးတို့ကို ပြစ်ဒဏ်များဖြေလျှော့၍ လွတ်ငြိမ်းခွင့်ပြုခဲ့သည်။

နိုင်ငံတော်၏ လွတ်ငြိမ်းသက်သာခွင့်ရရှိသော အင်းစိန်အကျဉ်းထောင်မှ အကျဉ်းသား ၈၉၄ ဦး၊ အကျဉ်းသူ ၈၇ ဦးနှင့် နိုင်ငံခြားသား လေးဦး စုစုပေါင်း ၉၈၅ ဦးတို့ကို မွန်းလွဲ ၂ နာရီခွဲမှစ၍ ရန်ကုန်မြို့၏ ခရိုင်လေးခုသို့ YBS ယာဉ်များဖြင့် အေးချမ်းမှုကိုဖော်ဆောင်သည့် မိုးဖွဲ့ဖွဲ့အောက်တွင် ပို့ဆောင်ခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ် ၇၀၊ ၇၁၊ ၇၂ နှင့် ၇၄/၂၀၂၂ တို့ဖြင့် ထုတ်ပြန်သည့် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ အင်းစိန်ဗဟိုအကျဉ်းထောင်မှ လွတ်ငြိမ်းသက်သာခွင့်ရရှိသော နိုင်ငံသား အကျဉ်းသား၊ အကျဉ်းသူ ၉၈၁ ဦးနှင့် နိုင်ငံခြားသား အကျဉ်းသား လေးဦးတို့ကို နိုင်ငံတော်၏စေတနာအမှန်ကို ထုတ်ဖော်ပြသသည့် အနေဖြင့် လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် ပြစ်မှုကျူးလွန်ခဲ့သည့် အကျဉ်းသား၊ အကျဉ်းသူများကို ၎င်းတို့ကျူးလွန်ခဲ့သည့် ပြစ်မှုများအရ အကျဉ်းထောင်အတွင်း ပြစ်ဒဏ်များ ချမှတ်ခဲ့သော်လည်း အကျဉ်းထောင်နှင့် အကျဉ်းစခန်းများအတွင်း လူမှုရေး၊ ကျန်းမာရေးဆိုင်ရာများနှင့် အခြားရသင့်သည့် လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့်အညီ ကောင်းမွန်ပြည့်စုံစွာ ဆောင်ရွက်ပေးထားသည့်အတွက် ယခုပြန်လည်လွတ်မြောက်လာသည့်အချိန်တွင် ကျန်းမာပျော်ရွှင်လျက်ရှိပြီး လာရောက်ကြိုဆိုသည့် မိဘဆွေမျိုးများကလည်း ဝမ်းပန်းတသာဖြင့် ကြိုဆိုခဲ့ကြသည်။

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အကျဉ်းထောင်များ၊ အကျဉ်းစခန်းများ၌ အကျဉ်းကျခံနေသည့် အကျဉ်းသား၊ အကျဉ်းသူများကိုလည်း ပြစ်ဒဏ်များမှ လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။






**❖ မန္တလေးဗဟိုအကျဉ်းထောင်မှ**

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း အစီအစဉ်ကို ယနေ့နံနက်ပိုင်းတွင်ပြုလုပ်ခဲ့ရာ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်းက ဆုံးမစကားပြောကြားသည်။

ထို့နောက် လွတ်ငြိမ်းခွင့်ရ အကျဉ်းသား၊ အကျဉ်းသူများကို အကျဉ်းထောင်တာဝန်ရှိသူများက ကိုဗစ်-၁၉ ကာကွယ်ရေးနည်းလမ်းများနှင့်အညီ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ နေ့တွက်စရိတ်နှင့် ခရီးစရိတ်ပေးအပ်ခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေး၍ အကျဉ်းထောင်မှလွှတ်ပေးခဲ့သည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် ပြန်လည်လွတ်မြောက်လာသူတစ်ဦးကလည်း "အခုလို လွတ်မြောက်လာတဲ့အတွက် အတိုင်းမသိ ဝမ်းသာပျော်ရွှင်မိပါတယ်။ ကျွန်တော် မိသားစုနဲ့ကွဲကွာနေတာ နှစ်နှစ်ခွဲရှိပါပြီ။ အခုဆို မိသားစုနဲ့ ပြန်လည်ဆုံတွေ့ရမှာဖြစ်တဲ့အတွက်လည်း အရမ်းကို ပျော်ရွှင်နေမိပါတယ်။ ထောင်ထဲမှာကျန်ရှိနေတဲ့ အကျဉ်းသား၊ အကျဉ်းသူတွေအနေနဲ့လည်း နိုင်ငံတော်က စေတနာ၊ မေတ္တာနဲ့ပေးတဲ့ လွတ်ငြိမ်းခွင့်ကို အမြန်ဆုံးရရှိခံစားနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်။ နိုင်ငံတော်အကြီးအကဲ အားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါတယ်"ဟု ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း အကျဉ်းထောင် ခြောက်ခုရှိပြီး ယနေ့တွင် အမိန့်အရအကျုံးဝင်ပြီး လွတ်ငြိမ်းခွင့်ရရှိသည့် အမျိုးသား ၈၇၄ ဦးနှင့် အမျိုးသမီး ၁၁၄ ဦး စုစုပေါင်း ၉၈၈ ဦးကို လွှတ်ပေးခြင်းဖြစ်ကြောင်း၊ ၎င်းတို့အနက် မန္တလေးဗဟိုအကျဉ်းထောင်မှ ၄၅၅ ဦး၊ မြင်းခြံအကျဉ်းထောင်မှ ၁၆၇ ဦး၊ မိတ္ထီလာအကျဉ်းထောင်မှ ၈၉ ဦး၊ ရမည်းသင်းအကျဉ်းထောင်မှ ၂၀၉ ဦး၊ ညောင်ဦးအကျဉ်းထောင်မှ ၄၆ ဦးနှင့် နေပြည်တော်အကျဉ်းထောင်မှ ၂၂ ဦးတို့ လွှတ်ပေးခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**မောင်အေး ရျမ်း**

## နိုဝင်ဘာ ၁၇ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၅ ဦး တွေ့ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၇**

နိုဝင်ဘာ ၁၆ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၇၇၇၈ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ၄၅ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၂၉၁၀ ဦး |
| သေဆုံးသူ | ၁၉၄၈၆ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၇၂၄၁ ဦး |

# (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့တွင် မန္တလေးအမျိုးသားကဇာတ်ရုံ၌ အသက်ထက်မြတ်သောဂုဏ်သိက္ခာဇာတ်တော်ကြီး တင်ဆက်ပြသ တက္ကသိုလ်၊ ကျောင်း၊ ကောလိပ်တို့မှ ကျောင်းသား၊ ကျောင်းသူများ ကြည့်ရှုအားပေး



**မန္တလေး နိုဝင်ဘာ ၁၇**

(၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆေးဘက်ဆိုင်ရာနှင့် စပ်လျဉ်းသည့် တက္ကသိုလ်များ၊ နည်းပညာဆိုင်ရာနှင့် စပ်လျဉ်းသည့် တက္ကသိုလ်များ၊ ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်များ၊ မန္တလေးပညာရေးဒီဂရီ ကောလိပ်၊ နိုင်ငံခြားဘာသာတက္ကသိုလ် အစရှိသည့် တက္ကသိုလ်၊ ကောလိပ်၊ ကျောင်းများမှ ပါမောက္ခချုပ်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က မြန်မာ့ရိုးရာအနုသုခုမ ယဉ်ကျေးမှုဆိုင်ရာ ပညာရပ်များ တိမ်ကောပပျောက်မှုမရှိစေရေးနှင့် ပြည်သူများ ကြည့်ရှုအပန်းဖြေစေရန်ရည်ရွယ်၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက စီစဉ်တင်ဆက်သည့် အသက်ထက်မြတ်သော ဂုဏ်သိက္ခာ ဇာတ်တော်ကြီးကို မန္တလေးအမျိုးသား ကဇာတ်ရုံတွင် ယနေ့မွန်းလွဲပိုင်းက တင်ဆက်ပြသရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် အနုပညာချစ်မြတ်နိုးသူများ စုစုပေါင်း ဦးရေ ၁၁၀၀ ကျော် လာရောက် ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါဇာတ်တော်ကြီး တင်ဆက်ကပြမှုအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဇာတ်တော်ကြီးနှင့်စပ်လျဉ်း၍ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းလိုစိတ်များ ဖြစ်ပေါ်စေရေး၊ လူမျိုးဘာသာသာသနာကို ချစ်မြတ်နိုး စောင့်ထိန်းစေရေးတို့ကို ဖြစ်ပေါ်စေလို၍ ရည်ရွယ်ကပြခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ဇာတ်တော်ကြီး ကြည့်ရှုအပြီး ရရှိခဲ့သည့် ခံစားမှုအနှစ်သာရများကို ကြည့်ရှုကြသည့် ကျောင်းသား၊ ကျောင်းသူများထဲမှ ဖိတ်ခေါ်ပြောကြားစေခဲ့ရာ ကျောင်းသား၊ ကျောင်းသူ ဦးရေ ၂၀ ကျော်က ရရှိခဲ့ကြသည့် အမျိုးဘာသာသာသနာ စောင့်ရှောက်ထိန်းသိမ်းလိုစိတ်၊ တိုင်းတစ်ပါးကို အထင်ကြီးအားကိုးမိပါက ပျက်စီးဆုံးရှုံးကြရမှု၊ ယဉ်ကျေးမှုအမွေအနှစ် သမိုင်းအမှန်များကိုသိရှိရခြင်း စသည့်အကျိုးကျေးဇူးများအပြင် များစွာသော အကျိုးကျေးဇူးများစွာ ရရှိခဲ့ကြောင်း၊ ယခုကဲ့သို့သော အခမ်းအနားပွဲများကို ဝန်ကြီးချုပ်မှ မကြာခဏဆောင်ရွက်ပေးစေလိုကြောင်း ကျောင်းသား၊ ကျောင်းသူ အသီးသီးက ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ တတိယနေ့ ဆက်လက်ကျင်းပ



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား(က)အဆင့် ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု(က) ဘောလုံးအသင်းနှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု(က) ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။**

**နေပြည်တော် နိုဝင်ဘာ ၁၇**

၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများကို တတိယနေ့အဖြစ် ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာအားကစားနည်းများအလိုက် သက်မှတ်ထားသော အားကစားကွင်း၊ ရုံများတွင် ဆက်လက်ကျင်းပပြုလုပ်သည်။

တပ်မတော်(ကြည်း၊ရေ၊လေ) အားကစားပြိုင်ပွဲများဖြစ်သည့် လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ တပ်နယ်အားကစားခန်းမ၌ ၅၄ ကီလို၊ ၆၇ ကီလိုလူသစ်တန်း အကြိုဗိုလ်လုပွဲများ၊ ၅၁ ကီလို(က) အဆင့်၊ ကီလို ၆၀ (က)အဆင့်၊ ၇၁ ကီလို (က)အဆင့်၊ ကီလို ၈၀ (က)အဆင့် အကြိုဗိုလ်လုပွဲများ၊ ၅၁ ကီလို အလွတ်တန်း အကြိုဗိုလ်လုပွဲ ပွဲစဉ် လက်ဝှေ့ပြိုင်ပွဲများကိုလည်းကောင်း၊ ဇေယျာသီရိတပ်မတော် အားကစားကွင်း၌ ပြေးခုန်ပစ်ပြိုင်ပွဲမှ အမျိုးသား၊ အမျိုးသမီး ကီလိုမီတာ ၂၀ လမ်းလျှောက်ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး ၁၀ ကီလိုမီတာ လမ်းလျှောက်ပြိုင်ပွဲ၊ တန်းမြင့်ခုန်ပြိုင်ပွဲ၊ လုံးပစ်ပြိုင်ပွဲ၊ ၁၀ မျိုးစုံ မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၄၀၀ တန်းကျော် အပြေးပြိုင်ပွဲ၊ ၁၀ မျိုးစုံ အလျားခုန်ပြိုင်ပွဲ၊ ၁၀ မျိုးစုံ သံလုံးပစ်ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၈၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၂၀၀ အပြေးပြိုင်ပွဲ၊ ၁၀ မျိုးစုံ တန်းမြင့်ခုန်ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၄၀၀ တန်းကျော်အပြေးပြိုင်ပွဲ လူရွေးပွဲနှင့်ဗိုလ်လုပွဲစဉ်များကိုလည်းကောင်း၊ ဂျူဒိုပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(A)၌ အမျိုးသား၊ အမျိုးသမီး ကီလိုတန်းအလိုက် ရှုံးထွက်ပွဲစဉ်များကိုလည်းကောင်း၊ ဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(B)၌ အမျိုးသား၊ အမျိုးသမီး အုပ်စုပတ်လည် ဘော်လီဘောပြိုင်ပွဲများကို လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်းတွင် ပိုက်ကျော်ခြင်းပြိုင်ပွဲမှ နှစ်ယောက်တွဲအသင်းလိုက် အုပ်စုပတ်လည်ပွဲစဉ်များနှင့် ကရာတေးဒိုပြိုင်ပွဲတွင် လူသစ်တန်း ၈၄ ကီလိုတန်းအထက် ကုမိတဲ့ပြိုင်ပွဲ၊ အကြီးတန်း ၅၅ ကီလိုအောက်၊ ကီလို ၆၀ အောက်၊ ၆၇ ကီလိုအောက် ကုမိတဲ့ပြိုင်ပွဲများကိုလည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြသည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (က)အဆင့်ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲကို ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု(က) ဘောလုံးအသင်းနှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု(က)ဘောလုံးအသင်းတို့သည် ယနေ့ညနေပိုင်းတွင် ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု(က) ဘောလုံးအသင်းက မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု(က) ဘောလုံးအသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား(က)အဆင့် ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (က) ဘောလုံးအသင်းနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု(က) ဘောလုံးအသင်းနှင့်လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (ခ)အဆင့် ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု(ခ) ဘောလုံးအသင်းနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု(ခ) ဘောလုံးအသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ အားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။









**၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် အားကစားနည်းများအလိုက် ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။**

# မြိတ်မြို့ သီတဂူဇီဝိတဒါန စက္ခုဒါနဆေးရုံ ဖွင့်ပွဲအခမ်းအနားကျင်းပ



ကမ္ဘာ့သာသနာပြု သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံများ၏ အဓိပတိ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တညာဏိဿရ ကမ္ပည်းမော်ကွန်းဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ သီတဂူဇီဝိတဒါန စက္ခုဒါနဆေးရုံဖွင့်ပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဆေးရုံ၌ ကျင်းပရာ ကမ္ဘာ့သာသနာပြု သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံများ၏ အဓိပတိ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တညာဏိဿရ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်၊ အစိုးရအဖွဲ့တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ စေတနာရှင်အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများက သီတဂူဇီဝိတဒါန စက္ခုဒါနဆေးရုံကြီးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး သီတဂူဆရာတော်ကြီးက ကမ္ပည်းမော်ကွန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တက်ရောက်လာကြသူများက သီတဂူဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး သံဃနာယက အဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနာရဒက သီတဂူဇီဝိတဒါန စက္ခုဒါန ဆေးရုံ ဖြစ်ပေါ်လာရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားခြင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က သီတဂူဆရာတော်ကြီးထံ ဂါရဝပြုကျေးဇူးတင်လွှာ ဆက်ကပ်ခြင်းနှင့် သီတဂူဆရာတော်ကြီးက ဆေးရုံစီမံ စောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းထံ ဆေးရုံဆိုင်ရာ စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ခြင်းများကို ဆောင်ရွက်ကြပြီးနောက် ဆေးရုံစီမံစောင့်ရှောက်ရေး ဥက္ကဋ္ဌက ကျေးဇူးတင်စကား လျှောက်ထားတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သီတဂူဆရာတော်ကြီးက ဆေးရုံဖြစ်မြောက်ရေး အလှူတော်ငွေများ ပါဝင်လှူဒါန်းကြသော အလှူရှင်များနှင့် ပရဟိတလူမှုကူညီရေး အသင်းအဖွဲ့များကို ဂုဏ်ပြုမော်ကွန်းလွှာများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် တက်ရောက်လာကြသူများက သီတဂူဆရာတော်ကြီးထံမှ ဩဝါဒအနုမောဒနာ တရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ခွဲစိတ်ကုသမှုခံယူကြမည့် ဒေသခံပြည်သူများကို မျက်စိအထူးကု ပါရဂူကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက မျက်စိခွဲစိတ်ကုသနိုင်ရေး စနစ်တကျစစ်ဆေးနေမှုနှင့် ခွဲစိတ်ကုသပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။



တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တာဝန်ရှိသူများက မြိတ်မြို့ရှိ သီတဂူဇီဝိတဒါန စက္ခုဒါနဆေးရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

# ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) က ကြီးမှူးကျင်းပသော (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ကျင်းပ



ဗုဒ္ဓဘာသာကလျာဏယုဝအသင်း၏ အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း၏ ရာသက်ပန်နာယကကြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ ပေးပို့သော သဝဏ်လွှာကို အသင်းဒုတိယဥက္ကဋ္ဌက ဖတ်ကြားစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၇**

ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA)က ကြီးမှူးကျင်းပသော (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် မင်းဓမ္မလမ်းရှိ သီရိမင်္ဂလာ မဟာသာသနာ့ ဗိမာန်တော်၌ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို)ဥက္ကဋ္ဌ အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ ဦးရဲထွန်း၊ ဒုတိယဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေး(ဗဟို)ဥက္ကဋ္ဌ ဦးစိန်သန်းနှင့် ဒုတိယဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များ၊ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း(ဗဟို)(YMBA)မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို တက်ရောက်လာကြသူများက ဒို့ဗမာသီချင်းအားဖွင့်လှစ်ပြီး စုပေါင်းသီဆို၍ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို) ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာဇောတိကဓဇ ဒေါက်တာအောင်မင်းကျော်သူက အောင်မောင်း ၂၇ ချက်တီးကာ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း၏ ရာသက်ပန်နာယကကြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သော သဝဏ်လွှာကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဗဟို) ဒုတိယဥက္ကဋ္ဌက ဖတ်ကြားသည်။

ယင်းနောက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို)ဥက္ကဋ္ဌက (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့နှင့် စပ်လျဉ်း၍ ပြောကြားသည်။ ထို့နောက် မင်္ဂလာဆိုင်ရာ ဘွဲ့တံဆိပ်တော်များဖြစ်သည့် အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ တစ်ဦး၊ မဟာမင်္ဂလဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ သုံးဦး၊ မင်္ဂလဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ သုံးဦးတို့ကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို) ဥက္ကဋ္ဌက မင်္ဂလာဆိုင်ရာဘွဲ့တံဆိပ်တော်များ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် အခမ်းအနားဖြစ်မြောက်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းသည့် ငွေကျပ်သိန်း ၅၀ နှင့် အလှူရှင်များက ပေးအပ်ငွေများကို တာဝန်ရှိသူများ ပေးအပ်လှူဒါန်းကြရာ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို) ဥက္ကဋ္ဌက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဇာတိမာန်သီချင်းကို စုပေါင်းသီဆို၍ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြကြောင်း သတင်းရရှိသည်။

# (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် ကျောင်းပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၇**

(၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် ကျောင်းပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဆရာ၊ ဆရာမများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြေးခုန်ပစ်အားကစား အမျိုးအစားအလိုက် ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက်ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ အားကစားအမျိုးအစားအလိုက် အမျိုးသား၊ အမျိုးသမီး စုပေါင်းတံခွန်စိုက် ဗိုလ်ရရှိသွားသော အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းအသင်းကို လည်းကောင်း၊ ပြေးခုန်ပစ်အားကစား အမျိုးအစားလိုက် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသွားသော အားကစားသမားများကိုလည်းကောင်း တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် ကျောင်းပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲကို အားကစားအမျိုးအစား ခုနစ်မျိုးဖြင့် ယှဉ်ပြိုင်ကစားကြပြီး ကျိုင်းတုံမြို့နယ်မှ အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းပေါင်း ၂၀ ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သတင်းရရှိသည်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင် (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် ကျောင်းပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲတွင် စုပေါင်းတံခွန်စိုက်ဗိုလ်ဆုရရှိသည့်အသင်းကို ဆုပေးအပ်ချီးမြှင့်စဉ်။

# ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက ဘိန်းခင်းများ ဖျက်ဆီး



**နေပြည်တော် နိုဝင်ဘာ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် စင်းတောင်းကျေးရွာအုပ်စု ထီတလိကျေးရွာ၏ အနောက်တောင်ဘက် ငါးမိုင်ခန့်အကွာ၌ စိုက်ပျိုးထားရှိသော ဖူးပွင့်ဆဲဘိန်းစိုက်ခင်း ဧက ၅၀ ခန့်ကို ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်တင်ကိုကို၊ အမှတ်(၂) မူးယစ်တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးလင်းထွဋ်မြင့် ဦးစီးအဖွဲ့၊ ကလောမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးစိုးထွန်းဝင်း ဦးစီးအဖွဲ့၊ နယ်မြေခံတပ်မှ ဗိုလ်ကြီးထွန်းထွန်းအောင် ဦးစီးအဖွဲ့နှင့် ပအိုဝ်းဌာနေပြည်သူ့စစ်မှ ဦးစောမောင်ဦးစီးအဖွဲ့ စုစုပေါင်း ၁၁၁ ဦး၊ သင်တန်းဆင်းရဲတပ်သားဦးရေ ၇၀ တို့က ဘိန်းခင်းများဖျက်ဆီးဆောင်ရွက်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဘိန်းခင်းများဖျက်ဆီးဆောင်ရွက်ခဲ့သည့်တပ်ဖွဲ့ဝင် ၁၁၁ ဦးအတွက် မားမီးခေါက်ဆွဲနှင့် ကော်ဖီမစ်ထုပ်များငွေကျပ် ၅၈၄၉၇၀ ကိုလည်းကောင်း၊ သင်တန်းဆင်းရဲတပ်သား ၇၀ အတွက် ဆွယ်တာ၊ခြေစွပ်၊လက်အိတ်နှင့် ခေါင်းစွပ်များ စုစုပေါင်းငွေကျပ် ၁၁၇၂၉၇၀ တန်ဖိုးရှိ အစားအသောက်နှင့် အဝတ်အထည်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# AA အဖွဲ့က ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည်များကျရောက်ပေါက်ကွဲမှုကြောင့် အသက် ငါးနှစ်အရွယ် ကလေးငယ်တစ်ဦးနှင့် အသက် ခြောက်နှစ်အရွယ် ကလေးငယ် တစ်ဦးတို့အပါအဝင် ၁၀ ဦးသေဆုံးခဲ့ပြီး ၂၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့

**နေပြည်တော် နိုဝင်ဘာ ၁၇**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကြိမ်ချောင်းကျေးရွာရှိ နယ်မြေခံရဲကင်းစခန်းကို နိုဝင်ဘာ ၁၆ ရက်တွင် AA အဖွဲ့မှ အင်အားဦးရေ ၂၀ ခန့်က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လောင်းဒုံးကျေးရွာအတွင်း လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲမှုကြောင့် အပြစ်မဲ့ဒေသခံတိုင်းရင်းသားပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုများဖြစ်ပေါ်ခဲ့သည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၆ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ ခန့်တွင် လုံခြုံရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် ကြိမ်ချောင်းကျေးရွာနယ်မြေခံရဲကင်းစခန်းကို AA အဖွဲ့က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ နယ်မြေခံရဲကင်းစခန်းအနီးရှိ လယ်ကွင်းသို့ လက်နက်ကြီးကျည် သုံးလုံး၊ လောင်းဒုံး(မြို)ကျေးရွာအတွင်းသို့ လက်နက်ကြီးကျည် သုံးလုံး ကျရောက်ပေါက်ကွဲခဲ့သည်။

AA အဖွဲ့၏ဆင်ခြင်တုံတရားကင်းမဲ့စွာ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် လောင်းဒုံ(မြို) ကျေးရွာအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့သည့်လက်နက်ကြီးကျည် သုံးလုံးသည် ၎င်းကျေးရွာနေ ဦးဆော်မလုံး၏သားအမည်ပေးကင်ပွန်းတပ်ပွဲကျင်းပနေသည့် နေအိမ်အနီးသို့ ကျရောက်ပေါက်ကွဲခဲ့သဖြင့် အသက် ငါးနှစ်အရွယ် ကလေးငယ်တစ်ဦးနှင့်အသက် ခြောက်နှစ်အရွယ် ကလေးငယ်တစ်ဦးတို့အပါအဝင် အမျိုးသားကိုးဦး၊ အမျိုးသမီးတစ်ဦး စုစုပေါင်း ၁၀ ဦးသေဆုံးခဲ့ပြီး အသက်သုံးနှစ်အရွယ် ကလေးငယ်တစ်ဦး၊ အသက်လေးနှစ်အရွယ် ကလေးငယ်သုံးဦး၊ အသက်ငါးနှစ်အရွယ်ကလေးငယ် သုံးဦးတို့အပါအဝင် အမျိုးသား ၂၁ ဦး၊အမျိုးသမီး သုံးဦး စုစုပေါင်း ၂၄ ဦးတို့တွင် လက်နက်ကြီးအစထိမှန်ဒဏ်ရာများ အသီးသီးရရှိခဲ့သည်။

အဆိုပါဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သည့်အပြစ်မဲ့ဒေသခံတိုင်းရင်းသားပြည်သူများကို တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေး၍ မောင်တောမြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်ဆေးကုသနိုင်ရေး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ခဲ့ပြီး ထောက်ပံ့ငွေများ၊ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်းနှင့် ကျေးရွာပတ်ဝန်းကျင်တစ်ဝိုက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။





ရခိုင်ပြည်နယ် လောင်းဒုံ(မြို)ကျေးရွာအတွင်း AA အဖွဲ့က ပစ်ခတ်ခဲ့သည့် လက်နက်ကြီးကျည်သုံးလုံးကျရောက်ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိခဲ့သည့် ကျေးရွာသူ၊ ကျေးရွာသားများကို တွေ့ရစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၁၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့် အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ဝဲကြီးကျေးရွာနေ ဗိုလ်ဗိုလ်ဝင်းသည် ၎င်းအသုံးပြုသည့် "Bo Bo Win" Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် အမှတ်(၇)ရပ်ကွက်နေ ကောင်းဇော်ထွန်းသည် ၎င်းအသုံးပြုသည့် "Kaung Zaw Htun" Facebook အကောင့်၊ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်မြို့ အမှတ်(၄)ရပ်ကွက်နေ သန္တာလှိုင်သည် ၎င်းအသုံးပြုသည့် "Thandar Thandar" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUGနှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# စွမ်းအင်လိုအပ်ချက်နှင့် ကာဗွန်ထုတ်လွှတ်မှုကို ဟန်ချက်ထိန်းညှိနေသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ



ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် သဘာဝရေသယံဇာတများ၊ စိုက်ပျိုးမြေများ၊ လမုတောများ၊ ရေနက်ကွင်းများ ပေါကြွယ်ဝလျက်ရှိပြီး ဂင်္ဂါမြစ်၊ ဗြဟ္မပုတ္တရမြစ်နှင့် မက်နာမြစ်တို့သည် နိုင်ငံအတွင်းမှ ဖြတ်သန်းစီးဆင်းကာ ဘင်္ဂလားပင်လယ်အော်တွင်းသို့ စီးဝင်လျက်ရှိသည်။ ကမ္ဘာ့အကြီးမားဆုံး ဆန်းဒါဘန်းလမုတောများအနီးတွင် ကျက်စားနေထိုင်လျက်ရှိသော ရေလုပ်သားများနှင့် လယ်သမားများအတွက် ရေသယံဇာတနှင့် မြေသယံဇာတများ ပေါကြွယ်ဝလျက်ရှိသည်။ သို့သော် လက်ရှိအချိန်တွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာယိုယွင်းပျက်စီးမှုများ ဖြစ်ပေါ်လာမည့်အခြေအနေဆိုက်ရောက်လာပြီဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် စွမ်းအင်လိုအပ်ချက်များပြည့်မီစေရန်နှင့် ပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားစေရန် ဆောင်ရွက်လျက်ရှိသော စီမံကိန်းတစ်စိတ်တစ်ဒေသအနေဖြင့် ယခုနှစ်အတွင်း ဆန်းဒါဘန်းဒေသအနီးတွင် Rampol ကျောက်မီးသွေးသုံးလျှပ်စစ်စွမ်းအင်စက်ရုံကို လည်ပတ်သွားတော့မည်ဖြစ်သည်။ လူဦးရေသန်း ၁၆၈ သန်းကျော်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ကမ္ဘာ့လူဦးရေသိပ်သည်းမှုအများဆုံးနိုင်ငံများအနက်မှ တစ်နိုင်ငံပင်ဖြစ်သည်။ အဆိုပါ ကျောက်မီးသွေးသုံးလျှပ်စစ်စွမ်းအင်စက်ရုံစွမ်းအားပြည့် လည်ပတ်သည့်အချိန်တွင် လျှပ်စစ်ဓာတ်အား ၁၃၂၀ မဂ္ဂါဝပ်ထုတ်လုပ်နိုင်မည်ဖြစ်သည့်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏အကြီးမားဆုံးလျှပ်စစ်စွမ်းအင်စက်ရုံဖြစ်လာတော့မည်ဖြစ်သည်။

အမှန်တော့ ဖွံ့ဖြိုးဆဲကမ္ဘာကြီးသည် ပြည်သူများ၏ လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားတိုးတက်လာအောင် ဆောင်ရွက်သွားရန် လိုအပ်သော်လည်း ကျောက်မီးသွေးသုံးစွမ်းအင်ဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်ခြင်းသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာများဖြစ်ပေါ်လာစေပြီး လူသားတို့၏ လူနေမှုဘဝကိုကမောက်ကမပိုမိုဖြစ်ပေါ်စေနိုင်သည်။

Rampol ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံဟုခေါ်သည့် Maitree Super Thermal Power စီမံကိန်းသည် နှစ်စဉ် ကျောက်မီးသွေးတန်ချိန် ၄ ဒသမ ၇ သန်းခန့်အသုံးပြုသွားမည်ဖြစ်သောကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်တန်ချိန် ၁၅ သန်းခန့်ထုတ်လွှတ်သွားမည်ဖြစ်သည့်အပြင် ကမ္ဘာကြီးပူနွေးစေမည့်အခြားသောဓာတ်ငွေ့များကိုလည်း ထုတ်လွှတ်သွားမည်ဖြစ်သည်။ ထို့ပြင် နေ့စဉ် ကျောက်မီးသွေး ၁၂၀၀၀ တန်ခန့်ကို ဆန်းဒါဘန်းဒေသမှဖြတ်သန်းကာ သင်္ဘောဖြင့် သယ်ဆောင်သွားလာမည်ဖြစ်သည့်အတွက် ရေထုညစ်ညမ်းမှုဖြစ်ပေါ်လာမည့်အန္တရာယ်အတွက်လည်း စိုးရိမ်ပူပန်ရလျက်ရှိသည်။

စင်စစ်အားဖြင့် မြေနိမ့်ဒေသတွင်တည်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုများနှင့် ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမှုတို့ကိုကြုံတွေ့နေရပြီးဖြစ်သည့်အတွက် သန်းပေါင်းများစွာသောပြည်သူများသည် ရေကြီးရေလျှံမှုများနှင့် အစွန်းရောက်ရာသီဥတုဖြစ်စဉ်များကြောင့် အိမ်ခြေယာမဲ့ဖြစ်မည့်အန္တရာယ်နှင့် ရင်ဆိုင်ရလျက်ရှိသည်။ လွန်ခဲ့သော ရက်သတ္တနှစ်ပတ်ကျော်ကပင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ စီထရန်ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် လူ ၂၄ ဦးသေဆုံးခဲ့ပြီး လူ ၂၀၀၀၀ ကျော်သည် အကူအညီမဲ့ဖြစ်ခဲ့ရသည်။ ထို့ပြင် လူ ၁၀၀၀၀ ကျော်သည် နေအိမ်များ ပျက်စီးခဲ့ပြီး ကောက်ပဲသီးနှံစိုက်ခင်းဧက ၁၅၀၀၀ ခန့်လည်း ပျက်စီးခဲ့သည်။

ကမ္ဘာကြီးအနေဖြင့် ပဲရစ်သဘောတူညီချက်အတိုင်း ကမ္ဘာကြီးပူနွေးလာမှုကို ၁ ဒသမ ၅ ဒီဂရီဆဲလ်စီယပ်တွင်သာ ကန့်သတ်ထိန်းသိမ်းသွားမည်ဆိုလျှင် ကျောက်မီးသွေးသုံးလျှပ်စစ်စွမ်းအင်စက်ရုံစီမံကိန်းများ ထပ်မံမလုပ်ဆောင်သင့်တော့ကြောင်း သိပ္ပံပညာရှင်များက ပြောဆိုလျက်ရှိသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ကာဗွန်ထုတ်လွှတ်မှုအနည်းဆုံးနိုင်ငံဖြစ်နေသည့်တိုင်အောင် ၎င်း၏ ကာဗွန်ထုတ်လွှတ်မှုပမာဏကို ၂၀၃၀ ပြည့်နှစ်တွင် ၂၂ ရာခိုင်နှုန်းထိ လျှော့ချသွားရန် ကတိပြုထားသည်။ သို့သော် Rampol ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်ခြင်းသည် တိုင်းပြည်၏ ကာဗွန်လျှော့ချရေးကြိုးပမ်းမှုများကို အဟန့်အတားဖြစ်ပေါ်စေနိုင်သည်။

ဆိုရလျှင် အောက်တိုဘာလအတွင်း လျှပ်စစ်စွမ်းအင်လိုအပ်ချက်ကြောင့် ဘင်္ဂလားဒေ့ရှ်လူဦးရေ၏ ၈၈ ရာခိုင်နှုန်းခန့်သည် နေ့စဉ် ၇ နာရီခန့် လျှပ်စစ်ဓာတ်အားဖြတ်တောက်ခံခဲ့ရသည်။ တစ်ခါတစ်ရံ လျှပ်စစ်ဓာတ်အားဖြတ်တောက်ချိန်သည် ၁၀ နာရီခန့်ကြာမြင့်သောကြောင့် ပြည်ပပို့ကုန်အားလုံး၏ ၈၀ ရာခိုင်နှုန်းခန့်ရှိသော အထည်ချုပ်လုပ်ငန်းများအပါအဝင် စီးပွားရေးလုပ်ငန်းများစွာကို ထိခိုက်စေလျက်ရှိသည်။ စစ်စစ်အားဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ကမ္ဘာ့ဒုတိယအကြီးမားဆုံးအထည်အလိပ်တင်ပို့သည့်နိုင်ငံဖြစ်ပြီး တရုတ်နိုင်ငံသည် အထည်အလိပ်တင်ပို့မှုအများဆုံးနိုင်ငံဖြစ်သည်။

ဆင်းရဲတွင်းနက်နေသော နိုင်ငံများအနေဖြင့် ကမ္ဘာကြီးပူနွေးလာမှုအကျိုးဆက်များကို ကိုင်တွယ်ဖြေရှင်းရာတွင် ရန်ပုံငွေအကူအညီများ လက်ခံရရှိသင့်သည်ဟု ဘင်္ဂလားဒေ့ရှ်နိုင်ငံက အခိုင်အမာယုံကြည်ယူဆထားသည်။ အမှန်တော့ တိုင်းပြည်နယ်မြေအစိတ်အပိုင်းအတော်များများသည် ပင်လယ်ရေမျက်နှာပြင်ထက်နိမ့်နေသောကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ရေကြီးရေလျှံမှုနှင့် မုန်တိုင်းဒဏ်များကို အလူးအလဲခံစားရလျက်ရှိသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ရာသီဥတုပြောင်းလဲမှုနှင့် ဆက်စပ်သော အစွန်းရောက်ရာသီဥတုဖြစ်စဉ်များကြောင့် နှစ်စဉ် ပျက်စီးဆုံးရှုံးမှုတန်ဖိုးသည် အမေရိကန်ဒေါ်လာသန်း ၅၇၀ ခန့်ရှိနိုင်ကြောင်း ကမ္ဘာ့ဘဏ်၏အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် လောင်စာဆီဈေးနှုန်းမြင့်တက်လာမှုကြောင့် ယခုနှစ် ဇွန်လမှစ၍ ဒီဇယ်သုံးဓာတ်အားပေးစက်ရုံများ လည်ပတ်မှုကိုရပ်တန့်ခဲ့ရသည်။ လက်ရှိအချိန်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံနှစ်ခုလည်ပတ်လျက်ရှိသောကြောင့် စက်ရုံအသစ်ထပ်မံ၍ မတည်ဆောက်သင့်တော့ကြောင်း ကျွမ်းကျင်ပညာရှင်တချို့က ပြောဆိုလျက်ရှိသည်။ သို့သော် ဒါကာအခြေစိုက် စီးပွားရေးပညာရှင်အဖွဲ့ကမူ စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်သွားရန် လိုအပ်ကြောင်း၊ ထိုသို့ လုပ်ဆောင်ခြင်းသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း ပြောဆိုလျက်ရှိသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် သဘာဝဓာတ်ငွေ့ထုတ်

**❖ ကမ္ဘာကြီးအနေဖြင့် ပဲရစ်သဘောတူညီချက်အတိုင်း ကမ္ဘာကြီးပူနွေးလာမှုကို ၁ ဒသမ ၅ ဒီဂရီဆဲလ်စီယပ်တွင်သာ ကန့်သတ်ထိန်းသိမ်းသွားမည်ဆိုလျှင် ကျောက်မီးသွေးသုံးလျှပ်စစ်စွမ်းအင်စက်ရုံစီမံကိန်းများ ထပ်မံမလုပ်ဆောင်သင့်တော့ကြောင်း သိပ္ပံပညာရှင်များက ပြောဆိုလျက်ရှိသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ကာဗွန်ထုတ်လွှတ်မှုအနည်းဆုံးနိုင်ငံဖြစ်နေသည့်တိုင်အောင် ၎င်း၏ ကာဗွန်ထုတ်လွှတ်မှုပမာဏကို ၂၀၃၀ ပြည့်နှစ်တွင် ၂၂ ရာခိုင်နှုန်းထိ လျှော့ချသွားရန် ကတိပြုထားသည်။ ❖**

လုပ်ရန် အလားအလာကောင်းများ ပိုင်ဆိုင်ထားရှိကြောင်း၊ ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံအသစ်များတည်ဆောက်ခြင်းထက် ကမ်းခြေနှင့် ကမ်းလွန်သဘာဝဓာတ်ငွေ့များ စူးစမ်းလေ့လာထုတ်လုပ်ခြင်းသည် ပိုမိုသင့်လျော်မှုရှိကြောင်း ဒါကာအခြေစိုက် စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာတက်ကြွလှုပ်ရှားသူ အနုမိုဟာမက်က ပြောကြားသွားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြင့်လည်း လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည်။ အထူးသဖြင့် ဆိုလာစွမ်းအင်စနစ်ကို လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အခြားရွေးချယ်စရာနည်းလမ်းတစ်ခုမှာ ကမ်းလွန်ပင်လယ်ပြင်၌ လေစွမ်းအားအသုံးပြု၍ လျှပ်စစ်ထုတ်လုပ်ခြင်းပင်ဖြစ်သည်။ ဘင်္ဂလားပင်လယ်ပြင်တွင် လေစွမ်းအားလျှပ်စစ်ထုတ်လုပ်ခြင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအပြင် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အိန္ဒိယနှင့် မြန်မာနိုင်ငံတို့ကိုလည်း အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။

Rampol ကျောက်မီးသွေးသုံးစွမ်းအင်စက်ရုံတည်ဆောက်ရန်အတွက် ရန်ပုံငွေကို ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံတို့မှ ပူးတွဲရင်းနှီးမြှုပ်နှံဆောင်ရွက်သွားမည်ဖြစ်သည်။ စက်ရုံစီမံကိန်းအတွက်လိုအပ်သော ရေနှင့် ရေလမ်းကြောင်းမှကုန်ပစ္စည်းတင်ပို့နိုင်ရန်အတွက် ဆန်းဒါဘန်းဒေသကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ စက်ရုံအတွက် လိုအပ်သောကျောက်မီးသွေးကို အိန္ဒိယနိုင်ငံမှ တင်ပို့သွားမည်ဖြစ်သည်။

ဆန်းဒါဘန်းဒေသရှိ လမုတောများသည် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် နောက်ဆက်တွဲဆိုးကျိုးများကို အကာအကွယ်ပေးနိုင်သည့် သဘာဝအတားအဆီးများပင်ဖြစ်သည်။ လမုတောများမျိုးသုဉ်းသွားမည်ဆိုလျှင် အဆိုပါဒေသ၌ မှီတင်းနေထိုင်လျက်ရှိသော ဒေသခံပြည်သူ ၁၀ သန်းကျော်သည် သဘာဝဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့ရတော့မည်ဖြစ်သည်။ စွမ်းအင်ထုတ်လုပ်နိုင်ရေးအတွက် အစားထိုးစီမံကိန်းများစွာရှိနိုင်သော်လည်း လမုတောများထိန်းသိမ်းရေးအတွက်မူ အစားထိုးစီမံကိန်းများ ဖော်ဆောင်နိုင်မည်မဟုတ်ချေ။ အထူးသဖြင့် လမုတောများသည် ကုန်းမြေပေါ်ရှိ သစ်ပင်များထက် ကာဗွန်ကို ပိုမိုစုပ်ယူနိုင်စွမ်းရှိသည်။ Rampol ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံစီမံကိန်းအကောင်အထည်ဖော် သွားမည်ဆိုလျှင် စွန့်ပစ်ရေဆိုးများကြောင့် ဒေသခံများသည်ရေလုပ်ငန်းနှင့် လယ်ယာလုပ်ငန်းများကို ယခင်ကလို ဖြစ်ထွန်းအောင်မြင်အောင်လုပ်ဆောင်နိုင်တော့မည်မဟုတ်ချေ။ ထို့ကြောင့် အစိုးရအနေဖြင့် ဒေသခံပြည်သူများ၏ ထိခိုက်နစ်နာမှုများကို ဖြေလျှော့ပေးနိုင်မည့်အစီအမံများလည်း လုပ်ဆောင်ပေးသွားရန် လိုအပ်နေမည်ဖြစ်ပါသည်။

**ကိုးကား-**

**Bangladesh balances energy needs with climate, conservation by Associated Press.**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# လူဝီစီယားနားသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများက Venture Global LNG ကုမ္ပဏီကို တရားစွဲဆို



**ဝါရှင်တန် နိုဝင်ဘာ ၁၇**

အမေရိကန်နိုင်ငံ လူဝီစီယားနားပြည်နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများက တရုတ်လူမျိုးပိုင် Venture Global LNG ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေချိုးဖောက်မှုဖြင့် တရားစွဲဆိုခဲ့ကြောင်း သဘာဝပတ်ဝန်းကျင် တရားမျှတမှုစင်တာက ထုတ်ပြန်သွားခဲ့သည်ဟု US News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

Venture Global LNG ကုမ္ပဏီပိုင် ရေနံတင်သင်္ဘောများသည် လူဝီစီယားနားပြည်နယ် ရေပိုင်နက်အတွင်း အဓိကဖြတ်သန်းပြေးဆွဲနေပြီး လူဝီစီယားနားကမ်းခြေများတွင် ရေထုညစ်ညမ်းမှုဖြစ်ပေါ်လာမည်ကို ဒေသခံများကလည်း စိုးရိမ်ပူပန်နေကြကြောင်း၊ ထို့ကြောင့် လူဝီစီယားနားပြည်နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူများက ရေနံတင်သင်္ဘောများ လူဝီစီယားနားပြည်နယ်၏ ရေပိုင်နက်အတွင်း ပြေးဆွဲနေသည်ကို ရပ်တန့်ပစ်နိုင်ရေးအတွက် တရားဥပဒေလမ်းကြောင်းပေါ်တွင် ကုမ္ပဏီဖြင့် ရင်ဆိုင်လာခြင်းဖြစ်ကြောင်း၊ လူဝီစီယားနားပြည်နယ် တရားရုံးချုပ်ကလည်း တရားစွဲဆိုမှုကို လက်ခံသွားခဲ့ပြီး ကြားနာစစ်ဆေးမှုများ ပြုလုပ်သွားရန်စီစဉ်နေကြောင်း သိရသည်။

"Venture Global LNG ကုမ္ပဏီဟာ တရားဥပဒေအထက်မှာ ရှိမနေစေရဘူး။ ဒီကုမ္ပဏီကြောင့် လူဝီစီယားနားရေပြင် ပျက်စီးဆုံးရှုံးလာမှာကိုလဲ မလိုလားဘူး။ ဒါကြောင့် တက်ကြွလှုပ်ရှားသူတွေ တရားစွဲဆိုခဲ့တာကို ကျွန်မတို့က ဦးဆောင်ပေးခဲ့တာပါ။ တရားရုံးကလဲ တရားစွဲဆိုမှုကို လက်ခံထားပါတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေနဲ့ တရားစွဲဆိုထားပါတယ်" ဟု သဘာဝပတ်ဝန်းကျင်တရားမျှတမှုစင်တာ ဒါရိုက်တာ မိုနီကွီ ဟာဒင်က ပြောကြားခဲ့ကြောင်း သိရသည်။

**နိုင်းဆက်**

# ဥရောပသမဂ္ဂနှင့် အဖွဲ့ဝင်လေးနိုင်ငံက အာဖရိကရာသီဥတုဖောက်ပြန်မှုပြဿနာအတွက် ပံ့ပိုးမည်

**ကိုင်ရို နိုဝင်ဘာ ၁၇**

အီဂျစ်နိုင်ငံတွင် ကျင်းပနေသည့် COP27 ညီလာခံတွင် ဥရောပသမဂ္ဂ အဖွဲ့အစည်းနှင့် အဖွဲ့ဝင်နိုင်ငံ လေးနိုင်ငံတို့က အာဖရိကတွင် ရင်ဆိုင်နေရသည့် ရာသီဥတုဖောက်ပြန်မှုနှင့် ပတ်သက်ပြီး ငွေကြေးပံ့ပိုးပေးသွားရန် သဘောတူညီမှု ရရှိခဲ့ကြောင်း ဥရောပသမဂ္ဂအဖွဲ့အစည်းကထုတ်ပြန်သွားခဲ့သည်ဟု Euro News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

အာဖရိကနိုင်ငံများတွင် ရင်ဆိုင်နေရသည့် ရာသီဥတုဖောက်ပြန်မှုတိုက်ဖျက်ရေးအတွက် ယူရိုတစ်ဘီလီယံထိ ပံ့ပိုးပေးအပ်သွားရန် သဘောတူညီမှုရရှိခဲ့ကြောင်း၊ ဥရောပသမဂ္ဂအဖွဲ့အစည်းနှင့်အတူ ငွေကြေးပံ့ပိုးမှုပြုလုပ်ပေးသွားမည့် အဖွဲ့ဝင်နိုင်ငံ လေးနိုင်ငံမှာ ဂျာမနီနိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ နယ်သာလန်နိုင်ငံနှင့် ဒိန်းမတ်နိုင်ငံတို့ဖြစ်ကြောင်း၊ ရာသီဥတုဖောက်ပြန်မှုကြောင့် ကြီးမားသည့်ဆုံးရှုံးမှုများဖြင့် ရင်ဆိုင်ခဲ့ရသည့် အာဖရိကနိုင်ငံများအတွက် ပံ့ပိုးငွေပေးအပ်ရာတွင် ဥရောပသမဂ္ဂအဖွဲ့အစည်းတစ်ခုတည်းက ယူရိုသန်း ၆၀ ထိ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ရာသီဥတုဖောက်ပြန်မှုပြဿနာတွေနဲ့ အဓိကရင်ဆိုင်နေရတဲ့ နိုင်ငံတွေကတော့ အာဖရိကနိုင်ငံတွေပဲဖြစ်ပါတယ်။ အာဖရိကနိုင်ငံတွေမှာ ရာသီဥတုဖောက်ပြန်မှုကြောင့် ကြီးမားတဲ့ပျက်စီးဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။



ဒါကြောင့် ဥရောပသမဂ္ဂအဖွဲ့အစည်းအနေနဲ့ ငွေကြေးပံ့ပိုးမှုတွေ ပြုလုပ်သွားမယ်။ အဖွဲ့ဝင်နိုင်ငံတွေဖြစ်တဲ့ ဂျာမနီ၊ ပြင်သစ်၊ နယ်သာလန်နဲ့ ဒိန်းမတ်နိုင်ငံတို့ကလဲ ငွေကြေးပံ့ပိုးမှုမှာ ပူးပေါင်းပါဝင်သွားမှာဖြစ်ပါတယ်"ဟု ဥရောပသမဂ္ဂအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**နိုင်းဆက်**

# တက္ကဆက်ပြည်နယ်အနောက်ဘက်ပိုင်းတွင် ပြင်းအား ၅ ဒသမ ၄ မဂ္ဂနီကျူးရှိ မြေငလျင်လှုပ်ခတ်

**ဝါရှင်တန် နိုဝင်ဘာ ၁၇**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် အနောက်ဘက်ပိုင်းတွင် နိုဝင်ဘာ ၁၆ ရက်က ပြင်းအား ၅ ဒသမ ၄ မဂ္ဂနီကျူးရှိသည့် မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း အမေရိကန် အမျိုးသားမြေငလျင်စင်တာက ထုတ်ပြန်သွားခဲ့သည်ဟု SR သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

မြေငလျင်သည် ဆန်အန်တိုနီယိုမြို့ရှိ ဆန်အန်တိုနီယိုကောလိပ် အနီးတွင် လှုပ်ခတ်သွားခဲ့ခြင်းဖြစ်ပြီး မြေငလျင်လှုပ်ခတ်မှုကြောင့် ဆန်အန်တိုနီယိုကောလိပ်ကို နိုဝင်ဘာ ၁၆ ရက်က ပိတ်ထားခဲ့ရသည်ဟု ဆန်အန်တိုနီယိုကောလိပ် အာဏာပိုင် အဖွဲ့အစည်းက အတည်ပြုသွားခဲ့ကြောင်း၊ မြေငလျင်သည် မြေအောက်အနက် ၇၇ ကီလိုမီတာအကွာမှ ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်သည့်အတွက် ကြီးမားသည့် ပျက်စီးဆုံးရှုံးမှု မရှိခဲ့ကြောင်း၊ မြေငလျင်နောက်ဆက်တွဲဖြစ်သည့် ဆူနာမီလှိုင်းဖြစ်ပေါ်လာဖွယ်မရှိဟုလည်း အမေရိကန် ဆူနာမီလှိုင်းစောင့်ကြည့်ရေးစင်တာက ထုတ်ပြန်သွားခဲ့ကြောင်း သိရသည်။

"နိုဝင်ဘာ ၁၆ ရက်က မြေငလျင် လှုပ်ခတ်ခဲ့တဲ့နေရာဟာ ၂၀၂၀ ပြည့်နှစ်တုန်းက တစ်ကြိမ်လှုပ်ခတ်ခဲ့ဖူးတယ်။ ပြင်းအား ၅ မဂ္ဂနီကျူးပဲရှိခဲ့ပါတယ်။ ဒီတစ်ကြိမ်မှာတော့ အားနည်းနည်းကောင်းတယ်။ ဆန်အန်တိုနီယိုမြို့အနီးမှာ လှုပ်ခတ်ခဲ့တာဖြစ်ပြီးတော့ ဆန်အန်တိုနီယိုမြို့ခံတွေအနေနဲ့ မြေငလျင်လှုပ်ခတ်မှုဒဏ်ကို ခံစားခဲ့ရလိမ့်မယ်။ မြေငလျင်နောက်ဆက်တွဲဖြစ်တဲ့ ဆူနာမီလှိုင်းလဲဖြစ်ပေါ်လာနိုင်ဖွယ်မရှိတဲ့အတွက် ဒေသခံတွေအနေနဲ့ စိုးရိမ်နေစရာ မလိုပါဘူး"ဟု အမေရိကန် အမျိုးသားမြေငလျင်စင်တာမှ ပြောရေးဆိုခွင့်ရှိသူ ဂျန်နာပါစလေက ပြောကြားခဲ့သည်။

မြေငလျင်လှိုင်းဒဏ်သင့်ခဲ့ရသောဧရိယာများရှိ လူနေအိမ်များသို့ တာဝန်ရှိသူများက သွားရောက်စစ်ဆေးမှု ပြုလုပ်ခဲ့ပြီး အန္တရာယ် ရှိလာနိုင်ဖွယ်မရှိသည့်အတွက် ဒေသခံများဘေးလွတ်ရာ ရွှေ့ပြောင်းရန် မလိုအပ်ကြောင်း ထုတ်ပြန်သွားခဲ့သည်။

**နိုင်းဆက်**

# သဘာဝပတ်ဝန်းကျင်ဆိုင်ရာသဘောတူညီမှု အမေရိကန်နှင့် ဗီယက်နမ် လက်မှတ်ရေးထိုး

**ဟနွိုင်း နိုဝင်ဘာ ၁၇**

သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာသဘောတူညီမှု ငါးနှစ်စီမံကိန်းတစ်ခုကို အမေရိကန်နှင့် ဗီယက်နမ်နိုင်ငံတို့က နိုဝင်ဘာ ၁၅ ရက်က လက်မှတ်ရေးထိုးခဲ့ကြကြောင်း Vietnam Plus သတင်းဌာနက နိုဝင်ဘာ ၁၆ ရက်တွင် ရေးသားဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံရှိ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျှော့ချရာတွင် လေထုညစ်ညမ်းမှုလျှော့ချရေးဟု အမည်ပေးထားသော အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၃ သန်းကုန်ကျမည့် ငါးနှစ်စီမံကိန်းတစ်ခုကို ကူညီရန်အတွက် ဗီယက်နမ်နှင့် အမေရိကန်အေဂျင်စီတို့က နိုဝင်ဘာ ၁၅ ရက်က စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းကို အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီက ၎င်း၏ မိတ်ဖက် Winrock International အဖွဲ့အစည်းမှတစ်ဆင့် ဗီယက်နမ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံသည် စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် စက်မှုကုန်ထုတ်လုပ်မှုလုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုဆိုင်ရာ စိန်ခေါ်မှုများနှင့်ရင်ဆိုင်နေရပြီး သဘာဝပတ်ဝန်းကျင်နှင့်ပတ်သက်သော အရည်အသွေးကို ပြည်သူများက စိတ်ဝင်စားမှုမြင့်တက်လျက်ရှိရာ သဘာဝပတ်ဝန်းကျင် မြှင့်တင်မှုဆိုင်ရာ တောင်းဆိုမှုများလည်း ရှိနေကြောင်း သိရသည်။

အဆိုပါစီမံကိန်းတွင် လေထုညစ်ညမ်းမှုလျှော့ချရေးနှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေးတို့ကို မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ ဗီယက်နမ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီး Tran Hong Ha၊ မစ်ရှင်ဒုတိယအကြီးအကဲ Melissa Bishop၊ အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီမှ ဒါရိုက်တာ Aler-Grubbs၊ Winrock International ဥက္ကဋ္ဌနှင့် CEO Rodney Ferguson တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**AZH**

# နိုင်ဂျီးရီးယားတွင် ရေဘေးသင့်ပြည်သူ ဦးရေ ၅၀၀၀၀ ကို ပံ့ပိုးကူညီမှုများပြုလုပ်

**အဘူဂျာ နိုဝင်ဘာ ၁၇**

နိုင်ဂျီးရီးယား စာရေးဆရာနှင့် စီးပွားရေးလုပ်ငန်း အမှုဆောင်တစ်ဦးဖြစ်သူက ၎င်းတည်ထောင်ထားသော ဖောင်ဒေးရှင်းမှတစ်ဆင့် နိုင်ဂျီးရီးယားအဆိုတော်တစ်ဦးနှင့် ပူးပေါင်းကာ ရေဘေးသင့်ပြည်သူဦးရေ ၅၀၀၀၀ ကို နိုဝင်ဘာလအတွင်း ပံ့ပိုးကူညီမှုများ ပြုလုပ်ခဲ့ကြောင်း This Day Live သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

နိုင်ဂျီးရီးယားနိုင်ငံ Azeez Amida Foundation ကို တည်ထောင်သူ နိုင်ဂျီးရီးယားစာရေးဆရာနှင့် စီးပွားရေးလုပ်ငန်းအမှုဆောင်တစ်ဦးဖြစ်သူ Azeez Amida က နိုင်ဂျီးရီးယားအနုပညာရှင် Timi Dakolo နှင့်ပူးပေါင်း၍ ရေဘေးသင့် နိုင်ဂျီးရီးယားပြည်သူဦးရေ ၅၀၀၀၀ အတွက် ပံ့ပိုးကူညီမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မကြာသေးမီက နိုင်ဂျီးရီးယားနိုင်ငံတွင် ဆယ်စုနှစ်တစ်ခုအတွင်း အကြီးမားဆုံး ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီး လူပေါင်း ၆၀၀ ကျော်သေဆုံးကာ ၁ ဒသမ ၃ သန်း အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း၊ အိမ်ခြေ ၂၀၀၀၀၀ နှင့် လယ်ယာမြေအများအပြား ပျက်စီးဆုံးရှုံးခဲ့ရကြောင်း သိရသည်။

နိုင်ဂျီးရီးယားလူသားချင်းစာနာထောက်ထားမှုရေးရာ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး Sadiya Umar Farouq ၏ အဆိုအရ ပြည်နယ်အများအပြားသည် သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်မှုလုံလောက်စွာမရရှိခြင်းကြောင့် ထိုသို့ရင်ဆိုင်ကြုံတွေ့ရခြင်းဖြစ်ကြောင်း သိရသည်။

Azeez Amida ဖောင်ဒေးရှင်းသည် ဒုက္ခသည်များကို ပံ့ပိုးရန် လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ငှက်ဖျားရောဂါ၊ တိုက်ဖွိုက်ရောဂါ၊ ကာလဝမ်းရောဂါ၊ အရေပြားပိုးဝင်ခြင်း၊ ဓာတ်မတည့်ခြင်း၊ ချောင်းဆိုးခြင်းတို့ကိုကုသရန် ဆေးဝါးများ၊ ရှေးဦးသူနာပြုကိရိယာများနှင့် ပိုးသတ်ဆေးပစ္စည်းများကို လှူဒါန်းခဲ့ကြောင်း သိရသည်။

Azeez Amida ဖောင်ဒေးရှင်းသည် နိုင်ဂျီးရီးယားအဆိုတော် Timi Dakolo နှင့်ပူးပေါင်း၍ ၎င်း၏ ဇာတိ Bayelsa ပြည်နယ်မှ ရေဘေးသင့်ပြည်သူများကို ကယ်ဆယ်ရေးပစ္စည်းများကို ယခုလအတွင်း ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။ **AZH**

# သစ်ပင်စိုက်ခြင်း၏အကျိုးကျေးဇူးများ

မေဇင်ထွန်း

သစ်ပင်စိုက်ပျိုးခြင်းသည် ကမ္ဘာကြီးကို ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ရာတွင် လူသားများကိုယ်တိုင် ပါဝင်လုပ်ဆောင်နိုင်သည့် လုပ်ဆောင်မှုတစ်ရပ်ပင်ဖြစ်သည်။ ထို့ပြင် သစ်ပင်စိုက်ခြင်းသည် သဘာဝပတ်ဝန်းကျင်ကို သဟဇာတပြန်ဖြစ်အောင် ဆောင်ရွက်အပေးနိုင်ဆုံးသော လုပ်ဆောင်ချက်ဖြစ်သည်ဟုလည်း ကျွမ်းကျင်သူများက ယူဆကြသည်။ နှစ်ထောင်ပေါင်းများစွာကတည်းက ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ရာတွင် ကမ္ဘာမြေသည် သဘာဝအတိုင်း ရှင်သန်ပေါက်ရောက်ခဲ့သော သစ်ပင်များကို အသုံးပြုခဲ့ကြသည်။ ကမ္ဘာပေါ်တွင် သစ်ပင်များမရှိလျှင် သက်ရှိများ မတည်ရှိနိုင်ကြောင်းလည်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျွမ်းကျင်သူများက ဆိုထားသည်။

သစ်ပင်စိုက်ပျိုးခြင်းသည် လူသားတို့အတွက် ရေရှည်နှင့်ရေတို အကျိုးအမြတ်များကို ခံစားရရှိစေနိုင်သည်။ လူအများစုသည် ၎င်းတို့၏သဘာဝပတ်ဝန်းကျင်သာယာလှပမှုအတွက် သစ်ပင်များဖြင့် အလှဆင်တတ်ကြပြီး သစ်ပင်များသည် သဘာဝနှင့်ဆက်စပ်မှုရှိက ၎င်းတို့သည် အေးချမ်းသည့်သဘောရှိသည်။ ထို့ပြင် သစ်ပင်များသည် လူသားတို့ထင်ထားသည်ထက် ပတ်ဝန်းကျင်ကို များစွာအကျိုးပြုနိုင်သည်။ သစ်ပင်များသည် လေထုအရည်အသွေးကို မြှင့်တင်ပေးကာ မိုးသည်းထန်စွာရွာသွန်းခြင်းကို နှေးကွေးစေပြီး ရေလွှမ်းမိုးမှုကိုလည်း လျှော့ချပေးနိုင်သည်။ ထို့ပြင် အပူလွှန်ကဲမှုကိုတားဆီးကာ အရိပ်ပေးနိုင်သည့်အပြင် လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုက်ကိုလည်း စုပ်ယူဖယ်ရှားပေးနိုင်သည်။

သစ်ပင်တစ်ပင်စိုက်ပျိုးခြင်းဖြင့် အကျိုးကျေးဇူးများစွာကို ဖြစ်ထွန်းစေကြောင်းကိုဆိုရလျှင် သစ်ပင်များသည် လေထုထဲတွင်ရှိသော ကာဗွန်ဒိုင်အောက်ဆိုက်ကိုဖယ်ရှားပေးသည့်အတွက် သစ်ပင်များအနီးတစ်ဝိုက်တွင် နေထိုင်ကြသူများ၏ လေထုသည် ကာဗွန်ပံ့နှံ့မှုနည်းပါးသဖြင့် သန့်ရှင်းလတ်ဆတ်သော လေထုကို ရရှိစေနိုင်သည်။ ထို့ပြင် သစ်ရိပ်ဝါးရိပ်များအနီးတွင် နေထိုင်သူများသည် စိမ်းစိုလန်းဆန်းစေသော သစ်ပင်များကြောင့် စိတ်ဖိစီးမှုဒဏ်ကို လျှော့ချပေးသည့်အတွက် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးပိုင်းတွင် အပြုသဘောဆောင်သော သက်ရောက်မှုရှိသည်။ ထို့ကြောင့် သစ်ပင်စိုက်ပျိုးခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများစွာကို ဖော်ပြသွားပါမည်။

**လေထုကိုသန့်စင်ပေးနိုင်ခြင်း**

သစ်ပင်များသည် လေထုကို သန့်စင်ပေးနိုင်ကြောင်းကို သာဓကပြရမည်ဆိုလျှင် သစ်ပင်များပေါများသည့် တောအုပ်ထဲတွင် လမ်းလျှောက်ကြည့်လျှင် လေကောင်းလေသန့်ကို ခံစားမိနိုင်သည်။ သစ်ပင်များသည် အောက်ဆီဂျင်ကိုပံ့ပိုးပေးသည့် ကမ္ဘာပေါ်တွင် အစားထိုး၍မရသော အရင်းအမြစ်များထဲက တစ်ခုဖြစ်သည်။ Photosynthesis ဟုခေါ်သော လုပ်ငန်းစဉ်အားဖြင့် သစ်ပင်များသည် ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူပေးကာ အောက်ဆီဂျင်ကို ပြန်လည်ထုတ်လွှတ်ပေးသည်။ ကမ္ဘာပေါ်ရှိ သက်ရှိသတ္တဝါများအားလုံးသည် အောက်ဆီဂျင်မရှိဘဲ မရှင်သန်နိုင်သည့်အတွက် အောက်ဆီဂျင်ကို ပံ့ပိုးပေးနိုင်စွမ်းရှိသောသစ်ပင်များကို အလွန်လိုအပ်သည်။ သစ်ပင်များစွာစိုက်ခြင်းဖြင့် လူသားတို့အတွက် သန့်စင်သောလေထုကို ပံ့ပိုးနိုင်သည့်အပြင် အသက်ရှူရန်နှင့် အသက်ရှင်သန်ရန် အဓိကလိုအပ်ချက်ဖြစ်သော အောက်ဆီဂျင်ကိုလည်း ပိုမိုဖန်တီးပေးနိုင်သည်။ ကမ္ဘာပေါ်တွင် သစ်ပင်အမျိုးအစားများစွာရှိပြီး တစ်ခုချင်းစီမှ ထုတ်ပေးနိုင်သော အောက်ဆီဂျင်ပမာဏများသည်လည်း ကွဲပြားကြသည်။

ထို့ပြင် သစ်ပင်များသည် အမိုးနီးယား၊ နိုက်ထရိုဂျင်အောက်ဆိုက်၊ ဆာလဖာဒိုင်အောက်ဆိုက်နှင့် အိုဇုန်းများကဲ့သို့သော လူတို့အတွက်အန္တရာယ်ရှိသည့် ဓာတ်ငွေ့များကိုလည်း စုပ်ယူပေးနိုင်သည်။ သစ်ပင်များသည် လေထုထဲတွင်ပါသော ဖုန်မှုန့်များနှင့် အမှုန်အမွှားများကို ၎င်း၏အရွက်များနှင့် အခေါက်များတွင် ကပ်တွယ်စေခြင်းအားဖြင့် လေထဲမှဖုန်မှုန့်များကို စစ်ထုတ်ပေးသည်။ စိုက်ပျိုးမြေတစ်ဧကအပြည့်စိုက်ပျိုးထားသော သက်တမ်းရင့်သစ်ပင်များသည် လူ ၁၈ ဦးအတွက် တစ်နှစ်စာ အောက်ဆီဂျင်ကို ထုတ်ပေးနိုင်စွမ်းရှိသည်။ သစ်ပင်များကို နည်းစနစ်တကျ စိုက်ပျိုးထားခြင်းသည် လေအေးပေးစက် မလိုအပ်လောက်အောင် အပူကိုသိသိသာသာလျှော့ချပေးနိုင်သဖြင့် ငွေကုန်ကြေးကျကို သက်သာစေသည်။ ထို့ပြင် လေအေးပေးစက်အသုံးပြုရာမှထွက်ရှိလာနိုင်သော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုကိုလည်း လျှော့ချနိုင်မည်ဖြစ်သည်။



**ဖန်လုံအိမ်ဓာတ်ငွေ့ကို လျှော့ချပေးနိုင်ခြင်း**

ဖန်လုံအိမ်ဓာတ်ငွေ့ဖြစ်သော ကာဗွန်ဒိုင်အောက်ဆိုက်သည် အပူကိုစုပ်ကာဖမ်းယူနိုင်သော ဂုဏ်သတ္တိရှိသည်။ ယခုအခါ လေထုအတွင်းရှိ ကာဗွန်ပမာဏသည် အလွန်များပြားလာသည့်အတွက် ကမ္ဘာမြေကြီးသည် စိုးရိမ်ဖွယ်ရာနှုန်းဖြင့် အပူချိန်များ ဆက်တိုက်မြင့်တက်နေသည်။ ရုပ်ကြွင်းလောင်စာများလောင်ကျွမ်းခြင်းမှ ဖန်လုံအိမ်ဓာတ်ငွေ့များထွက်လာပြီး ကမ္ဘာကြီးကို ပိုမိုပူနွေးလာစေကာ မိုးသစ်တောများကို ပျက်စီးစေသည်။

သစ်ပင်စိုက်ခြင်းသည် ဖန်လုံအိမ်ဓာတ်ငွေ့၏ သက်ရောက်မှုကို တိုက်ဖျက်နိုင်စွမ်းရှိသည်။ သုတေသနပြုချက်များအရ အရွယ်ရောက်ပြီးသော သစ်ပင်တစ်ပင်သည် တစ်နှစ်အတွင်း ကာဗွန် ၁၃ ပေါင်ကို သိုလှောင်ကာ အောက်ဆီဂျင် ၄၈ ပေါင်ကို ပြန်လည်ထုတ်လွှတ်ပေးနိုင်သည်။ သစ်ပင်များပြည့်နေသော မြေတစ်ဧကသည် တစ်နှစ်အတွင်း ကာဗွန်ဒိုင်အောက်ဆိုက် ၂ ဒသမ ၆ တန်ကို သိုလှောင်ထားနိုင်သည်။

**မြေဆီလွှာတိုက်စားမှုကို လျှော့ချနိုင်ခြင်း**

မိုးနှင့်လေသည် မြေဆီလွှာကို တိုက်စားပျက်စီးစေသည့် အဓိကစွမ်းအားများဖြစ်ကြသည်။ မိုးများသည်းထန်စွာရွာသွန်းလာသည်နှင့်အမျှ သစ်ပင်အမြစ်များသည် မြေကြီးအတွင်းသို့ အရှိန်အဟုန်ဖြင့်စိမ့်ဝင်လာသော မိုးရေများကို မြေဆီလွှာမပျက်စီးစေရန် ထိန်းသိမ်းပေးသည့်အနေဖြင့် ရေကိုစုပ်ယူကာ မြေဆီလွှာကို ကုပ်တွယ်ပေးထားသည့်အပြင် မုန်တိုင်းများကြောင့် မြေဆီလွှာများ ပြိုကျခြင်းများမဖြစ်စေရန်လည်း မြဲမြံစွာကုပ်တွယ်ထားနိုင်သည်။ ထို့ကြောင့် သစ်ပင်များသည် တောင်ကုန်းဒေသများတွင် မြေပြိုမှုဖြစ်ပွားခြင်းကိုလျှော့ချပေးပြီး မြစ်များတွင် အနည်ကျသည့် မြေဩဇာကောင်းသော မြေဆီမြေနှစ်များကို မိုးရွာသွန်းခြင်းကြောင့် အလွယ်တကူ မဆုံးရှုံးစေရန် ကာကွယ်ပေးသည်။ သစ်ပင်များသည် မုန်တိုင်းတိုက်ခတ်မှုကြောင့် မြေဆီလွှာများ လွင့်စဉ်ပါရှိသွားခြင်းမှ တားဆီးပေးသည်။ ထို့ကြောင့် သစ်ပင်များမရှိသော နေရာများသည် သဲကန္တာရများဖြစ်လာသည်။ သစ်ပင်များစိုက်ပျိုးခြင်းသည် သဲကန္တာရများကို အိုအေစစ်များအဖြစ် ပြောင်းလဲပေးနိုင်သည်။ ဒီရေတောများသည် ကမ်းရိုးတန်းများကို ရေတိုက်စားခြင်းကြောင့် ပင်လယ်ထဲသို့ရောက်ရှိကာ ပျောက်ကွယ်သွားခြင်း မဖြစ်အောင် ကာကွယ်ပေးထားသည်။

**အိုဇုန်းလွှာကိုအကာအကွယ်ပေးနိုင်ခြင်း**

အပူချိန်များ မြင့်တက်လာခြင်းကြောင့် ကမ္ဘာကြီးသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုပူနွေးလာသည်။ လူသားတို့သည် သစ်ပင်များကိုခုတ်ထွင်ကာ လူနေအဆောက်အအုံများ၊ လမ်းများကို အစားထိုးဆောက်လုပ်လာကြသည့်အတွက် မြို့ကြီးများတွင် ပိုမိုပူနွေးလာခဲ့ရသည်။ ထိုသို့ လူနေမှုအဆင့်အတန်းမြင့်မားလာပြီး ခေတ်မီနည်းပညာသုံး လူ့အသုံးအဆောင်ပစ္စည်းများသည် ကာဗွန်ဒိုင်အောက်ဆိုက်ကို အများဆုံးထုတ်လွှတ်သည်။ ကာဗွန်သည် လူသားတို့လုပ်ဆောင်မှုကြောင့် အများဆုံးထွက်ရှိလာသော ဖန်လုံအိမ်ဓာတ်ငွေ့ဖြစ်သဖြင့် သစ်ပင်စိုက်ပျိုးခြင်းသည် အိုဇုန်းလွှာညစ်ညမ်းမှုကို လျှော့ချပေးသည်။

**ရေထုညစ်ညမ်းမှုကို ကာကွယ်ပေးနိုင်ခြင်း**

မုန်တိုင်းတိုက်ခတ်သည့်အခါ လေထုထဲတွင် ဒြပ်စင်များစွာပါသောကြောင့် သောက်သုံးနေသည့် ရေချိုရေသန့်များကို ခြိမ်းခြောက်မှုဖြစ်စေသည်။ ထို့ပြင် ရေထုနှင့်လေထုညစ်ညမ်းမှုကိုဖြစ်စေပြီး အညစ်အကြေးများနှင့် ဗက်တီးရီးယားများစွာကို ပါရှိလာစေသည်။ စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုတိုးတက်လာစေရန် လူသားတို့လုပ်ဆောင်လိုက်သည့် ဓာတ်မြေဩဇာနှင့် အခြားသောစွန့်ပစ်ပစ္စည်းများမှပါလာသော ဖော့စဖရတ်နှင့် နိုက်ထရိုဂျင်တို့သည် မြေဆီလွှာ၊ ရေထုနှင့်လေထုတို့ကို ညစ်ညမ်းမှုများဖြစ်စေသည်။ မုန်တိုင်းတိုက်ခတ်ခြင်းမှ ရွာသွန်းလာသည့်မိုးရေသည် လူသားတို့သုံးစွဲနေသောရေချိုကို ညစ်ညမ်းစေသည့် အခြားသော ဓာတုပစ္စည်းများ ပါဝင်နိုင်သည်။ ပတ်ဝန်းကျင်တွင် သစ်ပင်များရှိခြင်းသည် သောက်သုံးရေကို ညစ်ညမ်းသွားစေနိုင်သည်။ မိုးရေကို မြေကြီးထဲသို့ စိမ့်ဝင်သွားစေသည့်အတွက် ရေများညစ်ညမ်းစေနိုင်မှုအန္တရာယ်ကို လျှော့ချပေးနိုင်သည်။ ထိုသို့မြေကြီးထဲသို့စိမ့်ဝင်သွားသည့် မြေအောက်ရေများကို သစ်ပင်များအသုံးပြုနိုင်သောရေများအဖြစ် ပြန်လည်စစ်ထုတ်ပေးနိုင်သည့်အပြင် လူသားတို့အသုံးပြုမှုကြောင့် ကုန်ခန်းသွားသော မြေအောက်ရေကို ပြန်လည်အားဖြည့်ပေးနိုင်ကာ အသုံးပြုနိုင်သည့် ပိုမိုသန့်ရှင်းသောရေကို ရရှိစေသည်။

**စွမ်းအင်ချွေတာနိုင်ခြင်း**

သစ်ပင်များသည် အပူချိန်ကို လျှော့ချပေးနိုင်ပြီး အေးမြမှုကိုပေးစွမ်းနိုင်သည်။ အဆောက်အအုံများနှင့် အိမ်များအနီးတစ်ဝိုက်တွင် သစ်ပင်များ စိုက်ပျိုးခြင်းသည် အပူနှင့်အအေးအတွက် စွမ်းအင်သုံးစွဲမှုကို ၃၀ ရာခိုင်နှုန်းထိ လျှော့ချပေးသည်။ ဆိုလိုသည်မှာ သစ်ပင်များသည် လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ထုတ်လွှတ်သောကာဗွန်များ လေထုသို့ရောက်ကာ ညစ်ညမ်းမှုဖြစ်ခြင်းကို လျှော့ချပေးနိုင်ပြီး လေအေးပေးစက်အတွက် အသုံးပြုမည့်ငွေကို ချွေတာနိုင်သည်။ ယခုအခါ ရုပ်ကြွင်းလောင်စာများကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများကို မြင်တွေ့ရသည့်အခါ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ရင်းမြစ်များကို အသုံးပြုရန် အာရုံစိုက်လာကြသည်။ သစ်ပင်များကို ရေရှည်တွင် စနစ်တကျအသုံးပြုပါက ၎င်းတို့သည် အလွန်ကောင်းမွန်သော Eco-friendly လောင်စာများဖြစ်လာနိုင်သည်။ သစ်ရွက်၊ သစ်ပင်များသည် ပူပြင်းသောနေ့များတွင် အရိပ်ပေးပြီး ဆောင်းရာသီတွင် အဆောက်အအုံများကို အပူရှိန်ပေးကာ သစ်ပင်များသည် ဒေသတွင်းကို အေးမြစေရုံသာမက ကမ္ဘာမြေတစ်ခုလုံးကိုပါ အေးမြစေသည်။ သစ်ပင်များမှ အငွေ့ပြန်လာသော ရေများသည် နေရောင်ဟပ်သည့်အခါ တိမ်များကိုဖန်တီးပေးသောကြောင့် ကမ္ဘာမြေမျက်နှာပြင်ကို အေးမြစေသည်။ ထို့ပြင် သစ်ပင်များစိုက်ပျိုးခြင်းသည် မြေအောက်ရေကို ထိရောက်စွာ ထိန်းသိမ်းနိုင်သည့် ဂေဟစနစ်နှင့် အသင့်တော်ဆုံးနည်းလမ်းဖြစ်သည်။

**ဂေဟစနစ်ကို သဟဇာတဖြစ်စေခြင်း**

သစ်ပင်များသည် ကမ္ဘာတစ်ဝန်းရှိ ရေလည်ပတ်မှုကို ထိန်းညှိပေးသည်။ သစ်တောများသည် ကာဗွန်စုပ်ယူခြင်းဖြင့် လေထုကိုသန့်ရှင်းစေသည်။ သစ်ပင်စိုက်ပျိုးခြင်းသည်လည်း မြေဆီလွှာ၏ အရည်အသွေးကို မြှင့်တင်ပေးသည်။ သစ်ပင်မှကြွေကျသော အရွက်ကြွေများ ဆွေးမြည့်ပြီးနောက် မြေဆီလွှာကို အာဟာရဖြစ်စေသည်။ သစ်တောပြုန်းတီးမှုသည် လေထုကို ထိခိုက်စေသည်။ သစ်ပင် များများစိုက်ခြင်းသည် ၎င်းပြဿနာများကို တားဆီးနိုင်ပြီး လေထုအတွင်း အပူကို လျော့ပါးစေနိုင်သည့်အပြင် သစ်တောများသည် တိရစ္ဆာန်များနှင့် အင်းဆက်ပိုးမွှားများအတွက် နေအိမ်များကို ပံ့ပိုးပေးနိုင်သည်။ ထို့ကြောင့် ဂေဟစနစ်ကို သဟဇာတဖြစ်စေသည့်သစ်ပင်များ ထပ်မံစိုက်ပျိုးရန် လိုအပ်သည်။

**သစ်ပင်များမှ စီးပွားရေးဆိုင်ရာအခွင့်အလမ်းများ ပေးစွမ်းနိုင်ခြင်း**

သစ်ပင်များသည် လူများစွာကို အသက်မွေးဝမ်းကျောင်းပြုနိုင်အောင် ပံ့ပိုးနိုင်ကြသည်။ သစ်တောများတွင် သစ်များ၊ သစ်သီးနှင့် ကုန်ကြမ်းများရှိပြီး ၎င်းတို့သည် စီးပွားရေးအရ များစွာတန်ဖိုးရှိသည်။ ရိတ်သိမ်းထားသော အသီးအနှံများကို ရောင်းချနိုင်ခြင်းမှ ဝင်ငွေရရှိစေနိုင်သည့်အပြင် သစ်ပင်များသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်များဖြစ်သည်။ သစ်ပင်များကို လောင်စာ၊ သစ်သားနှင့် အမျှင်များအဖြစ် အသုံးပြုနိုင်သည့်အပြင် အဆောက်အအုံ၊ စက္ကူနှင့် အခြားအရာများအတွက် ကုန်ကြမ်းများကိုလည်း ပံ့ပိုးပေးနိုင်သည်။ အချို့သောသစ်ပင်၏ အခေါက်များကို ဆေးဝါးများ၊ ဗီတာမင်များ၊ အနံ့အရသာနှင့် သွားတိုက်ဆေးများ ဖော်စပ်ရာတွင် အသုံးပြုကြသည်။ အထည်အလိပ်လုပ်ငန်းအတွက် လိုအပ်သည့်အမျိုးမျိုးသောထုတ်ကုန်များကို ဖန်တီးရန် ဝါဂွမ်းနှင့် ဂုန်လျှော်ကဲ့သို့သော သစ်ပင်ထွက်ကုန်များကို မှီခိုအားထားနေရသည်။ ထို့ကြောင့် သစ်ပင်စိုက်ပျိုးခြင်းသည် မြင့်မားသောအလုပ်အကိုင်များကို ရရှိစေပြီး သစ်တောကဏ္ဍတွင် တရားဝင်အလုပ်လုပ်ကိုင်နေသူ ၁၀ သန်းကျော်ရှိသောကြောင့် လူသားတို့အတွက် များစွာအကျိုးပြုသည့် သစ်ပင်များကို စိုက်ပျိုးသင့်ကြောင်း ရေးသားအပ်ပါသည်။

**ကိုးကား**

**Benefits of Planting Trees for the Environment ကို ဘာသာပြန်ဆိုပါသည်။**

0w Kv W @

# အဝယ်တော်

မင်းဦးလင်း




(၁)

ကောင်လေးတစ်ယောက် အရက်ဖြူဆိုင်ရှေ့၌ ပုလင်းအလွတ်တစ်လုံးပိုက်၍ ခေါက်တုံ့ခေါက်ပြန်ဖြစ်နေသည်။ အချိန်က နံနက် ခုနစ်နာရီခန့်ဖြစ်၏။ သူ့ပုံက အိပ်ရာမှ ရုတ်တရက်ထလာရသလိုမျိုး အိပ်မှုန်စုံမွှားဖြစ်နေသည်။ ဆိုင်ထဲမဝင်ရဲဖြစ်နေသည်တော့ မဟုတ်။ ထိုအရက်ဆိုင်၌ သူက ဝယ်နေကျဖြစ်၍ ဆိုင်ရှင်နှင့်ပင်ရင်းနှီးပြီး ဖောက်သည်များကဲ့သို့ ဖြစ်နေပြီ။

ပုံမှန်သူဝယ်နေကျအချိန်က ကျောင်းကအပြန် သုံးနာရီခွဲ၊ လေးနာရီခန့်။ ဒီနေ့ကျမှ သူ့အဘိုးက ဘာစိတ်ကူးပေါက်လည်းမသိ။ နံနက်အစောကြီး သူ့ကိုနှိုး၍ အရက်ဝယ်ခိုင်း၏။ ကြည့်ရသည်မှာ မနေ့က လက်ကျန်မချန်ထားခဲ့မိလို့ဖြစ်မည်။ ယခု ဆိုင်ရှေ့ရောက်ကာမှ ဆိုင်ကမဖွင့်သေး။ အိပ်ရာပင် ထကြသေးပုံမပေါ်။ တံခါးခေါက်၍ နှိုးရမလား။ တံခါးဖွင့်ချိန်စောင့်ရမလား။ ဝေခွဲမရသဖြင့် ခေါက်တုံ့ခေါက်ပြန်ဖြစ်နေ၏။

သူ့အဘိုးက အသက် ၇၈ နှစ်ကျော်လေပြီ။ ဘယ်အရွယ်ကတည်းက အရက်ကို စသောက်ခဲ့သလဲတော့ မသိ။ အဘိုးက ကားသမားလောက ကဟုဆိုသည်။ အဘိုးတို့လက်ထက်က ယခုလောက် ကားများမပေါ်သေး။ ထို့ကြောင့် ကားသမားလည်းရှား၏။ ကားမောင်းတတ်လျှင် လူအထင်ကြီးခံရသည်။ အလုပ်ကြမ်းသမားများကြားမှာ ကြော့ကြော့မော့မော့လေးနေနိုင်ပြီး ဝင်ငွေလည်း အသင့်တင့်ကောင်းသဖြင့် သုံးနိုင်ဖြုန်းနိုင်သည်။ ထိုအချိန်ကတည်းက အရက်ကို ဖောဖောသီသီ သောက်ခဲ့ဟန်တူသည်။

အမေပြောပုံအရ အဘိုးက ဆိုင်ထိုင်သောက်လေ့မရှိ။ သူတို့ခေတ်က လူအထင်ကြီးခံရသော ကားသမားဂုဏ်ကို ထိန်းသိမ်းသည့်အနေဖြင့် အိမ်၌ ခွက်ပုန်းခုတ်သလားတော့ မပြောတတ်ပေ။ တစ်ခါတလေ သူငယ်ချင်းများနှင့် ကြုံကြိုက်မှ ဆိုင်ထိုင်သောက်၏။ ဒါလည်း ဆယ်ခါ့ရံ တစ်ခါသာဖြစ်သည်။

အများအားဖြင့်တော့ လက်ကားဆိုင်မှ ပါကင်ပိတ်ဝယ်၍ အိမ်၌ဖျော်ရည်နှင့် ကိုယ်တိုင်စပ်သည်။ ပန်းသီး၊ လိမ္မော်သီး စသည်ဖြင့် သူနှစ်သက်သော သစ်သီးတို့ကိုလည်း ပါးပါးလှီး၍ ထည့်စိမ်ထားသေး၏။ တစ်ခါဖျော်လျှင် သုံးဂါလန်ဝင်သော ပုံးမည်းဖြင့် ပြည့်လုနီးနီးရ၏။ ပြီးတော့ အဘွားဖြူလုပ်ပေးသော အမြည်းဖြင့် စိမ်ပြေနပြေဇိမ်ခံ၍ သောက်တတ်သည်။ ဒါက အမေကတစ်ဆင့် သူပြန်သိရခြင်းဖြစ်သည်။

သူ စသိတတ်သည့်အရွယ်ကတည်းက အဘိုးက အလုပ်မလုပ်တော့ပေ။ မှီခိုဖြစ်နေပြီ။ အဘိုးက သူတို့နှင့်အတူနေသည်။ တစ်လတစ်ကြိမ်၊ နှစ်လတစ်ကြိမ်လောက် အဘိုး၏ သားကြီး၊ သမီးကြီးများ အဘိုးဆီကိုလာတတ်သည်။ အဘိုးအတွက် စားစရာနှင့်အဝတ်အထည်များလည်း ပါလာတတ်သည်။ အဘိုးက ဒါတွေမမက်။ သား၊ သမီးများ ပြန်ခါနီးပေးခဲ့တတ်သည့် ပိုက်ဆံကိုသာစိတ်ဝင်စား၏။ အဘိုး၏စားဝတ်နေရေး ဆေးဝါးကုသမှုစရိတ်စကတို့ကို အမေကပဲ အကုန်ကျခံသဖြင့် အဘိုး၏ဝင်ငွေသည် သူအလွန်အမင်းနှစ်သက်သော အရက်သောက်ခြင်း၌သာ အသုံးပြု၏။

ငယ်ရွယ်စဉ်တုန်းက ဆိုင်ထိုင်သည့် အလေ့အထနည်းသောအဘိုးသည် အသက်ရွယ်ရလာခါမှ ဆိုင်ထိုင်သောက်ရမှာ ရှက်ရွံ့ဟန်တူသည်။ ပါဆယ်ဆွဲ၍သာ သောက်၏။ ပါဆယ်ကိုပင် ကိုယ်တိုင်သွားဝယ်လေ့မရှိ။ အခြားသူများကိုသာ လူကြုံပါးတတ်၏။

မသွားနိုင်၊ မလာနိုင်ဖြစ်နေသောကြောင့်တော့ မဟုတ်။ အဘိုးက ၇၈ နှစ်ထိ အရက်ကို စွဲစွဲမြဲမြဲ သောက်ခဲ့သော်လည်း အခြားသူများကဲ့သို့ တုန်တုန်ရီရီ ချည့်ချည့်နဲ့နဲ့မဟုတ်။ အိမ်က မီးဖိုချောင်အတွက် ထင်းပေါက်ခွဲပေး၏။ ကိုယ်တက်မည့်အိမ်သာကို ကိုယ်တိုင်ရေဆွဲဖြည့်သည်။ သန်တုန်းမြန်တုန်း၊ ကျန်းမာတုန်း။ ဘာရောဂါမှမရှိ။ ထို့ကြောင့် အရက်ဆိုင်သို့ လူကြုံပါးခြင်းသည် ကျန်းမာရေးကြောင့်မဟုတ်။ သွားရမှာ ရှက်ရွံ့သောကြောင့်သာဖြစ်၏။

လူကြုံပါးသည်ဆိုသည်မှာလည်း စကားအဖြစ်ပြောခြင်းသာဖြစ်ပြီး အရက်ဆိုင်ဆိုတာမျိုးက လူတိုင်းကြုံကြိုက်နေတာမျိုးမဟုတ်။ အရက်သမားတောင်မှ ညနေစောင်းလျှင် တစ်ကြိမ်လောက်သာရောက်တတ်တာမျိုးမဟုတ်လား။ အိမ်နားလာဆော့တတ်သည့် ကလေးများကို ခိုင်းဖို့ဆိုသည်မှာလည်း မဖြစ်နိုင်။ သူတို့အိမ်က လူကြီးများ ကြည့်ဖြူမှာမဟုတ်။ ပေပေတေတေနေတတ်ပြီး ကြီးကြီးကျယ်ကျယ်မလုပ်တတ်သောမိသားစုက ကလေးများကိုသာ ရှာကြံခိုင်းရသည်။ ဒါတောင် "မင်းအမေကို ပြန်မပြောနဲ့နော်" လို့မှာထားရပြီး စိတ်ကျေနပ်အောင် မုန့်ကျွေးတန်ကျွေး၊ မုန့်ဖိုးပေးတန်ပေးရသေးသည်မဟုတ်လား။

ဒီတော့ မုန့်ဖိုးပေးစရာလည်းမလို၊ နောက်က လူကြီးလိုက်လာမှာလည်း ပူစရာမလိုသောကောင်လေးမှာ သူ့အဘိုး၏အဝယ်တော်ဘဝသို့ ရောက်ရှိခဲ့လေသည်။

အရက်ဖြူဆိုင်၏တံခါးရွက်က ကျွီခနဲပွင့်ထွက်လာသောကြောင့် ကောင်လေးဝမ်းသာသွားရသည်။ ဆိုင်ရှင်မိန်းမကြီးက ရေခွက်ကိုင်၍ ထွက်လာ၏။ ဆိုင်နံဘေးမှ ရေတိုင်ကီ၌ မျက်နှာသစ်ရန်ဖြစ်လေသည်။ ဆိုင်ရှေ့၌ ပုလင်းတစ်လုံးနှင့် ကောင်လေးကိုတွေ့သောအခါ အံ့အားသင့်သွား၏။

"ဟဲ့ ကောင်လေး စောလှချေလား"

ကောင်လေးက ဘာမှမပြော "ဟုတ်ကဲ့"ဟူ၍သာ ခေါင်းညိတ်ပြ၏။ မိန်းမကြီးမှာ ရေတိုင်ကီဆီသွားရမလား။ ဆိုင်ထဲကိုပဲ ပြန်လှည့်ဝင်ရမလား။ ဇဝေဇဝါ ဖြစ်သွားပြီး-

"ကဲ ကဲ နင့်ကိုပဲ အရင် ရောင်းပေးလိုက်မယ်။ နောက်တစ်ခါဆို နင့်အဘိုးကိုပြောလိုက် မနက်အစောကြီး မရောင်းပေးဘူးလို့။ ကြားလား။ လူမြင်လို့လဲ မကောင်းဘူး"

မိန်းမကြီးကပြောပြီး ဆိုင်ထဲလှည့်ဝင်သွားသည်။ ကောင်လေးကအရက်ပုလင်းပိုက်၍ နောက်မှလိုက်ဝင်သွားလေ၏။

(၂)

ရှစ်နှစ်အရွယ် ကလေးမလေးတစ်ယောက် အရက်ဖြူဆိုင်ထဲသို့ ကျောင်းအဝတ်အစားအပြည့်အစုံဖြင့် လှမ်းဝင်လာခဲ့သည်။ ကြည့်ရသည်မှာ ကျောင်းကပြန်လာသည့်ကလေးကို အိမ်မှဆီး၍ အရက်ဝယ်ခိုင်းလိုက်ဟန်တူသည်။ ဆိုင်ထဲထိုင်နေသူတချို့ ကလေးမလေးကို အထူးဆန်းသဖွယ်လှမ်းကြည့်လိုက်ကြ၏။

ကလေးမလေးက ဘေးဘီကိုမကြည့် အရက်ပုလင်းများတင်ထားသောစားပွဲသို့ တည့်မတ်စွာသွား၏။ ပြီးတော့ လက်ထဲ၌ပါလာသော ပုလင်းအလွတ်ကို စားပွဲပေါ်တင်လိုက်ပြီး-

"ဘီအီး နှစ်ရာဖိုး"ဟု ပြောသည်။

ဆိုင်ရှင်မိန်းမကြီးက ပုလင်းနှုတ်ခမ်း၌ ကတော့တပ်၍ ကရားထဲမှ အရက်ကိုလောင်းထည့်နေရင်းက-

"ညည်း အစ်ကို ဘယ်သွားလဲ"

"အစ်ကို ကျောင်းက မပြန်သေးဘူး"

မိန်းမကြီးက ကလေးမလေး၏စကားကို ပြန်မတုံ့ပြန်သေးဘဲ ပုလင်းထဲအရက်နှစ်ရာဖိုးချိန်ဆထည့်လိုက်ပြီး ပုလင်းအဖုံးကို ပြန်ပိတ်လိုက်သည်။

"နောက်တစ်ခါဆို ညည်းအစ်ကိုကိုစောင့်ပြီး သူ့ကိုလာဝယ်ခိုင်း။ ညည်းကိုယ်တိုင်လာမဝယ်နဲ့။ တကယ်လို့ မဖြစ်မနေလာဝယ်ရမယ်ဆိုရင်လဲ ကျောင်းအဝတ်အစားလေးတော့ လဲခဲ့ပေါ့ဟယ်။ ညည်းတို့ကလဲ"

မိန်းမကြီးက အပြစ်တင်သလိုပြောပြီး ပုလင်းကို ကမ်းပေးသည်။ ကလေးမလေးက ဘာမှမပြော ပိုက်ဆံနှစ်ရာပေး၍ ပုလင်းကိုယူပြီး ပြန်ထွက်သွားလေသည်။

(၃)

ဈေးအရှေ့ပလက်ဖောင်းအနီးသို့ ဖယ်ရီကားတစ်စင်းထိုးဆိုက်လာခဲ့သည်။ ကင်တာအမျိုးအစား ကားပက်လက်ဖြစ်၍ ကားပေါ်၌ အလုပ်သမားအယောက်သုံးဆယ်ခန့်ပါ၏။ အမျိုးသမီး၊ အမျိုးသားအရွယ်စုံပါလေသည်။ စက်မှုဇုန်က ကုမ္ပဏီဝန်ထမ်းများဖြစ်ကြသည်။

ဈေးအရှေ့၌ ဆယ်ယောက်ခန့်မျှ ဆင်းကျန်ခဲ့ပြီးနောက် ကားက ဆက်လက်မောင်းထွက်သွားလေ၏။ ဆင်းကျန်ခဲ့သူများအနက် အခြားသူများမှာ လမ်းသွယ်များသို့ အလျှိုလျှိုဝင်ရောက်ပျောက်ကွယ်သွားကြပြီး အမျိုးသမီးတစ်ဦးသာ ပလက်ဖောင်းထက်၌ ဆက်လက်ရပ်ကျန်ခဲ့လေသည်။

သူက ကားလမ်းတစ်ဖက်မှ အရက်ရောင်းဆိုင်ကို အကဲခတ်ကြည့်နေသည်။ ဆိုင်က လက်လီဆိုင်မဟုတ်။ လက်ကားအရောင်းဆိုင်ဖြစ်၏။ အလုပ်ပြန်ချိန်ဖြစ်သောကြောင့် ဆိုင်ထဲ လူကျလျက်ရှိသည်။

တံတောင်ဆစ်၌ ချိတ်ထားသော ဆွဲခြင်းထဲမှ ပိုက်ဆံအိတ်ကို နှိုက်ယူဖွင့်လိုက်ပြီး သူ ပိုက်ဆံအရန်သင့်ထုတ်လိုက်သည်။ ပြီးတော့ ကားလမ်းကိုဖြတ်၍ အရက်ဆိုင်ဘက်သို့ ကူးလာခဲ့လေသည်။

ဒီနေ့ ပထမဆုံး အရက်ဝယ်သည့်နေ့ဖြစ်သောကြောင့် ဘာကိုမှန်းမသိစိုးရိမ်နေမိသည်။ ဝယ်ရမည့် အရက်ပုလင်း၏အမည်ကို မမေ့နိုင်မှန်းသိလျက်နှင့် နှုတ်က အကြိမ်ကြိမ်ရွတ်ဆိုနေမိ၏။ တစ်ခုခုများ မှားယွင်းနေမလားဟု စိတ်ကထင့်နေသည်။

ဆိုင်ထဲရောက်သောအခါ ကောင်တာစားပွဲ၌-

"ကမ်းရိုးတန်းတစ်လုံး"ဟု မဝံ့မရဲပြောသည်။

တကယ်တော့ သူက ကမ်းရိုးတန်းဟူသောတံဆိပ်ဖြင့် အရက်ရှိသည်ကိုမသိပါ။ ထိုနာမည်ကို ယခုလာဝယ်မည်ဆိုကာမှ ကြားဖူးခြင်းဖြစ်၏။ ထို့ကြောင့် "သူပဲ အမှတ်မှားနေမလား။ တကယ်ရောရှိရဲ့လား"ဟု ဇဝေဇဝါအတွေးများနှင့် မဝံ့မရဲဖြစ်နေခြင်းဖြစ်သည်။

သူ့စကားကိုကြားသောအခါ အရောင်းဝန်ထမ်းက ဘာမှ ထူးထူးခြားခြားအမူအရာမပြ။ အနောက်ဘက်သို့ လှည့်ဝင်သွားပြီး ပလတ်စတစ်အိတ်အမည်းဖြင့် ဘူးခွံပါသောအရက်တစ်လုံး ထည့်ယူလာပေး၏။ ထိုမှ သူသက်ပြင်းချနိုင်သည်။

(၄)

သူ့ကို လှမ်းမြင်လိုက်သောကြောင့် ဆော့ကစားနေသော သားနှင့်သမီးက သူ့ဆီအပြေးလွှားရောက်ရှိလာကြသည်။ သားက ဆွဲခြင်းကိုကူ၍ဆွဲသည်။ သမီးက သူ့လက်ကို သိုင်းဖက်လိုက်၏။ လက်တစ်ဖက်ဖြင့် သမီး၏ ဆံပင်များကို ပွတ်သပ်ပေးလိုက်ပြီး-

"သမီးတို့ရဲ့အဘိုး၊ သမီးတို့ကို အရက်ဝယ်ခိုင်းသေးလား"ဟု မေးသည်။

သားဖြစ်သူက ဆွဲခြင်းကို လက်တစ်ဖက်မှတစ်ဖက်သို့ ကူးပြောင်းကိုင်လိုက်ပြီး-

"မဝယ်ခိုင်းတော့ဘူး အမေ။ အမေပြန်လာရင် ပါလာလိမ့်မယ်လို့ပြောထားလို့ ဟိုမှာ ထိုင်စောင့်နေတယ်"ဟု အိမ်ပေါ်ထပ်က ဝရန်တာကို လက်ညှိုးညွှန်ပြ၏။

လက်ညှိုးညွှန်ရာမော့ကြည့်လိုက်သောအခါ ဝရန်တာလက်ရန်းကို အားပြုကိုင်ထားပြီး မျှော်နေသော၊ သမီးကိုမြင်လိုက်ရသောကြောင့် ပြုံးပျော်နေသော အဘိုးအိုတစ်ဦးကို တွေ့လိုက်ရလေသည်။

# လပွတ္တာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၄၉ ဧကစိုက်ပျိုးမည်



ယခင်နှစ်က အောင်မြင်ဖြစ်ထွန်းခဲ့သည့် နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**လပွတ္တာ နိုဝင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံနှမ်း ၁၄၉ ဧကစိုက်ပျိုးသွားမည်ဖြစ်ကြောင်း လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံနှမ်း ၁၄၉ ဧကကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလပထမပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါဆီထွက်သီးနှံနှမ်း ၁၄၉ ဧကကို ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာနတို့က ပူးပေါင်းစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"လပွတ္တာမြို့နယ်မှာ ဒီနှစ် ဆီထွက်သီးနှံနှမ်း ၁၄၉ ဧကကို လာမဲ့ဒီဇင်ဘာလပထမပတ်မှာ စတင်စိုက်ပျိုးသွားမှာဖြစ်တယ်။ ဆီထွက်သီးနှံနှမ်းကို စိုက်ဖို့အတွက် လိုအပ်တာတွေကို စတင်ပြင်ဆင်ဆောင်ရွက်နေပါတယ်။ ကျေးရွာ ၁၃ ရွာလောက်မှာ နှမ်းသီးနှံကို အဓိကစိုက်ပျိုးသွားမှာဖြစ်တယ်။ ဆောင်းသီးနှံတွေစိုက်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနနဲ့ တောင်သူတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ဆီထွက်သီးနှံနှမ်းကို တောင်သူတစ်ဦး တစ်ဧကကနေ သုံးဧကထိ စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ ဆောင်းသီးနှံတွေ အဆင်ပြေပြေစိုက်ဖို့အတွက် စိုက်ပျိုးစရိတ်ချေးငွေတွေကိုလဲ ထုတ်ချေးပြီးဖြစ်ပါတယ်"ဟု လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်က ပြောပြသည်။

လပွတ္တာမြို့နယ်တွင် ဆီထွက်သီးနှံနှမ်းများ အထွက်နှုန်းညီစေရန်အတွက် မြေယာပြုပြင်ခြင်းလုပ်ငန်းများ၊ မြေဩဇာနှင့် ပိုးသတ်ဆေးအသုံးပြုသည့် နည်းစနစ်များ၊ ရေအသုံးချမှုပိုင်းဆိုင်ရာများ၊ နှမ်းမျိုးကောင်းမျိုးသန့်အသုံးချမှုများ၊ စိုက်ပျိုးနည်းစနစ်များစသည့်တို့ကို စနစ်တကျပြုပြင်ပြောင်းလဲ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါဆီထွက်သီးနှံများအပါအဝင် ဆောင်းသီးနှံများလျာထားချက်အတိုင်း စိုက်ပျိုးနိုင်ရန်အတွက် ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေကို အောက်တိုဘာလက စတင်ထုတ်ချေးပေးခဲ့ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ငွေနှင့်ချီစို့ ထိပ်ဆုံးသို့

\- အမြင့်ဆုံး ခရီးနှင့်
စိတ်လိုအင် ဖြည့်ဆည်းထား၊
ရည်ရွယ်ရာ လမ်းဖောက်လို့
နှင်းလျှောက်စို့လား။

\- လိုလဇွဲဝီရိယအားနဲ့
စွန့်စားပြီး ရှန်းခဲ့ပေ
တိုးတက်ဖို့လေ၊
သောကတို့ ဝေးကွာစေ
ဒုက္ခတွေ ရင်ဆိုင်နွှဲ၊
လောကဓံ ဘယ်မပူ
အနံတုအမြဲ။

\- အသိဉာဏ် တုယှဉ်တွဲရင်ဖြင့်
အောင်ပွဲက အလီလီ၊
ပန်းတိုင်ကို ရှာမယ်ဟေ့
မြင်တွေ့ရပြီ၊
ထိပ်ဆုံးသို့ ရောက်ရမည်
ယုံကြည်ရာ ဘဝအတွက်၊
အချိန်တွေ တန်ဖိုးထားလို့
ကြိုးစားချီတက်။ ။

**မောင်လှုစိုး**

# သိန်းနီမြို့နယ် ခုတ်နမ့်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**သိန်းနီ နိုဝင်ဘာ ၁၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် သိန်းနီမြို့နယ် ခုတ်နမ့်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လားရှိုးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မော်သန်း၊ သိန်းနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများက သက်ဆိုင်ရာကော်မတီမှ တာဝန်ရှိများ၊ ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ သိန်းနီမြို့နယ် ခုတ်နမ့်ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးတင်မော်သန်းက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။



ခုတ်နမ့်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းအရှည် တစ်မိုင်လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကိုးလက်မရှိ ကျောက်ရောမြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅၉ သန်းဖြင့် တင်ဒါအောင်မြင်သည့် မြန်မာအမျိုးသားဆောက်လုပ်ရေးကုမ္ပဏီက ဇွန်လစတုတ္ထပတ်မှ စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ခုတ်နမ့်ကျေးရွာ၌ ကုန်ထုတ်လမ်းဆောင်ရွက်ပြီးစီးပါက အိမ်ခြေ ၅၃ အိမ်၊ လူ ၂၅၁ ဦးတို့၏ စိုက်ပျိုးမြေဧက ၁၀၀ ကျော်ကို အကျိုးပြုနိုင်မည်ဖြစ်ပြီး အဆိုပါစိုက်ပျိုးမြေများမှ လယ်ယာထုတ်ကုန်၊ ထွက်ကုန်များနှင့် လယ်ယာသုံးစက်ကိရိယာများ အလွယ်တကူသယ်ယူပို့ဆောင်သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**နံ့လာ**

# နတ်မောက်မြို့နယ် သာယာအေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**နတ်မောက် နိုဝင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သာယာအေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက် ၈ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းသူရနှင့် ကျေးရွာတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် သာယာအေးကျေးရွာ ကော်မတီဝင်များ၏ ငွေစာရင်းဖြည့်သွင်းထားရှိမှု၊ စာရင်းဇယားထိန်းသိမ်းမှုများနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နတ်မောက်မြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ သာယာအေးကျေးရွာ၌ ငွေကျပ် ၃၇ သန်းဖြင့် အိမ်ထောင်စု ၁၀၂ စုတို့တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ် ဦးစီးမှူး ဦးဝင်းသူရက ပြောပြ၍ သိရသည်။

**သော်သော်**

# မြဝတီမြို့နယ် ပေါ်လောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မြဝတီ နိုဝင်ဘာ ၁၇**

ကရင်ပြည်နယ် မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြဝတီမြို့နယ် ပေါ်လောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်း၊ မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ပေါ်လောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများစနစ်တကျဖြည့်သွင်းထားခြင်းရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်းက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

မြဝတီမြို့နယ်အတွင်း ပေါ်လောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဋ္ဌမနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်သူ စုစုပေါင်းအသင်းသား ၅၁ ဦးကို ငွေကျပ်သိန်း ၄၈၀ ထုတ်ချေးပေးထားကြောင်း မြဝတီခရိုင် ဦးစီးမှူး ဦးစိုးနိုင်ဝင်းက ပြောပြ၍ သိရသည်။

**သူသူ**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ပြေလျော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ပြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရပြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## အောက်တိုဘာလတွင် တနင်္သာရီတိုင်းဒေသကြီးသို့ ပြည်တွင်း၊ပြည်ပခရီးသွား ၂၄၆၄၅ ဦး လည်ပတ်ခဲ့



**ထားဝယ် နိုဝင်ဘာ ၁၇**

ယခုနှစ် အောက်တိုဘာလတွင် တနင်္သာရီတိုင်းဒေသကြီးသို့ ပြည်တွင်း၊ ပြည်ပခရီးသွား ၂၄၆၄၅ ဦး လာရောက်လည်ပတ်ခဲ့ကြောင်း တနင်္သာရီတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန သတင်းများအရ သိရသည်။

ယခုနှစ် ဇန်နဝါရီလမှစတင်၍ တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်၊ ထားဝယ်ခရိုင်နှင့် ကော့သောင်းခရိုင်တို့ရှိ ခရီးစဉ်ဒေသများသို့ ပြည်တွင်း၊ ပြည်ပခရီးသွားများ တဖြည်းဖြည်းလာရောက်လည်ပတ်နေကြပြီး သိတင်းကျွတ်ရုံးပိတ်ရက်များတွင် တနင်္သာရီတိုင်းဒေသကြီးသို့ ပြည်တွင်း၊ ပြည်ပခရီးသွားများ ပိုမိုလာရောက်လည်ပတ်ခဲ့ကြကာ တန်ဆောင်တိုင်ပွဲတော်ကာလတွင်လည်း လေကြောင်းခရီးစဉ်များနှင့် လာရောက်လည်ပတ်မှုများရှိနေကြောင်း သိရသည်။

ထိုသို့လည်ပတ်ရာတွင် ယခုနှစ် အောက်တိုဘာလက တနင်္သာရီတိုင်းဒေသကြီးသို့ ပြည်တွင်းခရီးသွား၂၂၁၇၈ ဦး၊ ပြည်ပခရီးသွား ၂၄၆၇ ဦး စုစုပေါင်း ပြည်တွင်း၊ ပြည်ပခရီးသွား ၂၄၆၄၅ ဦး လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

လက်ရှိ မြိတ်ကျွန်းစုခရီးစဉ်များတွင် ပုလဲအရောင်းဆိုင်များ၊ ငှက်သိုက်မွေးမြူသည့်နေအိမ်များ၊ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများနှင့် အထင်ကရနေရာဒေသများသို့ သွားရောက် လည်ပတ်နိုင်သည့်အပြင် ကျွန်းစုဒေသများသို့ညအိပ်ခရီးစဉ်များ၊ နေ့ချင်းပြန်ခရီးစဉ်များဖြင့်လည်း သွားရောက်လည်ပတ်နိုင်ကြောင်း သိရသည်။

အဆိုပါခရီးများအတွက် ခရီးသည်တစ်ဦးလျှင် ခရီးအနီးအဝေး၊ ညအိပ်၊ နေ့ချင်းပြန်နှင့်ဝန်ဆောင်မှုများအပေါ်မူတည်ကာ ခရီးသွားဧည့်သည်တစ်ဦးအတွက် ငွေကျပ် ၃၅၀၀၀၀ မှ ၁၇ သိန်းထိ ကုန်ကျမှုရှိကြောင်း၊ လက်ရှိ မြိတ်ကျွန်းစုဒေသတွင် ခရီးသွားလုပ်ငန်း ၄၂ ခုရှိသည့်အနက် ခရီးသွားလုပ်ငန်း ၁၀ ခုကျော်က လုပ်ငန်းများ ပြန်လည်လုပ်ကိုင်နေပြီဖြစ်ပြီး ကျန်ခရီးသွား လုပ်ငန်းများလည်း ပြန်လည်လုပ်ကိုင်ရန် စီစဉ်လျက်ရှိကြောင်း၊ ထို့ပြင် ပြည်တွင်း၊ပြည်ပခရီးသွားများကို ဆွဲဆောင်မှုဖြစ်စေရေးအတွက် ကျေးရွာ ၁၁၅ ရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းပေါင်း ၁၁၈ ခုကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း တနင်္သာရီတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန သတင်းများအရ သိရသည်။

**ချမ်းချမ်း**

## တန့်ယန်းမြို့နယ် ခုံကွတ်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်တံတားတည်ဆောက်နေမှု စစ်ဆေး

**တန့်ယန်း နိုဝင်ဘာ ၁၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တန့်ယန်းမြို့နယ် ခုံကွတ်ကျေးရွာ ကျေးလက်ကုန်ထုတ်တံတား တည်ဆောက်နေမှု အခြေအနေများကို ယနေ့ နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တန့်ယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်၊ တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခိုင်မင်းထွန်းနှင့် ဝန်ထမ်းများက ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ တန့်ယန်းမြို့နယ် ခုံကွတ်ကျေးရွာ ကျေးလက်ကုန်ထုတ်တံတားတည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

အဆိုပါခုံကွတ်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်တံတားအရှည် ငါးပေ၊ အကျယ် ၂၂ ပေ၊ အမြင့် ငါးပေရှိ Box Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၁၇ ဒသမ ၅ သန်း အသုံးပြုပြီး ဌာနမှ အင်ဂျင်နီယာစုဖွဲ့မှုဖြင့် အောက်တိုဘာလ ဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၄၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုန်ထုတ်တံတား ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၅၄ အိမ်၊ လူဦးရေ ၂၆၀ တို့၏ လယ်၊ ယာ၊ ဥယျာဉ်ခြံမြေဧက ၂၁၀ မှထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာ အလွယ်တကူသယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်ထံမှ သိရသည်။

**သန်းလွင်(မကွေး)**

# ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဖိုလ်စွဲဖို့ ရေပန်းစားနေတဲ့အသင်းကြီးများ

M L



ကမ္ဘာ့ဖလားပြိုင်ပွဲကို ၁၉၃၀ ပြည့်နှစ်က ဥရုဂွေးနိုင်ငံမှာ ပြိုင်ပွဲဝင်အသင်း ၁၃ သင်းနဲ့ စတင်ကျင်းပခဲ့ပြီး အဲဒီနှစ်မှာ အိမ်ရှင်ဥရုဂွေးအသင်းက ပထမဆုံးချန်ပီယံဆုကို ရရှိခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ လေးနှစ်တစ်ကြိမ် ကျင်းပလာခဲ့တာ အခုဆိုရင် ၂၂ ကြိမ်မြောက်ထိရှိလာခဲ့တာကို တွေ့ရမှာပါ။ စတင်ကျင်းပစဉ်က ပြိုင်ပွဲဝင်အသင်း ၁၃ သင်းနဲ့ စတင်ခဲ့ပေမဲ့ နောက်ပိုင်းမှာ ပြိုင်ပွဲဝင်အသင်း ၁၆ သင်းနဲ့ ကျင်းပခဲ့သလို ၁၉၈၂ ခုနှစ်မှာတော့ ပြိုင်ပွဲဝင်အသင်း ၂၄ သင်းထိ တိုးမြှင့်ကျင်းပနိုင်ခဲ့ပါတယ်။ အဲဒီနောက် လေးကြိမ်မြောက်ကျင်းပပြီးချိန် ၁၉၉၈ ခုနှစ်ကစတင်လို့ ပြိုင်ပွဲအသင်း ၃၂ သင်းနဲ့ ကျင်းပလာခဲ့တာဟာ ဒီနေ့ထိဖြစ်ပါတယ်။ ကမ္ဘာ့ဖလားပြိုင်ပွဲကို အများအားဖြင့်တော့ ပြက္ခဒိန်နှစ်တစ်နှစ်ရဲ့ မေလ၊ ဇွန်လ၊ ဇူလိုင်လတွေမှာ ကျင်းပခဲ့တာဖြစ်ပေမဲ့ အခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲကိုတော့ ကာတာနိုင်ငံရဲ့ ရာသီဥတုအခြေအနေကြောင့် နိုဝင်ဘာလနဲ့ ဒီဇင်ဘာလအတွင်း ကျင်းပမှာဖြစ်တဲ့အတွက် ကမ္ဘာ့ဖလားသမိုင်းတစ်လျှောက် ထူးခြားမှုတစ်ခုဖြစ်နေခဲ့တာကို တွေ့ရမှာပါ။ ဒါ့ပြင် အရင်က အသင်းတစ်သင်းကို ပြိုင်ပွဲဝင်ကစားသမား ၂၃ ယောက်ပဲခွင့်ပြုခဲ့ပေမဲ့ ဒီနှစ်မှာတော့ ကစားသမား ၂၆ ယောက်ထိခွင့်ပြုခဲ့တာလဲဖြစ်ပါတယ်။ အခုပြိုင်ပွဲမှာတော့ ဘရာဇီးအသင်းက ဆုဖလားငါးကြိမ်နဲ့ အောင်မြင်တဲ့အသင်းအဖြစ်ရပ်တည်နေပြီး လက်ရှိ ချန်ပီယံကတော့ ပြင်သစ်အသင်းဖြစ်တာကိုတွေ့ရမှာပါ။

ယခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲကို နိုဝင်ဘာ ၂၀ ရက်ကနေ ဒီဇင်ဘာ ၁၈ ရက်ထိ ကျင်းပသွားမှာဖြစ်ပြီး အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရထားတဲ့ ကာတာနိုင်ငံဟာ ကြိုတင်ပြင်ဆင်မှုတွေ အများအပြားပြုလုပ်ခဲ့ရတာကို တွေ့ရမှာပါ။ လက်ရှိ ပြိုင်ပွဲတွေကိုလဲ ကာတာနိုင်ငံ ဒိုဟာမြို့နဲ့ အနီးတစ်ဝိုက်ရှိ ကစားကွင်းရှစ်ကွင်းမှာ ကျင်းပသွားမှာဖြစ်ပြီး အဝေးဆုံးကွင်းကတော့ ဒိုဟာမြို့နဲ့ ကီလိုမီတာ ၄၀ လောက်သာကွာဝေးတာဖြစ်ပါတယ်။

ကမ္ဘာ့ဖလားချန်ပီယံဆုကို အများအားဖြင့် တောင်အမေရိကဇုန်အသင်းနဲ့ ဥရောပဇုန်ကအသင်းတွေပဲ ရရှိခဲ့တာဖြစ်ပြီး အခုကမ္ဘာ့ဖလားပြိုင်ပွဲမှာလဲ ဖိုလ်စွဲဖို့ ဦးစားပေးသတ်မှတ်ခံထားရတဲ့အသင်းတွေကလဲ တောင်အမေရိကဇုန်နဲ့ ဥရောပဇုန်ကအသင်းတွေပဲ ပါဝင်နေခဲ့တာဖြစ်ပါတယ်။ အဲဒီထဲက အသင်းတွေကတော့ ကမ္ဘာ့အားကစားပရိသတ်တွေနဲ့ ဘောလုံးလေ့လာသုံးသပ်သူတွေရဲ့ ရွေးချယ်မှုအရ အာဂျင်တီးနားအသင်း၊ ဘရာဇီးအသင်း၊ ပြင်သစ်အသင်းတို့ဟာ အစဉ်လိုက်ရပ်တည်နေတာကို တွေ့ရမှာပါ။

**အာဂျင်တီးနားအသင်း**

အာဂျင်တီးနားအသင်းကတော့ ကမ္ဘာ့ဖလားပြိုင်ပွဲကို စတင်ကျင်းပချိန်ကတည်းက ပါဝင်ယှဉ်ပြိုင်ခဲ့တာဖြစ်ပေမဲ့ ၁၉၇၀ ပြည့်နှစ်မှာတော့ ခြေစစ်ပွဲမအောင်မြင်ခဲ့လို့ ဝင်ခွင့်မရခဲ့ပါဘူး။ သူတို့အသင်းအနေနဲ့ ၁၉၇၈ ခုနှစ်နဲ့ ၁၉၈၆ ခုနှစ်တွေမှာတော့ ဆုဖလားရယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ ၁၉၃၀၊ ၁၉၉၀ နဲ့ ၂၀၁၄ ခုနှစ်တွေမှာ ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ပေမဲ့ ဒုတိယနေရာရရှိခဲ့တာကို တွေ့ရမှာပါ။ လက်ရှိအချိန်မှာတော့ အာဂျင်တီးနားအသင်းကို နည်းပြ စကာလိုနီက တာဝန်ယူကိုင်တွယ်နေပြီး သူတာဝန်ယူပြီးနောက်ပိုင်း ပြိုင်ပွဲစုံ ၃၅ ပွဲဆက် ရှုံးပွဲမရှိခဲ့တဲ့အပြင် ၂၀၂၁ ခုနှစ်မှာလဲ ကိုပါအမေရိက ချန်ပီယံဆုဖလားရယူနိုင်ခဲ့ပါတယ်။ နည်းပြစကာလိုနီရဲ့ အာဂျင်တီးနားအသင်းမှာတော့ ဘောလုံးလောကကို ၁၀ စုနှစ်ကျော်ကြာ လွှမ်းမိုးထားတဲ့ တိုက်စစ်မှူး မက်ဆီရှိနေတာကြောင့် အဓိကပြိုင်ပွဲတွေမှာ ရလဒ်ကောင်းနေခဲ့တာကို တွေ့ရမှာပါ။

လက်ရှိ ကာတာကမ္ဘာ့ဖလားပြိုင်ပွဲမှာလဲ အဓိကတိုက်စစ်မှူး မက်ဆီ ဦးဆောင်လာမဲ့ အာဂျင်တီးနားအသင်းမှာတော့ ဂိုးသမားနေရာမှာ အေဗီလာအသင်းက မာတီနက်ဇ်၊ ဗီလာရီးရဲလ်အသင်းက ရှုလီ၊ ရေဗားပလိတ်အသင်းက အာမန်နီတို့ပါဝင်ပြီး ခံစစ်ပိုင်းမှာတော့ ဆီဗီလာအသင်းက အာကူနာနဲ့ မွန်တီရယ်၊ ဗီလာရီးရဲလ်အသင်းက ဂျူအန်ဖွိုဒ်၊ မန်ယူအသင်းက လူတာရိုမာတီနက်ဇ်၊ လိုင်ယွန်အသင်းက တာဂလီဖီကို၊ စပါးအသင်းက ရိုမီရို ၊ ဘင်ဖီကာအသင်းက အော့တမန်ဒီ၊ အေတီကိုအသင်းက မိုလီနာ၊ ဘက်တစ်အသင်းက ပက်ဇယ်လာတို့ပါဝင်နေပါတယ်။

ကွင်းလယ်ပိုင်းမှာတော့ ဂျူဗင်တပ်အသင်းက ဒီမာရီယာနဲ့ ပါရီဒက်စ်၊ အေတီကိုအသင်းက ရိုဒရီဂိုဒီပေါလ်၊ ဘရိုက်တန်က အယ်လစ်စတာ၊ ဘင်ဖီကာက အန်ဇိုဖာနန်ဒက်၊ လေဗာကူဆင်က ပါလာစီအို၊ ဘက်တစ်အသင်းက ရိုဒရီဂွက်ဇ်နဲ့ တိုက်စစ်ပိုင်းမှာတော့ ပီအက်စ်ဂျီအသင်းက တိုက်စစ်မှူး မက်ဆီ၊ အင်တာမီလန်အသင်းက လူတာရိုမာတီနက်ဇ်နဲ့ ကော်ရီယာ၊ ရိုးမားအသင်းက ဒိုင်ဘာလာ၊ မန်စီးတီးအသင်းက အယ်ဗာရက်ဇ်၊ ဖီအိုရင်တီးနားအသင်းက ဂွန်ဇာလက်နဲ့ ဆီဗီလာအသင်းက ဂိုမက်ဇ်တို့နဲ့စုဖွဲ့ထားတာကို တွေ့ရမှာပါ။

အာဂျင်တီးနားအသင်း နည်းပြ စကာလိုနီဟာ သူလက်ထက်မှာ မျက်နှာသစ်ကစားသမားတွေဖြစ်တဲ့ ဂိုးသမား မာတီနက်ဇ်၊ ခံစစ်ကစားသမား မိုလီနာ၊ ရိုမီရို၊ ကွင်းလယ်ကစားသမား ရိုဒရီဂိုဒီပေါလ်နဲ့ တိုက်စစ်မှူး ဂွန်ဇာလက်စ်တို့ကို ပထမဆုံးရွေးချယ်ခဲ့ပြီး အကောင်းဆုံးအသုံးချနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် စကာလိုနီဟာ ကစားကွက်တစ်ခုတည်းကို တရားသေကိုင်စွဲထားတာမျိုးမလုပ်ဘဲ လိုအပ်လာတဲ့အခါ ပြိုင်ပွဲတစ်ခုအတွင်း ၄-၂-၃-၁ ကစားကွက်ကနေ ၅-၄-၁ ကစားကွက်ကို ပြောင်းလဲကစားနိုင်ခဲ့တာကို တွေ့ရမှာပါ။ လက်ရှိမှာ ၄-၃-၃ ကစားကွက်နဲ့ ပုံမှန်ပွဲထွက်လေ့ရှိပြီး ဒီကစားကွက်မှာ တိုက်စစ်ကစားသမားတွေအကုန်လုံး ဂိုးတွေ အလွယ်တကူသွင်းယူနိုင်တာကို တွေ့ရမှာပါ။ အခုပြိုင်ပွဲမှာလဲ ဆော်ဒီအာရေဗျ၊ မက္ကဆီကို၊ ပိုလန်တို့နဲ့ အုပ်စုမှာတွေ့ဆုံနေတာဖြစ်ပြီး အုပ်စုအဖွင့်ပွဲစဉ်ကို နိုဝင်ဘာ ၂၂ ရက်မှာ ဆော်ဒီအာရေဗျအသင်း၊ နိုဝင်ဘာ ၂၇ ရက်မှာ မက္ကဆီကိုအသင်း၊ ဒီဇင်ဘာ ၁ ရက်မှာ ပိုလန်အသင်းတို့နဲ့ ကစားရမှာဖြစ်ပြီး အုပ်စုအတွင်းမှာ သူတို့အသင်းကပဲ ကစားသမားစုဖွဲ့မှု သာလွန်နေတာကြောင့် နောက်တစ်ဆင့်တက်ရောက်ဖို့ အခြေအနေကောင်းနေပြီး ဗိုလ်စွဲဖို့ ဦးစားပေး(၁) အဖြစ် သတ်မှတ်ခံထားရတဲ့ အသင်းဖြစ်ပါတယ်။

**ဘရာဇီးအသင်း**

ဘရာဇီးအသင်းဟာလဲ ကမ္ဘာ့ဖလားပြိုင်ပွဲကို စတင်ကျင်းပကတည်းက ပါဝင်ခဲ့တာဖြစ်ပြီး လက်ရှိအချိန်မှာ ဆုဖလားငါးကြိမ်နဲ့ အောင်မြင်မှုအရှိဆုံး အသင်းအဖြစ်ရပ်တည်နေတာကို တွေ့ရမှာပါ။ သူတို့အသင်းအနေနဲ့ ၁၉၅၈၊ ၁၉၆၂၊ ၁၉၇၀၊ ၁၉၉၄ နဲ့ ၂၀၀၂ ခုနှစ်တွေမှာ ချန်ပီယံဆုရရှိခဲ့ပြီး ၁၉၅၀ နဲ့ ၁၉၉၈ ခုနှစ်တွေမှာ ဗိုလ်လုပွဲတက်ရောက်ခဲ့ကာ ဒုတိယနေရာမှာ ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အမြဲတမ်းခြေစစ်ပွဲအောင်မြင်တဲ့ အသင်းဖြစ်ပြီး ခြေစွမ်းပြကစားနိုင်ခဲ့တာကို တွေ့ရမှာပါ။

လက်ရှိ ဘရာဇီးအသင်းကိုတော့ နည်းပြတိုက်က တာဝန်ယူကိုင်တွယ်နေတာဖြစ်ပြီး ၂၀၁၆ ခုနှစ်ကနေစပြီး အသင်းကို တာဝန်ယူခဲ့တဲ့ ခြောက်နှစ်တာကာလအတွင်းမှာ ကိုပါအမေရိကဖလားတစ်ကြိမ် ရယူပေးနိုင်ခဲ့ပါတယ်။ သူတို့အသင်းအနေနဲ့ ၂၀၂၁ ခုနှစ်မှာလဲ ကိုပါအမေရိကဖလားဗိုလ်လုပွဲတက်ရောက်ခဲ့ပြီး အာဂျင်တီးနားကို ရှုံးနိမ့်ခဲ့လို့ ဒုတိယနဲ့ကျေနပ်ခဲ့တာကို တွေ့ရမှာပါ။ အဲဒီနောက်ပိုင်းမှာတော့ ဘရာဇီးအသင်းဟာ ပြိုင်ပွဲစုံမှာ ဒီနေ့ထိ ရှုံးပွဲမရှိသေးတာဖြစ်ပါတယ်။ နည်းပြတိုက်ရဲ့ ၄-၂-၃-၁ ကစားကွက်မှာတော့ တိုက်စစ်မှူးနေမာက ဦးဆောင်လာပြီး အသင်းလိုက်ကစားအားကောင်းနေတာကို တွေ့ရမှာပါ။ အခုကမ္ဘာ့ဖလားပြိုင်ပွဲမှာလဲ အသင်းလူစာရင်းကို အများကြီးပြောင်းလဲထားတာမရှိဘဲ ဂိုးသမားတွေအဖြစ် လီဗာပူးက အဲလစ်ဆန်၊ မန်စီးတီးက အန်ဒါဆန်၊ ပါမီးယက်စ်အသင်းက ဝီဘာတန်၊ ခံစစ်ပိုင်းမှာတော့ ပီအက်စ်ဂျီက မာကွင်ဟို၊ ရီးရဲလ်မက်ဒရစ်က မီလီတာအို၊ ချဲလ်ဆီးက သီယာဂိုဆေးဗား၊ ဂျူဗင်တပ်က ဒန်နီလို၊ ဆီဗီလာက တဲလက်စ်၊ ပူးမက်စ်အသင်းက ဒန်နီအဲလ်ဗက်၊ ဂျူဗင်တပ်က ဆန်ဒရိုနဲ့ ဘရီမာ၊ ကွင်းလယ်ပိုင်းမှာတော့ လီဗာပူးက ဖာဘင်ဟို၊ မန်ယူက ဖရက်စ်နဲ့ ကက်စမဲရိုး၊ နယူးကာဆယ်က ဂွီမာရေ့စ်၊ ဝက်စ်ဟမ်းက ပါကွီတာ၊ ဖလာမင်ဂိုက ရီဘာရီယို၊ တိုက်စစ်ပိုင်းမှာတော့ အာဆင်နယ်က မာတင်နယ်လနဲ့ ဂျီးဆပ်စ်၊ ရီးရဲလ်မက်ဒရစ်က ဗင်နီစီးယက်စ်နဲ့ ရိုဒရီဂို၊ ပီအက်စ်ဂျီက နေမာ၊ မန်ယူက အန်တိုနီ၊ ဘာစီလိုနာက ရာဖင်ဟာ၊ စပါးက ရစ်ချာလီဆန်၊ ဖလာမင်ဂိုက ပက်ထရိုပါဝင်နေတာကို တွေ့ရမှာပါ။

ဘရာဇီးအသင်းမှာ သတိထားစရာကတော့ အသက် ၃၉ နှစ်ရှိနေတဲ့ ဝါရင့်ခံစစ်ကစားသမား ဒန်နီအဲလ်ဗက် ပြန်လည်ပါဝင်လာတာထူးခြားနေတာကို တွေ့ရမှာပါ။ သူတို့အသင်းအနေနဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲအုပ်စု (G) မှာ ကင်မရွန်း၊ ဆားဘီးယား၊ ဆွစ်ဇာလန်အသင်းတို့နဲ့ ကျရောက်နေတာကြောင့် အကြိတ်အနယ်ကစားရမှာပါ။ သူတို့အသင်းအနေနဲ့ အဖွင့်ပွဲစဉ်ကိုတော့ နိုဝင်ဘာ ၂၆ ရက်မှာ ဆားဘီးယား၊ ဒုတိယပွဲစဉ်ကို နိုဝင်ဘာ ၂၈ ရက်မှာ ဆွစ်ဇာလန်နဲ့ကစားရမှာဖြစ်ပြီး အုပ်စုနောက်ဆုံးပွဲစဉ်ကိုတော့ ဒီဇင်ဘာ ၃ ရက်မှာ ကင်မရွန်းအသင်းနဲ့ ကစားသွားရမှာပါ။ သူတို့အသင်းဟာ အုပ်စုတွင်း ခြေစွမ်းပိုင်းမာကျောတဲ့ အသင်းတွေနဲ့ တွေ့ဆုံနေပေမဲ့ ကမ္ဘာ့ဖလားအတွေ့အကြုံနဲ့ အစဉ်အလာကောင်းတွေကြောင့် ကျော်ဖြတ်သွားနိုင်မှာ သေချာနေလို့ ဗိုလ်စွဲဖို့ ရေပန်းစားနေတဲ့ ဒုတိယမြောက်အသင်းအဖြစ်ရပ်တည်နေတာလဲ ဖြစ်ပါတယ်။

**ပြင်သစ်အသင်း**

ပြင်သစ်အသင်းဟာလဲ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ချန်ပီယံဆု နှစ်ကြိမ်ရရှိခဲ့သလို ဒုတိယတစ်ကြိမ်နဲ့ တတိယနှစ်ကြိမ်ရရှိထားတဲ့အသင်းဖြစ်ပါတယ်။ ဒါပေမဲ့ ၁၉၅၀၊ ၁၉၇၀၊ ၁၉၇၄၊ ၁၉၉၀ နဲ့ ၁၉၉၄ ခုနှစ်တွေမှာတော့ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းမရှိပါဘူး။ သူတို့အသင်းဟာ လက်ရှိကမ္ဘာ့ဖလားချန်ပီယံဖြစ်သလို တိုက်စစ်မှူး အမ်ဘက်ပီဦးဆောင်နေတဲ့တိုက်စစ်ပိုင်းဟာ ပုံစံကောင်းရရှိနေတာကို တွေ့ရမှာပါ။ သူတို့အသင်းကိုတော့ နည်းပြဒက်ချမ့် တာဝန်ယူနေတာဖြစ်ပြီး ၂၀၁၂ ခုနှစ်ကနေ ဒီနေ့ထိ ၁၀ နှစ်ကျော်ရှိလာခဲ့ပြီဖြစ်ပါတယ်။ ပြင်သစ်အသင်းဟာ သူ့လက်ထက်မှာ လူငယ်ကစားသမားတွေနဲ့ ပုံစံကောင်းရရှိလာတာကြောင့် ပြီးခဲ့တဲ့ ကမ္ဘာ့ဖလားမှာ ချန်ပီယံဆုဆွတ်ခူးခဲ့သလို ၂၀၂၀-၂၀၂၁ နေးရှင်းလိဂ်ပြိုင်ပွဲမှာလဲ ချန်ပီယံဖြစ်ခဲ့တာကို တွေ့ရမှာပါ။

အခုပြိုင်ပွဲမှာ နည်းပြဒက်ချမ့်ရွေးချယ်ထားတဲ့ ကစားသမားတွေကတော့ ဂိုးသမားတွေအဖြစ် စပါးက လိုရစ်၊ ဝက်စ်ဟမ်းက အော်ရီအိုလာ၊ ရင်းနက်က မန်ဒန်နာ၊ ခံစစ်ပိုင်းမှာတော့ မန်ယူက ဗာရန်နီ၊ ဘိုင်ယန်မြူးနစ်က လူးကပ်ဟာနန်ဒက်စ်၊ ပါဗက်၊ အုပါမီကာနို၊ မိုနာကိုက ဒီဆာစီ၊ ဘာစီလိုနာက ခွန်ဒီ၊ အေစီမီလန်က သီအိုဟာနန်ဒက်စ်၊ လီဗာပူးက ကိုနာတီ၊ အာဆင်နယ်က ဆာလီဘာ၊ ကွင်းလယ်ပိုင်းမှာတော့ မာဆေးက ဗာရီတောက်နဲ့ ဂန်ဒိုဇီ၊ ရီးရဲလ်မက်ဒရစ်က ကာဗာဘင်ဂါနဲ့ ချူအာမန်နီ၊ မိုနာကိုက ယူးဆက်ဖိုဖန်နာ၊ တိုက်စစ်ပိုင်းမှာတော့ ရီးရဲလ်မက်ဒရစ်က ဘင်ဇီးမား၊ အေစီမီလန်က ဂီရောဒ်၊ အေတီကိုက ဂရစ်ဇ်မန်း၊ ဘိုင်ယန်မြူးနစ်က ကိုးမန်း၊ ဂလာဘတ်က မားတပ်သူရမ်၊ ဘာစီလိုနာက ဒမ်ဘီလီ၊ ပီအက်စ်ဂျီက အမ်ဘက်ပီတို့နဲ့ စုဖွဲ့ထားတာဖြစ်ပါတယ်။

အခုပြိုင်ပွဲမှာတော့ ပြင်သစ်အသင်းဟာ အုပ်စု (D) မှာ ဩစတြေးလျ၊ ဒိန်းမတ်၊ တူနီးရှားတို့နဲ့ တွေ့ဆုံနေတာဖြစ်ပါတယ်။ အုပ်စုအဖွင့်ပွဲစဉ်ကိုတော့ နိုဝင်ဘာ ၂၃ ရက်မှာ ဩစတြေးလျနဲ့ ကစားသွားရမှာဖြစ်ပြီး နိုဝင်ဘာ ၂၆ ရက်မှာတော့ ဒိန်းမတ်နဲ့ ဒုတိယပွဲစဉ် ကစားရမှာပါ။ အုပ်စုနောက်ဆုံးပွဲစဉ်ကိုတော့ နိုဝင်ဘာ ၃၀ ရက်မှာကစားရမှာဖြစ်ပြီး အုပ်စုအတွင်းအသင်းတွေရဲ့ ကစားသမားစုဖွဲ့မှုမှာတော့ ပြင်သစ်အသင်းက သာလွန်နေတာကြောင့် နောက်တစ်ဆင့်တက်ရောက်ဖို့ သေချာနေပြီး ချန်ပီယံဆုရရှိဖို့ ဦးစားပေး (၃) အဖြစ် ရွေးချယ်ခံထားရတာဖြစ်ကြောင်း လေ့လာရေးသားလိုက်ရပါတယ်။

# ယခုနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၄ ရက်ထိ လယ်ယာထွက်ကုန်၊ တိရစ္ဆာန်ထွက်ကုန်၊ သစ်တောနှင့် စက်မှုကုန်ချောပစ္စည်းများတင်ပို့မှုမှ ကန်ဒေါ်လာ ၈၉၆၅ ဒသမ ၁၅၆ သန်းရရှိခဲ့



**နေပြည်တော် နိုဝင်ဘာ ၁၇**

ယခုနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၄ ရက်ထိ ပြည်ပသို့ လယ်ယာထွက်ကုန်၊ တိရစ္ဆာန်ထွက်ကုန်၊ သစ်တောထွက်ပစ္စည်းနှင့် စက်မှုကုန်ချောပစ္စည်းများ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈၉၆၅ ဒသမ ၁၅၆ သန်းရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

ယခုနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၄ ရက်ထိ မြန်မာ့ပို့ကုန်ကဏ္ဍမှ လယ်ယာထွက်ကုန်၊ တိရစ္ဆာန်ထွက်ကုန်၊ ရေထွက်ပို့ကုန်၊ သတ္တုတွင်းထွက်၊ သစ်တောထွက်၊ စက်မှုကုန်ချောနှင့် အခြားပို့ကုန်ပစ္စည်းအုပ်စုဟူ၍ ပို့ကုန်ပစ္စည်းအုပ်စု ခုနစ်ခု တင်ပို့ရောင်းချပေးခဲ့ကြောင်း၊ အဆိုပါကာလအတွင်း ပို့ကုန်အုပ်စု ခုနစ်ခုအနက် လယ်ယာထွက်ကုန်၊ တိရစ္ဆာန်ထွက်ကုန်၊ သစ်တောထွက်ပစ္စည်းနှင့် စက်မှုကုန်ချောပစ္စည်းများ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈၉၆၅ ဒသမ ၁၅၆ သန်း ရရှိခဲ့ကြောင်း သိရသည်။

ထိုသို့တင်ပို့ရောင်းချပေးခဲ့ရာတွင် ယခုနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၄ ရက်ထိ ခုနစ်လကျော်ကာလအတွင်း ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်းများ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၀၂၇ ဒသမ ၃၅၈ သန်းဖိုးရရှိခဲ့ပြီး တိရစ္ဆာန်ထွက်ကုန်ပစ္စည်းများ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၇၀၉ သန်းဖိုး၊ သစ်တောထွက်ပစ္စည်းများ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈၈ ဒသမ ၃၈၃ သန်းဖိုးနှင့် စက်မှုကုန်ချောပစ္စည်းများ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆၈၃၁ ဒသမ ၇၀၆ သန်းဖိုးရရှိခဲ့ကြောင်း သိရသည်။

၂၀၂၁ ခုနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၄ ရက်ထိ ပြည်ပသို့ လယ်ယာထွက်ကုန် ပစ္စည်းများ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၉၉၅ ဒသမ ၀၅၅ သန်းဖိုး၊ တိရစ္ဆာန်ထွက်ကုန်ပစ္စည်းများ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၆၁ သန်းဖိုး၊ သစ်တောထွက်ပစ္စည်းများ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇၆ ဒသမ ၈၁၂ သန်းဖိုးနှင့် စက်မှုကုန်ချောပစ္စည်းများ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၀၀၁ ဒသမ ၃၄၄ သန်းဖိုး ရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

SKL

# လှိုင်းဘွဲ့မြို့နယ်၌ အိမ်တွင်း လျှပ်စစ်သွယ်တန်းနည်း သင်တန်းဆင်း

**လှိုင်းဘွဲ့ နိုဝင်ဘာ ၁၇**

ကရင်ပြည်နယ် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လှိုင်းဘွဲ့မြို့နယ်၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရန်နှင့် မိသားစုဝင်ငွေများ တိုးပွားစေရန် ရည်ရွယ်၍ ဖွင့်လှစ်ပေးသည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အိမ်တွင်းလျှပ်စစ်သွယ်တန်းနည်း သင်တန်းဆင်းပွဲကို ယနေ့နံနက် ၁၀ နာရီက လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်အေးမြနန္ဒာထွန်းက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းများသည် ကျေးလက်ဒေသများတွင် ကျွမ်းကျင်လုပ်သားရှားပါးမှုကို အထောက်အကူပြု ဖြည်းဆည်းနိုင်စေရန် ရည်ရွယ်၍ သင်ကြား ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ သင်တန်းတွင်သင်ကြားခဲ့သော အတတ်ပညာများကို လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိ ဆက်လက်အသုံးချသွားရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်နှင့် တာဝန်ရှိသူများက သင်တန်းအောင်မြင်စွာ တက်ရောက်ခဲ့ကြသော သင်တန်းသားများကို သင်တန်းဆင်း လက်မှတ်များ ပေးအပ်ခဲ့ကြသည်။

အိမ်တွင်း လျှပ်စစ်သွယ်တန်းနည်းသင်တန်းသို့ လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ဝဲခုတ္တော၊ ပတ်ကျော၊ မဲလောင်းကြီး၊ ကမော့ကချူး၊ ဖာပွန်ကျေးရွာတို့မှ သင်တန်းသား ၁၀ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းတွင် အိမ်တွင်းလျှပ်စစ်သွယ်တန်း နည်းပညာများကို ကျွမ်းကျင်နည်းပြများက စာတွေ့၊ လက်တွေ့ဖြင့် နိုဝင်ဘာ ၃ ရက်မှ နိုဝင်ဘာ ၁၆ ရက်ထိ ၁၄ ရက်ကြာ အခမဲ့ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုး**

## ပလင်းတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့






အရည်အသွေးမြင့်မားသော တာယာ မှာ




ပင်ရင်းအရောင်းဌာန -ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw
ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

# မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)



အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်
ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊
အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . . . .
CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊
ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၉၆၉၁၂၃၁၆၃၉

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

**ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ**
**ကျန်စစ်သားမင်းကြီး၏သားတော် ရာဇကုမာရ် မင်းသား၏ ကောင်းမှုတော်**
**မြစေတီဘုရားကြီး၏ ရွှေမိုက်နှင့် ရွှေသက်န်းကပ်လှူခြင်းလုပ်ငန်းအတွက်**
**ချိတ်ပိတ်တင်ဒါခေါ်ယူခြင်းကြော်ငြာ**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ မြင်းကပါကျေးရွာရှိ မြစေတီမြတ်စွာဘုရားကြီး၏ အောက်ဖောင်းရစ်(၇)ဖောင်းနှင့် ဘုရားကြီး၏ သပိတ်မှောက်ခါးဖောင်း(၃)ဖောင်း၊ ခေါင်းလောင်းတော်အောက်ပိုင်းအထိ ရွှေမိုက်ထုတ်လုပ်ငန်းနှင့် ရွှေသက်န်းကပ်လှူခြင်းလုပ်ငန်းများကို ချိတ်ပိတ်တင်ဒါစနစ်ဖြင့် ပြုလုပ်သွားမည်ဖြစ်ပါသည်။

ရွှေချလုပ်ငန်းအတွက် ချိတ်ပိတ်တင်ဒါ တင်သွင်းလိုသူများသည် ၉'×၉' ကြေးပြားတစ်ချပ်ကို နမူနာရွှေချ၍ တင်သွင်းလိုသည့်ဈေးနှုန်းနှင့်အတူ တင်သွင်းကြပါရန်။

လျှောက်ထားလိုသူများသည် လျှောက်လွှာများကို ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၁)ရက် (၁၈-၁၁-၂၀၂၂)နေ့မှစတင်၍ ၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော်(၂)ရက် (၉-၁၂-၂၀၂၂) ရက်အထိ ရုံးချိန်အတွင်း နောက်ဆုံးထားလျှောက်ထားကြရန်နှင့် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၉)ရက်၊ နံနက် (၉း၀၀)နာရီတွင် လျှောက်လွှာများ ပိတ်သိမ်း၍ (၁၁း၀၀) နာရီအချိန်တွင် တင်ဒါဖွင့်ဖောက် ကြော်ငြာမည်ဖြစ်ပါသည်။ လျှောက်လွှာများကို ဂေါပကရုံးသို့ ကိုယ်တိုင်လာရောက်ဝယ်ယူရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မြစေတီဘုရားဂေါပကအဖွဲ့.**
**ဖုန်း– 061-2465217 , 09-750719797**

**“မောင်နှမအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်ကြောင်း ကြေညာခြင်း”**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၆၂×၁၂၅လမ်း၊ SSJ သံဆိုင်နေ **မစန်းစန်းဝင်း အသက်–၅၅ နှစ်** (ဘ) ဦးထွန်းတင် (၉/မနတ(နိုင်)၀၇၅၇၀၀) သည် ကျွန်ုပ်တို့မောင်နှမအရင်းအခြာများ၏ အတန်တန် တားမြစ်နေသည့်ကြားမှ **ခွင့်မပြု၊ ခွင့်မလွှတ်နိုင်သော လူမှုရေးကိစ္စများ** ကို ၎င်း၏သဘောအတိုင်း ပြုမူဆောင်ရွက်နေခြင်းကြောင့် ၎င်းအား (၁၈-၁၁-၂၀၂၂)ရက်မှစ၍ မောင်နှမအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော လူမှုရေး၊ ငွေရေးကြေးရေးကိစ္စအဝဝတို့အား တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်းနှင့် ကျွန်တော်၊ ကျွန်မတို့ မောင်နှမများနှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် အတိအလင်း ကြေညာအပ်ပါသည်။

**(လွှတ်လပ်စွာ စုံစမ်းမေးမြန်းနိုင်ပါသည်)**

ဦးမောင်မောင်(ဘ)ဦးထွန်းတင်၊ ၀၉-၇၁၀၀၉၄၅၈
(၉/မနတ(နိုင်)၀၇၅၆၉၈)

ဒေါ်ချိုတူး (ဘ) ဦးထွန်းတင်၊ ၀၉-၄၀၂၆၆၆၅၃၉
(၉/မနတ(နိုင်)၀၇၅၆၉၉)

ဒေါ်ခိုင်ခိုင်ထွန်း(ဘ)ဦးထွန်းတင်၊ ၀၉-၂၅၇၃၂၇၇၈၉၊
(၉/မနတ(နိုင်)၀၇၅၆၉၇)

ဒေါ်မိုးမိုးဝင်း(ဘ)ဦးထွန်းတင်၊ ၀၉-၄၀၂၅၅၁၅၇၁
(၉/မနတ(နိုင်)၀၀၅၂၉၂)

**ကြေညာသူမောင်နှမများ**

**ပျောက်ဆုံးကြောင်း**

လပွတ္တာမြို့နေ ဇေလင်းကျော် (ဘ) ဦးတင်ဦး (၁၄/လပတ(နိုင်)၂၂၆၀၈၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၄၄၁၆ ၂၉၉၃၀

**ပျောက်ဆုံးကြောင်း**

မော်လမြိုင်ကျွန်းမြို့နယ်နေ စိုးကျော် (ဘ) ဦးအုန်းသန်း (၁၄/မမက(နိုင်) ၁၀၂၄၀၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၆၆၄၆၇၁၈၇၅

**ပျောက်ဆုံးကြောင်း**

ပန်းတနော်မြို့နယ်နေ မအေးအေး (ဘ) ဦးသန်းစိုး (၁၄/ပတန(နိုင်)၂၉၀၁၂၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၄၄၁၅၄၉၅၈၉

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက်ရပ်ကွက်နေ (အဘ) ဦးရှောင် ၏သမီး ဒေါ်စိန်အုပ် နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၉/မနတ(နိုင်)၀၇၆၇၄၆)နှင့် ဒေါ်စိန်ဥ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်စိန်အုပ် (ခ) ဒေါ်စိန်ဥ**

ကိုဗစ် – ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝ ဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

❖ မိမိတို့နိုင်ငံရှိ စီးပွားရေးလုပ်ငန်းများတွင် ဘက်ပေါင်းစုံမှ အထောက်အကူပြုသည့်လုပ်ငန်းမှာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းပင်ဖြစ်...

❖ ပြည်တွင်းပြည်ပခရီးသွားလာမှုများကြောင့် ဒေသတွင်းရောင်းဝယ်ဖောက်ကားမှုများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများလည်ပတ်နိုင်ခြင်းကြောင့် လည်ပတ်သုံးစွဲငွေများ တိုးမြင့်လာမည်ဖြစ်...

❖ ပြည်ပခရီးသွားများ ဝင်ရောက်ခြင်းကြောင့် နိုင်ငံခြားဝင်ငွေများ ပိုမိုရရှိလာနိုင်မည်ဖြစ်...

❖ ထို့ကြောင့် ကမ္ဘာလှည့်ခရီးသွားများဝင်ရောက်မှုရှိစေရေး နိုင်ငံတော်အနေဖြင့် စီမံဆောင်ရွက်လျက်ရှိ...

❖ ပြည်တွင်းပြည်ပခရီးသွားလာမှုများ မြှင့်တင်ဆောင်ရွက်နိုင်မည်ဆိုပါက စီးပွားရေးအရ များစွာတိုးတက်ပြောင်းလဲလာမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဇော်တင်ဘာ ၂၇ ရက်တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၈/၂၀၂၂)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

# မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (ပြင်ဦးလွင်) စတုတ္ထနေ့နှင့် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပ




**နေပြည်တော် နိုဝင်ဘာ ၁၇**

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီးရိုက်အားကစားသမားများပေါ်ထွက်လာစေရေးအတွက် မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က စီစဉ်၍ **Mytel Operator**၊ မြဝတီဘဏ်လီမိတက်နှင့် အင်းဝဘဏ်လီမိတက်တို့မှ အဓိကကူညီပံ့ပိုးသည့် ၂၀၂၂ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ (ပြင်ဦးလွင်ပွဲစဉ်) စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ **စာမျက်နှာ ၁၇ ကော်လံ ၁ ☆**

**အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ ပညာရှင်အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသော သိန်းနိုင်စိုး၊ (Han Goft Academy)ကို ဆုဖလားနှင့် ဆုကြေးငွေချက်လက်မှတ်ပေးအပ်ချီးမြှင့်စဉ်။**

# တပ်မတော်( ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ တတိယနေ့ ဆက်လက်ကျင်းပ

စာမျက်နှာ - ၂၀

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ၏ (၂၁)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် နိုဝင်ဘာ ၁၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၂၁)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို နိုဝင်ဘာ ၁၈ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ယင်းသတင်းစာရှင်းလင်းပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV HD)၊ MRTV News၊ MWD၊ MWD Variety၊ MITV၊ MOI Website၊ MOI Youtube၊ MRTV Website နှင့် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ မန္တလေး FM၊ ပဒ္မဝတီ FM၊ ရွှေ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ချယ်ရီ FM နှင့် Star FMတို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၄၅၅ ဦးကို ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပေး

**မန္တလေး နိုဝင်ဘာ ၁၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ယနေ့ကျရောက်သည့် အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုသောအားဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားသောအားဖြင့်လည်းကောင်း နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် အကျဉ်းကျခံနေကျရသော အကျဉ်းသား၊အကျဉ်းသူ ၅၇၇၄ ဦးတို့ကို ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုခဲ့ရာ မန္တလေးမြို့ရှိ မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၄၅၅ ဦး လွတ်ငြိမ်းခွင့်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါမန္တလေးဗဟိုအကျဉ်းထောင်မှ လွတ်ငြိမ်းခွင့်ရရှိသူများကို **စာမျက်နှာ ၁၉ ကော်လံ ၁ ❖**



OKKAN SUGAR MILL

ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး

FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la



Phone; 09973037364(Office), 09971922346(Mill)

မြန်မာပြည်တွင်ထုတ်လုပ်သည်

သကြားဖြူ White Sugar

# ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် ၂၁၁ / ၂၀၂၂**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်

( ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည် -

**ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့များ**

**မဟာသရေစည်သူဘွဲ့**

| | | |
|---|---|---|
| ၁။ | ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း | ကာကွယ်ရေးဦးစီးချုပ်(ကြည်း)<br>ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် |

**စည်သူဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် | |
| ၂။ | မန်းငြိမ်းမောင် | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် | |
| ၃။ | ဦးသိန်းညွန့် | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် | |
| ၄။ | ဦးခင်မောင်ဆွေ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် | |
| ၅။ | ဒေါ်အေးနုစိန် | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် | |
| ၆။ | Jeng Phang နော်တောင် | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် | |
| ၇။ | ဦးမောင်းဟာ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် | |
| ၈။ | ဦးစိုင်းလုံးဆိုင် | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် | |
| ၉။ | စောဒန်နီယယ် | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် | |
| ၁၀။ | ဒေါက်တာဗညားအောင်မိုး | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် | |
| ၁၁။ | ဦးရွှေကြိမ်း | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် | |
| ၁၂။ | ဒုတိယဗိုလ်ချုပ်ကြီး<br>အောင်လင်းဒွေး | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး | |
| ၁၃။ | ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး | |
| ၁၄။ | ကြည်း ၁၈၁၃၈ | ဗိုလ်ချုပ်ကြီးမောင်မောင်အေး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၅။ | ရေ ၁၃၇၄ | ဗိုလ်ချုပ်ကြီးမိုးအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၆။ | လေ ၁၉၈၂ | ဗိုလ်ချုပ်ကြီးထွန်းအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၇။ | ကြည်း ၁၈၁၃၁ | ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် | နယ်စပ်ရေးရာဝန်ကြီးဌာန |
| ၁၈။ | ကြည်း ၁၆၅၁၇ | ဗိုလ်ချုပ်မောင်မောင်အုန်း(ငြိမ်း) | ပြန်ကြားရေးဝန်ကြီးဌာန |
| ၁၉။ | ကြည်း ၁၈၉၅၉ | ဒုတိယဗိုလ်ချုပ်ကြီး<br>မြတ်ကျော်(ငြိမ်း) | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၀။ | ကြည်း ၁၇၄၄၆ | ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း(ငြိမ်း) | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၁။ | ကြည်း ၁၇၆၀၆ | ဒုတိယဗိုလ်ချုပ်ကြီး<br>တင်မောင်ဝင်း(ငြိမ်း) | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၂။ | ကြည်း ၂၀၂၇၈ | ဒုတိယဗိုလ်ချုပ်ကြီးတေဇကျော် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၃။ | ကြည်း ၂၀၃၂၄ | ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၄။ | ကြည်း ၂၂၃၈၃ | ဒုတိယဗိုလ်ချုပ်ကြီးခင်လှိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၅။ | ကြည်း ၂၀၇၃၅ | ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၆။ | ကြည်း ၁၇၄၃၂ | ဒုတိယဗိုလ်ချုပ်ကြီးသန်းထွန်းဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၇။ | ကြည်း ၂၅၀၇၄ | ဒုတိယဗိုလ်ချုပ်ကြီးကျော်စွာလင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၈။ | ကြည်း ၂၀၁၇၅ | ဒုတိယဗိုလ်ချုပ်ကြီးအောင်ဇော်အေး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၉။ | ကြည်း ၁၉၆၆၂ | ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၀။ | ကြည်း ၂၂၅၇၂ | ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၁။ | ကြည်း ၁၈၂၇၆ | ဒုတိယဗိုလ်ချုပ်ကြီးကံမြင့်သန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၂။ | ကြည်း ၁၈၂၇၂ | ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၃။ | ကြည်း ၁၈၂၈၀ | ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၄။ | ကြည်း ၁၈၂၉၆ | ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရှိန် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၅။ | ကြည်း ၁၈၈၂၀ | ဒုတိယဗိုလ်ချုပ်ကြီးလူအေး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၆။ | ကြည်း ၁၈၉၈၅ | ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၇။ | ကြည်း ၁၈၈၈၆ | ဒုတိယဗိုလ်ချုပ်ကြီးအောင်စိုး(ငြိမ်း) | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၈။ | ကြည်း ၂၀၂၂၀ | ဒုတိယဗိုလ်ချုပ်ကြီး<br>မျိုးဇော်သိန်း(ငြိမ်း) | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၉။ | ဦးဝန်(မင်းသုဝဏ်) | | စာရေးဆရာ |
| ၄၀။ | ဆရာဇော်ဂျီ(ဇော်ဂျီ) | | စာရေးဆရာ |
| ၄၁။ | ဦးအုန်းကြိုင်(ဟံသာဝတီဦးအုန်းကြိုင်) | | သတင်းစာဆရာ |

**စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ**

**သီရိပျံချီဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဦးတီခွန်မြတ် | ဥက္ကဋ္ဌ | ပြည်သူ့လွှတ်တော် |
| ၂။ | ဦးကိုကိုလှိုင် | ပြည်ထောင်စုဝန်ကြီး | အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန |
| ၃။ | ဦးကိုကို | ပြည်ထောင်စုဝန်ကြီး | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန |
| ၄။ | ဦးတင်ထွဋ်ဦး | ပြည်ထောင်စုဝန်ကြီး(ငြိမ်း) | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| ၅။ | ဦးလှမိုး | ပြည်ထောင်စုဝန်ကြီး | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| ၆။ | ဦးသောင်းဟန် | ပြည်ထောင်စုဝန်ကြီး | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၇။ | ဦးမျိုးမြင့်ဦး | ပြည်ထောင်စုဝန်ကြီး | စွမ်းအင်ဝန်ကြီးဌာန |
| ၈။ | ဒေါက်တာချာလီသန်း | ပြည်ထောင်စုဝန်ကြီး | စက်မှုဝန်ကြီးဌာန |
| ၉။ | ဒေါက်တာပွင့်ဆန်း | ပြည်ထောင်စုဝန်ကြီး | အလုပ်သမားဝန်ကြီးဌာန |
| ၁၀။ | ဦးမင်းသိန်းဇံ | ပြည်ထောင်စုဝန်ကြီး | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၁၁။ | ဒေါက်တာသက်သက်ခိုင် | ပြည်ထောင်စုဝန်ကြီး | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၁၂။ | ဦးစောထွန်းအောင်မြင့် | ပြည်ထောင်စုဝန်ကြီး | တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန |
| ၁၃။ | ဦးတင်ဦး | ပြည်ထောင်စုစာရင်းစစ်ချုပ် | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၁၄။ | ဒေါက်တာမောင်မောင်နိုင် | ဥက္ကဋ္ဌ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ |
| ၁၅။ | ဦးတင်ဦးလွင် | ဥက္ကဋ္ဌ | နေပြည်တော်ကောင်စီ |
| ၁၆။ | ဦးခက်ထိန်နန် | ဝန်ကြီးချုပ် | ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| ၁၇။ | ဦးဇော်မျိုးတင် | ဝန်ကြီးချုပ် | ကယားပြည်နယ်အစိုးရအဖွဲ့ |
| ၁၈။ | ဦးစောမြင့်ဦး | ဝန်ကြီးချုပ် | ကရင်ပြည်နယ်အစိုးရအဖွဲ့ |
| ၁၉။ | ဒေါက်တာဝုန်ဆွန်းထန် | ဝန်ကြီးချုပ် | ချင်းပြည်နယ်အစိုးရအဖွဲ့ |
| ၂၀။ | ဦးမျိုးဆွေဝင်း | ဝန်ကြီးချုပ် | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၂၁။ | ဦးတင့်လွင် | ဝန်ကြီးချုပ် | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၂၂။ | ဦးမောင်ကို | ဝန်ကြီးချုပ် | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၂၃။ | ဦးဇော်လင်းထွန်း | ဝန်ကြီးချုပ် | မွန်ပြည်နယ်အစိုးရအဖွဲ့ |
| ၂၄။ | ဒေါက်တာအောင်ကျော်မင်း | ဝန်ကြီးချုပ် | ရခိုင်ပြည်နယ်အစိုးရအဖွဲ့ |
| ၂၅။ | ဒေါက်တာကျော်ထွန်း | ဝန်ကြီးချုပ် | ရှမ်းပြည်နယ်အစိုးရအဖွဲ့ |
| ၂၆။ | ဒေါ်သန်းသန်းဆွေ | ဥက္ကဋ္ဌ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| ၂၇။ | ဦးသန်းဆွေ | ဥက္ကဋ္ဌ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် |
